နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ခေတ်ပေါ် အင်္ဂလိပ်စာ လေ့လာနည်း

၂၀၀၃/၂၀၀၄ ခုနှစ်လောက်တွင် အင်္ဂလိပ်စာ လေ့လာစဉ်က အဘိဓာန် စာအုပ်မျိုးစုံကို ဗုံလိုစီကာ စာဖတ်ခဲ့ရသည်။ မိမိ မသိသော စကားလုံးများကို အချိန်ယူကာ အဘိဓာန်မှာ ရှာဖွေရသည်။ အီလက်ထရောနစ် အဘိဓာန် ပေါ်ခဲ့သော်လည်း လူတိုင်း လက်လှမ်းမီသည့် ဈေးနှုန်းမဟုတ်။ စာဖတ် စွမ်းရည် အတွက် ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရသည်။

မြန်မာ စာသင်သားတွေအတွက် အခက်ဆုံး စွမ်းရည် တစ်ခုကျန်သေးသည်။ နားကြားစွမ်းရည် ဖြစ်သည်။ CD, DVD, ကက်ဆက်ခွေ တိတ်ခွေခေတ်မှာ အင်္ဂလိပ်စာ နားကြားစွမ်းရည် အတွက် ကုန်ကျစရိတ် များလွန်းသည်။ ကက်ဆက်ခွေ တစ်ခွေတွင် တစ်နာရီစာ စကားပြောသံလေးများသာ ထည့်သွင်းနိုင်သည်။ ယခုခေတ်နှင့် ကွာချင်တိုင်း ကွာခဲ့သည်။

တွန်ဆောယား, ဟပ်ကယ်ဖင်း, ရော်ဘင်ဆင် ကရူးဆိုး, ဆင်းဘတ်, ဂါလီဗာ, ရော်ဘင်ဟုဒ်, ဟယ်လင်ကဲလား, ဂန္ဒီ, တာဇံ, ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်, ဇင်းဒါး အကျဉ်းသား စသည့် အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည် စာအုပ်များကိုသာ အငမ်းမရ ဖတ်ခဲ့ရသည်။ လစဉ် ဖတ်ရှုနိုင်သည့် The Light, The Best, Top ဟူသော အင်္ဂလိပ်စာ လေ့လာသူများ အတွက် ထုတ်ဝေသည့် မဂ္ဂဇင်းများ ရှိခဲ့သည်။

ယခုခေတ်တွင်မူ အခမဲ့ ဒေါင်းလို့ ရသည့် အင်္ဂလိပ်စာအုပ်များ ပေါလွန်းလှသည်။ ဂန္ထဝင် ဝတ္ထုများ ဖြစ်ကြသည့် Cinderella, Alice in Wonderland, Pollyanna, Great Expectation, Gone with the Wind တို့လို စာအုပ်များကိုပင် အခမဲ့ ဖတ်နိုင်သည်။ အခြားသော လူမှုရေး, ဘာသာရေး, ပညာရေး, ကျန်းမာရေး, စာအုပ်မျိုးစုံ ရနိုင်သည်။ ဖတ်ချင်စိတ် ရှိရန်နှင့် အချိန်ပေးနိုင်ရန်သာ လိုတော့သည်။

အဘိဓာန်များမှာလည်း မျိုးစုံရနိုင်သည်။ အင်္ဂလိပ်-မြန်မာ, English to English အစုံရှိသည်။ ဖုန်းထဲတွင် ထားကာ လိုအပ်သည့်အချိန် သိချင်သည့် စကားလုံးကို ရှာဖွေနိုင်သည်။ ယခင်က ဒေါ်လာနှင့် ဝယ်မှ ရနိုင်သည့် အဘိဓာန် အရည်အသွေးမျိုးကို အခမဲ့ ပေးထားသည်။ ပေါလိုက်သည့် Application တွေ။

Reader Application များ၏ အထောက်အပံ့ကလည်း အားကောင်းသည်။ PDF, EPUB, MOBI ဖိုင်များကို ဖတ်ပေးနိုင်ကြသည့် TTS Reader, EPUB Reader, Kreader တို့တွင် မိမိသိချင်သည့် စကားလုံးကို Select ပေးကာ ကြည့်ချင်သည့် အဘိဓာန်သို့ တိုက်ရိုက်ဝင်နိုင်သည်အထိ အားကောင်းသည်။ အသံမထွက်တတ်လျှင် အသံထွက်ပေးသည်။ စာပိုဒ်တစ်ပိုဒ်, စာကြောင်း တစ်ကြောင်း, စကားလုံး တစ်လုံးက အစ အသံထွက် ဖတ်ခိုင်း၍ ရသည်။

မိမိမှာ အရည်အချင်း တစ်ခု ရှိထားရန်သာ လိုအပ်ပါသည်။ ထိုအရည်အချင်းမှာ အင်္ဂလိပ်သဒ္ဒါကို နားလည်နိုင်ခြင်း ဖြစ်သည်။ သဒ္ဒါတတ်လျှင် ဘာသာပြန် တတ်သည်။ မသိသော စကားလုံးကို နည်းပညာဖြင့် စက္ကန့်ပိုင်းအတွင်း ရှာနိုင်သည်။ နားကြားစွမ်းရည်အတွက် နားထောင်လိုသော စာပိုဒ်ကို အသံထွက်ကာ ဖတ်ခိုင်းရုံသာ ဖြစ်သည်။

ခေတ်သစ် အင်္ဂလိပ်စာ လေ့လာနည်းအတွက် လိုအပ်ချက် သိပ်မများလှ။ တတ်လိုစိတ် ရှိရမည်။ စာဖတ်ချင်စိတ် ရှိရမည်။ နည်းပညာအကူအညီ ယူတတ်ရမည်။ အင်္ဂလိပ်သဒ္ဒါ နားလည်ရမည်။ လက်တွေ့ စာဖတ်နေဖို့ လိုအပ်သည်။ လက်တွေ့ နားထောင်နေဖို့ လိုအပ်ပါသည်။

အောင်မြင်မှု ကိုယ်စီ ရရှိနိုင်ကြပါစေ။
အရှင်ကောဝိဒ (ဆိပ်ဖြူ)
(22.Feb.2022)

# မိတ်ဆက်စကား

## စတင်ခဲ့ခြင်း

ဤစာအုပ်ပါ အချက်အလက်များမှာ ၂၀၀၃/၂၀၀၄ ခုနှစ်တွင် မိမိ စုဆောင်းခဲ့သည့် မှတ်စုများမှ အခြေပြုပါသည်။ ဗလာစာအုပ် နှစ်အုပ်စာ စာမျက်နှာ ၁၆၀ ခန့်သာ ရှိသည့် မှတ်စု ဖြစ်ပါသည်။ သဒ္ဒါရေး အချက်အလက်များကို ဦးစားပေး မှတ်ခဲ့သည့် မှတ်စု ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် ထိုမှတ်စုကို ပြန်လည် ဖတ်ကြည့်သောအခါ အမှားပေါင်းများစွာ တွေ့ရသည်။ သို့သော် ထိုစာအုပ်မှာ နိဿဂ္ဂိလွတ်သဖြင့် သွားလေရာ ကိုယ့်နှင့်မကွာ ပါခဲ့သည်။ မိမိ တစ်လက်ကိုင် ဖြစ်၍ အမှားများကိုလည်း ပြင်မရေးဖြစ်ခဲ့။ ၂၀၁၂ ခုနှစ်တွင် အင်္ဂလိပ်စာ သင်တန်းပေးရန် အကြောင်း ပေါ်လာသောအခါမှ ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့သည်။

## တင်ပြပုံ

ဤစာအုပ်တွင် ပုံသေနည်း, ပုံသေမဟုတ်သောနည်းများကို စုံနိုင်သမျှ စုံအောင် စုစည်းထားပါသည်။ သဒ္ဒါစာအုပ် ဖြစ်သဖြင့် သဒ္ဒါရေး နည်းစနစ်များကိုသာ ဦးစားပေး တင်ပြထားပါသည်။ လူသိများသော်လည်း စာမေးပွဲအောင်ဖို့ အတွက်သာ အသုံးဝင်သည့် သဒ္ဒါနည်းစနစ်များကို ချန်ထားခဲ့ပါသည်။ အတိုကောက်မှတ်နည်း, ဆောင်ပုဒ်, ဇယားများဖြင့် စာဖတ် စာရေးရာတွင် အသုံးဝင်သည့် သဒ္ဒါနည်းများကို စုစည်းထားသည်။

## အတိုကောက်မှတ်နည်း

အချို့အတိုကောက် မှတ်နည်းများကို သဲလွန်စ ပေးထားပါသည်။ စာဖတ်သူ ကိုယ်တိုင် အဓိပ္ပါယ်ကို ဖော်ယူနိုင်လိမ့်မည်ဟု ယူဆသဖြင့် ရှင်းလင်းချက်များ ဖော်ပြမထားပါ။ အတိုကောက်မှတ်နည်း အများစုမှာ စကားလုံးများကို အာဂုံဆောင်ရာတွင် လွယ်ကူစေရန် ဖန်တီးထားခြင်း ဖြစ်ပါသည်။

## ဆောင်ပုဒ်

ဆောင်ပုဒ်များကို အချိုးကဗျာ, ရှစ်လုံးဖွဲ့, သံပေါက်, လင်္ကာ, သံဆန်း ကဗျာများဖြင့် ရေးသား တင်ပြထားပါသည်။ သဒ္ဒါနှင့် ပတ်သက်သည့် ပုံသေနည်းများကို အတတ်နိုင်ဆုံး ပေါ်လွင်အောင် ရေးသားထားပါသည်။ ဆောင်ပုဒ်များကို အာဂုံ ရခြင်း မရခြင်းထက် သဒ္ဒါရေး သဘောတရားများကို နားလည်သဘောပေါက်ဖို့ ပိုပြီး အရေးကြီးပါလိမ့်မည်။ ဆောင်ပုဒ်များကို အာဂုံရ၍ သဘောတရားကို နားလည်ပါမူ အကောင်းဆုံး ဟု ဆိုချင်ပါသည်။

## ဇယား

သင်ခန်းစာ အပြီးတွင် လေ့ကျင့်ခန်းများအတွက် စာမျက်နှာ ချွေတာသော အားဖြင့် ဇယားဆွဲထားခြင်း ဖြစ်ပါသည်။ မျဉ်းစောင်း တစ်ခုကို ဝါကျတစ်ကြောင်း ဖြစ်အောင် တည်ဆောက်နိုင်သည်။ စကားလုံးများကိုမူ ဘာသာပြန်မပေးတော့ပါ။ အချို့ဇယားများကို မြန်မာဘာသာဖြင့် ပေးထားပါသည်။ အင်္ဂလိပ် ဘာသာပြန်ဆိုကြည့်ပါ။

## အမှာစကား

ဤစာအုပ်သည် စာမေးပွဲဖြေမည့်သူများအတွက် ရေးထားသည့် စာအုပ်မျိုး မဟုတ်ပါ။ အင်္ဂလိပ်စာ တတ်ချင်သူ ဘာသာပြန်တတ်ချင်သူတို့ အတွက် ဖန်တီးထားသည့် စာအုပ်ဖြစ်ပါသည်။ သဒ္ဒါ ပရိယာယ်ကြွယ်၍ စာဖတ်လိုသော ဆန္ဒပြင်းပြလျှင် တိုးတက်မှုအတွက် လုံလောက်သော အခြေခံ ဖြစ်ပါသည်။

သဒ္ဒါတတ်လျှင် စာရေးတတ်ပါမည်။ သဒ္ဒါတတ်လျှင် စာဖတ်တတ်ပါမည်။ သဒ္ဒါတတ်လျှင် ဘာသာပြန်တတ်ပါမည်။ သဒ္ဒါတတ်လျှင် ဝါကျပရိယာယ် ကြွယ်ဝပါမည်။ သဒ္ဒါတတ်လျှင် စာဖတ်နေဖို့သာ လိုအပ်သည်ဟု သာ ...

အရှင်ကောဝိဒ (ဆိပ်ဖြူ)

22.Feb.2022

# Contents မာတိကာ

Eight Parts of Speech ........ 1
Nouns - နာမ် ........ 2
Numbers – ကိန်း ........ 2
s, es, ies, ves ဆက်နည်းများ ........ 2
ကြိယာများကို အနည်းကိန်း၊ အများကိန်းပြောင်းနည်း ........ 6
ကံမယူကြိယာများ ........ 6
Sentence Construction ........ 8
Pronouns – နာမ်စား ........ 10
1) Demonstrative Pronouns ညွှန်ပြနာမ်စား ........ 10
2) Distributive Pronouns ခွဲဝေနာမ်စား ........ 10
3) Personal Pronouns ပုဂ္ဂိုလ်ပြနာမ်စား ........ 10
4) Possessive Pronouns ပိုင်ဆိုင်ပြနာမ်စား ........ 11
5) Reflexive Pronouns တုန့်ပြန်ကံနာမ်စား ........ 12
6) Indefinite Pronouns မတိကျနာမ်စား ........ 12
Reflexive Verbs ........ 14
ငါ - သင် - သူ ........ 15
သတိထားရမည့် အသံထွက် စည်းမျဉ်း ........ 16
Articles ........ 17
The-ကို သုံးစွဲပုံ ........ 18
ဝါကျအင်္ဂါ ၉-မျိုး (သို့) ကိစ္စ ၉-မျိုး ........ 23
Verbs ........ 24
Verb to be ........ 25
Verb to have ........ 28
Verb to do ........ 32

Daily Life ........ 32

ကံယူကြိယာ၊ ကံမယူကြိယာ ခွဲနည်း ........ 33

ကံယူကြိယာများ ........ 34

The Buddha ........ 36

Auxiliary Verbs (Helping Verbs) အကူကြိယာ ........ 37

Daily Life ........ 41

အခြားကြိယာခွဲနည်း ........ 44

Action Verbs ........ 44

Biography ........ 46

Mi Mi ........ 48

Argumentative Writing ........ 49

Tenses ........ 51

Verb$_1$ မှ $V_2$, $V_3$ ပြောင်းနည်း ........ 52

$V_4$ ပြောင်းနည်း ........ 52

Present Tenses ........ 56

Simple Present Tense ........ 57

Present Continuous Tense ........ 60

Continuous tense မရသော ကြိယာများ ........ 61

Present Perfect Tense ........ 62

Present Perfect Continuous Tense ........ 63

Since သုံးရန် အညွှန်း ........ 63

Passive Voice ကံဟောဝါကျ ........ 66

အချုပ်အားဖြင့် ၇-ဝါကျ ........ 66

Mg Mg ........ 68

Past Tenses ........ 69

အနှစ်ချုပ် ၇-ဝါကျ ........ 71
Future Tenses ........ 71
shall, will အသုံးများ ........ 72
Future Perfect Continuous Tense ........ 74
အနှစ်ချုပ် ၆-ဝါကျ ........ 74
ဖြစ်နိုင်သမျှ ဝါကျတည်ဆောက်ခြင်း ........ 76
Tense အနှစ်ချုပ် ဇယား ........ 79
Anāthapiṇḍika ........ 80
Interrogative Sentences အမေးဝါကျများ ........ 81
Negative Sentences အငြင်းဝါကျများ ........ 82
စကားပြောပုံစံတွင် ........ 83
ဝါကျပြောင်းနည်းများ ........ 83
Reply questions ........ 84
Tag questions ........ 85
Wh-Questions ........ 86
လေ့ကျင့်ရန် ဝါကျများ ........ 87
How Adv နှင့် How Adj ........ 90
Ajātasattu ........ 91
Preposition ဝိဘတ် ........ 92
နေရာပြ စကားလုံးများ ........ 95
Possessive Adjectives ........ 96
The Order of Adverbs ........ 97
ဝိဘတ်အသုံး အနှစ်ချုပ် ........ 98
ပုံသေဝိဘတ်များ ........ 101
ဝိဘတ်လိုက်သော Adjective နှင့် $V_3$ များ ........ 103

Sentence Patterns ........................................................................106

Verb to Be ........................................................................ 106

Linking Verbs ........................................................................ 107

Intransitive Verbs ........................................................................ 110

Transitive Verbs ........................................................................ 113

ဝိဘတ်လိုက်သော ကံယူကြိယာများ ........................................................ 113

Delexical Verbs ........................................................................ 114

Ditransitive Verbs ........................................................................ 117

ကံအဖြည့်ပုဒ်လိုက်သော ကြိယာများ ........................................................ 119

1) to $V_1$ လိုက်သော ကြိယာများ ........................................................ 119

2) $V_1$ လိုက်သော ကြိယာများ ........................................................ 121

3) $V_4$ လိုက်သော ကြိယာများ ........................................................ 123

4) $V_3$ (Transitive $Verb_3$) လိုက်သော ကြိယာများ ..................... 124

5) Adj လိုက်သော ကြိယာများ ........................................................ 125

6) Noun လိုက်သော ကြိယာများ ........................................................ 127

7) As noun လိုက်သော ကြိယာများ ........................................................ 127

8) As adj လိုက်သော ကြိယာများ ........................................................ 128

9) Particle လိုက်သော ကြိယာများ ........................................................ 128

O.C လိုက်သော ကြိယာအနှစ်ချုပ် ........................................................ 129

Phrasal Verb အနှစ်ချုပ် ........................................................ 131

အနှစ်ချုပ် ပုံစံ ........................................................................ 133

Passive Form Phrasal Verbs ........................................................ 134

Sentence Pattern ဇယား ........................................................................135

ဝါကျတို ရေးနည်း/ ဘာသာပြန်နည်း ........................................................136

Chief Disciples ........................................................................137

ကြိယာတစ်လုံး အသုံးအထွေထွေ.....137
Essay Writing Step by Step .....138
Noun Phrases.....141
Wh-Phrase လိုက်သော ကြိယာများ.....145
To $V_1$ လိုက်သော ကြိယာများ.....146
$V_4$ လိုက်သော ကြိယာများ .....147
The Highest Blessings.....148
Noun Clauses .....150
That Clause လိုက်သော Verb များ.....154
That Clause လိုက်သော Adjective နှင့် $V_3$ များ.....155
Adjectives နာမဝိသေသန .....156
1) Descriptive Adjectives အရည်အသွေးပြ နာမဝိသေသန .....156
2) Demonstrative Adjectives ညွှန်ပြ နာမဝိသေသန .....157
3) Quantitative Adjectives ပမာဏပြ နာမဝိသေသန .....157
4) Numerical Adjectives အရေတွက်ပြ နာမဝိသေသန .....157
5) Distributive Adjectives ခွဲဝေပြ နာမဝိသေသန.....158
6) Interrogative Adjectives အမေး နာမဝိသေသန .....158
7) Possessive Adjectives ပိုင်ဆိုင်မှုပြ နာမဝိသေသန.....158
8) Proper Adjectives အမည်ပြ နာမဝိသေသန.....158
Irregular Adjectives.....159
အလတ်စားနှင့် အမြတ်စား နာမဝိသေသန ပြောင်းနည်း.....159
နာမဝိသေသန ဝါကျတည်ဆောက်ပုံ .....162
အဓိပ္ပါယ်တူသုံးဝါကျ .....164
Determiner .....166
Determiner နှင့် ဆက်စပ်သော နာမဝိသေသနများ.....166

Compound Adjectives.......168
Position of Adjectives.......171
Adjective Phrases.......172
1) To $V_1$ ဖြင့် အစချီခြင်း.......172
To $V_1$ လိုက်သော စကားလုံးများ.......172
2) $V_3$ ဖြင့်အစချီခြင်း.......173
3) $V_4$ ဖြင့် အစချီခြင်း.......174
4) Preposition ဖြင့်အစချီခြင်း.......176
5) Adjective ဖြင့်အစချီခြင်း.......177
Noun in Apposition.......178
Adjective Clauses.......179
Non-qualifying Clauses.......181
ဝါကျရှည် ရေးနည်း/ ဘာသာပြန်နည်း.......182
Adverb ကြိယာဝိသေသန.......183
Adjective မှ Manner Adverb သို့.......183
Adjective, Adverb နှစ်မျိုးသုံးနိုင်သော စကားလုံးများ.......184
er, est ဆက်နည်း.......184
နာမဝိသေသနရှေ့တွင်နေလေ့ရှိသော Adverb များ.......185
Ordinary Adverbs.......186
Noun Group.......187
Particles နိပါတ်.......188
Adverb phrases.......191
Conjunction ဖြင့်အစချီခြင်း.......191
$V_4$ လိုက်သော Conjunction များ.......191
$V_3$ လိုက်သော Conjunction များ.......192

P.Ph လိုက်သော Conjunction နှင့် Paticle လိုက်သော Conjunction များ......193
Adjective လိုက်သော Conjunction များ......194
To $V_1$ လိုက်သော Conjunction များ......195
Special Pattern Adverb Phrase......196
Participle Phrases......198
$V_3$ Adverb......198
$V_4$ Adverb......199
Absolute Phrases......199
Infinitive Phrases......200
Conjunctions စကားဆက်များ......201
Subordinating Conjunctions......201
In order that, So that, In case, For fear that နှင့် Lest အသုံး....205
Real and unreal conditions......206
ရှေ့/နောက် Conjunction များ......208
Comparison Conjunctions......209
ရှေ့နောက် နှစ်မျိုးနေနိုင်သော စကားဆက်များ......210
Coordinating Conjunctions......211
ကြိယာဝိသေသန အနှစ်ချုပ် ဇယား......214
အသုံးများသော Adverb များ......214
Reported Speech......217
အချိန်၊ နေရာနှင့် အခြားပြောင်းလဲမှုများ......220
That Clause အစား to $V_1$ ကို အသုံးပြုနိုင်သော ကြိယာများ......222
Say နှင့်အလားတူ သုံးနိုင်သော ကြိယာများ......224
Inversion Type......225

It & There ဝါကျပုံစံများ....227
Punctuations....230
ဝါကျပုံစံဆန်းများ....241
Eight Types of Sentences - ဝါကျ ၈ မျိုး....243
ဘာသာပြန်နည်း....244
 အုပ်စုဖွဲ့ခြင်း....245
 ဆက်လက်ဘာသာပြန်ကြည့်ရန် စာပိုဒ်များ....252
နာမ်နှင့် စပ်သော သိမှတ်စရာများ....258
 Compound Nouns ပေါင်းစပ်နာမ် ပြုလုပ်နည်းများ....258
 Singular & Plural....258
 အနည်းကိန်း အများကိန်း တူသောနာမ်များ....259
 အများကိန်းသာ ရှိသောနာမ်များ....259
 အများကိန်း အဖြစ်သာ အသုံးပြုသော နာမ်များ....259
 အများကိန်း သဏ္ဍာန်ဖြင့် အနည်းကိန်းသာဖြစ်နေသော နာမ်များ....260
အထီးနာမ် အမနာမ်များ....260
 ပေါင်းစုနာမ်များ....262
တိရစ္ဆာန်တို့၏ မြည်သံအော်သံများ....263
Phonetic....264
အခြားသိမှတ်စရာများ....269
Prefix & Suffix....275
Irregular Verb ပုံမမှန်ကြိယာ....280
နိဂုံးစကား....287

## Eight Parts of Speech

(1) **Noun** – နာမ် (n)

သက်ရှိ, သက်မဲ့, ဒြပ်ရှိ, ဒြပ်မဲ့, အမည် 'ခြင်း, တာ, မှု, သူ' ဟု အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(2) **Pronoun** – နာမ်စား (pron)

မင်း, ငါ, သူ, တစ်ချို့, ထို, ဤ, ကိုယ်တိုင်, တစ်စုံတစ်ခု, တစ်စုံတစ်ယောက် စသည့် စကားလုံးများ။

(3) **Adjective** – နာမဝိသေသန (adj)

'သော, တဲ့, သည့်, မည့်, ၏, က, ဖို့' စသည်ဖြင့် အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(4) **Verb** – ကြိယာ (v)

'ပါ, သည်, ၏, မည်, တယ်, မယ်' စသည်ဖြင့် အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(5) **Adverb** – ကြိယာဝိသေသန (adv)

'စွာ, ကြောင့်, ၍, လျက်, ရန်' စသည်ဖြင့် အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(6) **Preposition** – ဝိဘတ် (prep)

'မှာ, ၌, တွင်, သို့, တွင်း, ပြင်, ထိ, နှင့်, ဖြင့်' စသည်ဖြင့် အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(7) **Conjunction** – စကားဆက် (သမ္ဗန္ဓ) (conj)

'ခါ, စဉ်, သော်လည်း, ပါက, ကြောင့်, သလို' စသည်ဖြင့် အဆုံးသတ် ဘာသာပြန်ရသည့် စကားလုံးများ။

(8) **Interjection** – အာမေဍိတ် (interj)

အမယ်လေး! ဟဲ့ ပလုတ်တုတ်! မွေးမေလေ့! စသည့် စကားလုံးများ။

## Nouns - နာမ်

1) Countable Nouns - ရေတွက်ရိုးထုံးစံရှိသောနာမ်များ။

2) Uncountable Nouns - ရေတွက်ရိုး ထုံးစံ မရှိသောနာမ်များ - စိတ်ဖြစ်စဉ်၊ ကိုက်၊ ပေ၊ အလေးချိန်၊ ခွက်၊ တင်း၊ တောင်း၊ အထုံးအစည်း၊ အထုပ်၊ အလိပ် စသည်ဖြင့် ရေတွက်ရသော နာမ်များ။

## Numbers – ကိန်း

၁။ ရေတွက်၍ ရစကောင်းသော (Countable Noun) နာမ်များ ကိုသာ s, es စသည် ဆက်၍ အများကိန်း ပြောင်းနိုင်သည်။

၂။ ကြိယာဖြစ်မူကား $V_1$-မှာသာ အနည်းကိန်း၊ အများကိန်း ရှိလေသည်။ ကြိယာကို အနည်းကိန်းပြောင်းလိုလျှင် s, es ဆက်ရသည်။

*ဆောင်။ ရေတွက်ရနာမ်၊ များစေရန်၊ ဆက်ပြန် s, es*
*နည်းစေဖို့ရာ၊ $V_1$-မှာ၊ ဆက်ပါ–s, es*

## s, es, ies, ves ဆက်နည်းများ

ch, f, fe, o, s, sh, x, y ဆုံးသော နာမ်များကို အများကိန်းပြောင်းရန် အဆုံးစကားလုံးအားလျော်စွာ s, es, ies, ves တို့ ဆက်နည်းများကို ဦးစွာ ဖော်ပြလိုက်ပါသည်။ ကြွင်းသော နာမ်များကိုမူ s သာ ဆက်ရသည်ဟု မှတ်ပါ။

၁။ ch, s, sh, x ဆုံးသော နာမ်များကို အများကိန်း ပြောင်းလိုလျှင် es ဆက်ပါ။[1]

ပုံစံ။ ditch - ditches, ass - asses, bush - bushes, box - boxes,

---

[1] **z ဆုံးသော နာမ်များတွင်လည်း es သို့မဟုတ် z တစ်လုံး ထပ်တိုးကာ s ဆက်ရသည်။**

*ဆောင်။ s, x, ch နှင့်၊ sh-ဆုံးရာ၊ နာမ်တို့မှာ၊ es-သာဆက်လေ။*

၂။ ဗျည်းနှင့် O- တွဲ၍ ဆုံးသော နာမ်ပုဒ်များကို အများကိန်း ပြောင်းလိုလျှင် es-ဆက်၍ သရနှင့် O- တွဲ၍ ဆုံးသော နာမ်ပုဒ်များကို အများကိန်း ပြောင်းလိုလျှင် s-သာ ဆက်ရသည်။

ပုံစံ hero - heroes, zoo - zoos,

**မှတ်ရန်** - a, e, i, o, u တို့ကို သရဟု ခေါ်သည်။ w, y တို့ကိုမူ တစ်ဝက် သရဟု ခေါ်ကြသည်။

*ဆောင်။ ဗျည်းတွဲ O-နောက် es-ရောက်၊ သရတွဲ O-မူ s-နှင့်ကူ။*

ခြွင်းချက်။ two နှစ်ခု။ (twos)      photo ဓာတ်ပုံ။

piano စန္ဒယား။      dynamo ဒိုင်နမို။

၃။ ဗျည်းနှင့် y-တွဲ၍ဆုံးသော နာမ်ပုဒ်များကို အများကိန်း ပြောင်းလိုလျှင် y-ကို ဖျက်ကာ ies- ဆက်၍ သရနှင့် y-တွဲဆုံးသော နာမ်ပုဒ်များကို အများကိန်း ပြောင်းလိုလျှင် s-သာ ဆက်ရသည်။

ပုံစံ။ fly - flies, day - days,

*ဆောင်။ ဗျည်းတွဲ y-ဖျက်၊ ies, သရတွဲ y-မူ s-နှင့်ကူ။*

၄။ f, fe- ဆုံးသော နာမ်ပုဒ်များတွင် f, fe-ကို ဖျက်၍ ves -ဆက်လျှင် အများကိန်းဖြစ်သည်။ ကြွင်းသော နာမ်ပုဒ် များကို s-ဆက်လျှင် အများကိန်းဖြစ်လာပါသည်။

ပုံစံ။ calf - calves, life – lives

ခြွင်းချက် - safe – safes, chief, roof, proof, cliff,

*ဆောင်။ f, fe ဖျက်၊ ves, ကြွင်းသမျှ ဆက်ကြ-s, တစ်ချို့ခြွင်းချက်၊ အရကျက်။*

အောက်ပါနာမ်များကို ရေတွက်ရ/မရနာမ်ခွဲ၍ အများကိန်း ပြောင်းပါ။

| | | |
|---|---|---|
| bamboo ဝါး။ | bottle ပုလင်း။ | class စာသင်ခန်း။ |
| cuckoo ဥဩ။ | shelf စင်။ | spy သူလျှို။ |
| ant ပုရွက်ဆိတ်။ | baby ကလေး။ | bush ခြုံဖုတ်။ |
| cargo ဝန်စည်စလယ်။ | body ကိုယ်။ | bench ခုံရှည်။ |
| boy ကောင်ကလေး။ | bus ဘတ်စ်ကား။ | mango သရက်သီး။ |
| box သေတ္တာ။ | wife ဇနီး။ | branch သစ်ကိုင်း။ |
| Negro ကပ္ပလီလူမျိုး။ | ring လက်စွပ်။ | glass ဖန်ခွက်။ |
| rose နှင်းဆီပန်း။ | brush ဝက်မှင်ဘီး။ | monkey မျောက်။ |
| dish ဟင်းခွက်။ | city မြို့။ | heir အမွေခံ။ |
| country နိုင်ငံ။ | tax အခွန်။ | thief သူခိုး။ |
| day နေ့ | wolf ဝံပုလွေ။ | army စစ်တပ်။ |
| wool သိုးမွေး။ | ditch တူးမြောင်း။ | buffalo ကျွဲ။ |
| umbrella ထီး။ | puff တို့ဖတ်။ | donkey မြည်း |
| gulf ပင်လယ်ကွေ့။ | embryo သန္ဓေလောင်း။ | studio စတူဒီယို။ |
| lady ဂုဏ်ရှိအမျိုးသမီး။ | flour ဂျုံမှုန့်။ | fox မြေခွေး။ |
| infant နို့စို့ကလေး။ | match မီးခြစ်ဆံ။ | echo ပဲ့တင်သံ။ |
| hill တောင်ကုန်း၊ | portico ဆင်ဝင်။ | knife ဓား။ |
| lead ခဲ။ | watch လက်ပတ်နာရီ။ | potato အာလူး။ |
| grains သီးနှံ။ | story ပုံပြင်။ | zoo တိရစ္ဆာန်ရုံ။ |
| room အခန်း။ | play ပြဇာတ်။ | motto ဆောင်ပုဒ်။ |
| soldier စစ်သား။ | loaf ပေါင်မုန့်။ | ray ရောင်ခြည်။ |

scarf လည်ပတ်ပုဝါ။ rabbit ယုန်။ hare တောယုန်
key သော့။ gas ဂက်စ်။ dwarf လူပု။
volcano မီးတောင်။ wharf ဆိပ်ခံတံတား။ tomato ခရမ်းချဉ်သီး။
folio စက္ကူခေါက်ကြီး။ leaf သစ်ရွက်။ calico ပိတ်ကြမ်း။

အများကိန်း ပြောင်းရာ၌ မရေရာ မသေချာလျှင် အဘိဓာန်တွင် ကြည့်ပါ။ Uncountable Noun ဖြစ်သော်လည်း အချို့သော Abstract Noun (စိတ္တဇနာမ်) များကိုလည်း အများကိန်း ပြောင်းသည်များ ရှိနိုင်ပါသည်။

advices, arguments, arrangements, attitudes, beliefs, conclusions, dictum, experiences, indications, intimations, instructions, justifications, notions, plans, principles, projects, promises, proposals, recommendations, sounds, statements, suggestions, superstitions, tenets, theories, truths, voices, wishes

**သရပြောင်းလျှင် အများကိန်း ဖြစ်သော ခြွင်းချက်များ** - man – men/ woman – women/ foot – feet/ goose – geese/ mouse – mice/ louse – lice

လေ့လာခါစ စာသင်သားများ ခေါင်းရှုပ်မည် စိုး၍ ဤအခန်းတွင် ရိုးရှင်းသော ခြွင်းချက်များကိုသာ ဖော်ပြလိုက်ပါသည်။ အခြားသော ထူးခြားသည့် အချက်အလက်များကို နောက်ဆက်တွဲတွင် သီးသန့် ဖော်ပြထားပါသည်။

**အနှစ်ချုပ်** - *s, **o**, ch – sh, x တွင်၊ es-ဖြည့်ထား အများကိန်းဆင်။*
*ဗျည်းတွဲ-y-ဖျက် ies-ဝင်၊ f, fe ဖျက် ves ပြုပြင်။*
*y-o ရှေ့ သရတွေ့ s-နောက်ဝင်။*

## ကြိယာများကို အနည်းကိန်း၊ အများကိန်းပြောင်းနည်း

ch, o, s, sh, x, y ဆုံးသော ကြိယာများကို နာမ်မှာကဲ့သို့ပင် အဆုံး စကားလုံး အားလျော်စွာ s, es, ies- စသည် ဆက်လျှင် အနည်းကိန်း ဖြစ်ပါသည်။[2]

ပုံစံ - press - presses, go - goes, etc..

*ဆောင်။ s, o, ch, sh နှင့်၊ x, y-ဆုံးရာ၊ Verb-တို့မှာ၊ နာမ်အတိုင်းသာ ဆက်လေ။*

လေ့ကျင့်ရန် - betray, delay, dress, finish, fix, go, meditate, pass, perish, practice, pray, press, prey, push, reach, relax, rely, reply, scratch, stay, study, touch, try, watch, wash.

## ကံမယူကြိယာများ

*adhere စွဲမြဲသည်။
*agree သဘောတူသည်။
*appear ဖြစ်ပေါ်လာသည်။
*arrive ဆိုက်ရောက်သည်။
*bark ဟောင်သည်။
bathe ရေချိုးသည်။
behave ပြုမူသည်။
*belong ပိုင်ဆိုင်သည်။
blind ကန်းသည်။
bloom (ပန်း) ပွင့်သည်။
boast ကြွားသည်။
breathe အသက်ရှူသည်။
clap လက်ခုပ်တီးသည်။
collapse လဲပြိုသည်။
*compare နှိုင်းယှဉ်သည်။
*consist ပါဝင်သည်။
cough ချောင်းဆိုး/ဟန့်သည်။
cry ငိုသည်။

---

**[2]ပစ္စုပ္ပန်[၁] ပင်မကြိယာ[၂]၊ နည်းကိန်းကတ္တား[၃] ဆိုပြုဝါကျာ[၄]။
မပါကူကြိ ထိုသည့်-Verb-မှာ[၅]၊ s, es ဆက်ကြ သင့်လျော်ရာ။**

dance ကသည်။ *delight မွေ့လျော်သည်။
*derive မှဆင်းသက်လာသည်။ *depend မှီခို/မူတည်သည်။
die သေသည်။ disappear ကွယ်ပျောက်သည်။
doze ငိုက်မြည်းသည်။ drift လွင့်မျောသည်။
end အဆုံးသတ်သည်။ *escape လွတ်မြောက်သည်။
fail ပျက်ကွက်သည်။ fit (အံကိုက်) တော်သည်။
float ပေါလောပေါ်သည်။ *happen ဖြစ်ပျက်သည်။
jump ခုန်သည်။ laugh ရယ်သည်။
*lie လဲလျောင်း/လိမ်ညာသည်။ live နေထိုင်သည်။
occur ဖြစ်/ပေါ်သည်။ perish ပျက်စီးသည်။
point ညွှန်ပြသည်။ pretend ဟန်ဆောင်သည်။
repent နောင်တရသည်။ recover ပြန်နေကောင်းလာသည်။
return ပြန်လာသည်။ sail ရွက်လွှင့်သည်။
shout အော်သည်။ smile ပြုံးသည်။
succeed အောင်မြင်သည်။ surprise အံ့သြသည်။
*sympathize ကိုယ်ချင်းစာသည်။ subside ငြိမ်သက်အေးချမ်းသည်။
talk ပြောဆိုသည်။ travel ခရီးသွားသည်။
try ကြိုးစားသည်။ vanish ကွယ်ပျောက်သည်။
*wait စောင့်သည်။ walk လမ်းလျှောက်သည်။
work အလုပ်လုပ်သည်။ yawn သမ်းဝေသည်။

*စတားပြထားသော ကြိယာများနောက်တွင် ပုံသေဝိဘတ် လိုက်သည်။ အဘိဓာန်ကြည့်ရန် မပျင်းပါနှင့်။

အောက်ပါ နာမ်ပုဒ်တို့ကို ကတ္တားအဖြစ် အသုံးပြု၍ ဖော်ပြပါ ကံမယူ ကြိယာများဖြင့် သင့်လျော်သလို ဝါကျတည်ဆောက်ပါ။ (ဇယားတွင်လည်း ဖော်ပြထားပါသည်။)

| | |
|---|---|
| student - ကျောင်းသား၊ | teacher - ဆရာ၊ |
| monk - ရဟန်း၊ | nun - သီလရှင်၊ |
| lady - အမျိုးသမီး၊ | girl - မိန်းကလေး၊ |
| boy - ကောင်လေး၊ | man - ယောကျ်ားကြီး၊ လူ၊ |
| prince – (တော်ဝင်) မင်းသား၊ | princess - (တော်ဝင်) မင်းသမီး၊ |
| actor - သရုပ်ဆောင် မင်းသား၊ | actress - သရုပ်ဆောင် မင်းသမီး၊ |
| donor - အလှူရှင်၊ | devotee - ဥပါသကာ၊ |
| officer - အရာရှိ၊ | clerk - စာရေး၊ |
| minister - ဝန်ကြီး၊ | secretary - အတွင်းရေးမှူး၊ |
| tenant - အိမ်ငှား၊ | executive - အမှုဆောင်၊ |

## Sentence Construction

ကတ္တား အနည်းကိန်း ဖြစ်လျှင် ပစ္စုပ္ပန် ကြိယာကို (s, es, ies ဆက်ကာ) အနည်းကိန်းထား။ ကတ္တား အများကိန်း ဖြစ်လျှင် ကြိယာကို (ရှိရင်းစွဲ အတိုင်း) အများကိန်းထား။ ကတ္တားကို 'သည်' 'တို့သည်' အဆုံးသတ် ပြန်ဆို၍ ကြိယာကို '၏' 'သည်' 'ကြသည်' စသည်ဖြင့် သင့်လျော်သလို ပြန်ဆိုနိုင်သည်။

A boy goes. ကောင်လေး တစ်ယောက်သည် သွားသည်။ (ကတ္တား အနည်းကိန်းရှေ့တွင် a/an ထည့်။ ကြိယာအနည်းကိန်းတွင် s, es, ies လျော်ရာဖြည့်။)

Boys go. ကောင်လေးများသည် သွားကြသည်။ (ကတ္တား အများကိန်းတွင် s, es စသည်ဆက်။ ကြိယာအများကိန်းကို သူ့အတိုင်းထား။)

<table>
<tr><th colspan="2">Subject - ကတ္တား</th><th colspan="2">Verb - ကြိယာ</th></tr>
<tr><td rowspan="2">student/ boy/ girl/ teacher/ lady/ actor/ actress/ secretary/ officer/ prince/ donor/ devotee</td><td>ပပြ</td><td rowspan="2">breathe/ boast/ clap/ cough/ laugh/ lie/ point/ pretend/ repent/ return/ smile/ cry/ succeed/ surprise/ sympathize/ travel/ try/ wait/ walk</td><td>ပပြ</td></tr>
<tr><td>ဗိပပြ</td><td>ဩပပြ</td></tr>
</table>

ပုံစံ - A monk walks. ရဟန်းတစ်ပါးသည် လမ်းလျှောက်သည်။

Monks walk. ရဟန်းများသည် လမ်းလျှောက်ကြသည်။

အလားတူ ဖော်ပြပါ ဇယားတွင်းရှိ နာမ်ပုဒ်များကို အနည်းကိန်း ကတ္တား အများကိန်း ကတ္တား ပြုလုပ်၍ ကြိယာများကိုလည်း အနည်းကိန်း အများကိန်း ကိုက်ညီအောင် ပြောင်းလဲကာ ဝါကျများ လေ့ကျင့်ရေးသားပါ။ ပုံစံပြထားသော ဝါကျကို ကြည့်ကာ မျဉ်းစောင်း တစ်ခုကို ဝါကျနှစ်မျိုး ရေးနိုင်ကြောင်း သိပါ။

ကတ္တားနှင့် ကြိယာ အနည်းကိန်း အများကိန်း ကိုက်ညီအောင် ရေးသားရန် မမေ့ပါနှင့်။ မည်သည့် ဝါကျမျိုးကို ရေးသည်ဖြစ်စေ ဘာသာပြန်ကြည့်ပါ။ မိမိ ဘာသာမပြန်တတ်သော နားမလည်သော ဝါကျများကို မရေးပါနှင့်။

## Pronouns – နာမ်စား

### 1) Demonstrative Pronouns ညွှန်ပြနာမ်စား

this သည်ဟာ။ that ထိုဟာ။
these သည်ဟာများ။ those ထိုဟာများ၊
such ထိုကဲ့သို့သောဟာ၊

This is my book. Those are your books.

Adjective ခန်းတွင်လည်း Demonstrative Adjective ဟု ရှိပါသေးသည်။

### 2) Distributive Pronouns ခွဲဝေနာမ်စား

either နှစ်ခု/နှစ်ယောက်ထဲက တစ်ခု/တစ်ယောက်။
neither နှစ်ခု/နှစ်ယောက် စလုံး မဟုတ်။ each အသီးသီး။

I like neither. We know each other.

### 3) Personal Pronouns ပုဂ္ဂိုလ်ပြနာမ်စား

| Subjective ကတ္တားနာမ်စား | Verbs | Objective ကံနာမ်စား |
|---|---|---|
| I ကျွန်ုပ်သည် | praise | me ကျွန်ုပ်ကို/ ငါ့ကို |
| We ကျွန်ုပ်တို့သည် | blame | us ကျွန်ုပ်တို့ကို |
| You သင်သည်/ သင်တို့သည် | help | you သင့်ကို/ သင်တို့ကို |
| He သူသည် | teach | him သူ့ကို |
| She သူမသည် | disturb | her သူမကို |
| It ထိုအရာသည် | know | it ထိုအရာကို |
| They သူတို့သည် | forget | them သူ/သူမ/ ထိုအရာတို့ကို |

*ဆောင်။ I, you နောက်ယှဉ်၊ $V_1$ တွင်၊ ဖယ်ကြဉ် s, es.*

I know him. He praises me. She blames them.

They see her. We help them. I forget them.

(၁) သင်-သူ-နာမ်ကတ္တားနှင့် ငါ ဆုံလျှင် ငါ ကိုနောက်မှာထား။[3]

He and I go there. You and I go there. (We go there နှင့်တူ၏)

My brother and I go there.

(၂) သင်နှင့် သူဆုံလျှင် သူ့ကို နောက်ထား

You and he are learning English.

(၃) သင်-သူနှင့် နာမ်ကတ္တား ဆုံမူ နာမ်ကတ္တားကို နောက်ထား

He and Thura goes there.

You and Thura are learning English.

*သင်-သူနှင့် ငါ၊ နာမ်ကတ္တာ၊ ငါ့မှာ နောက်ဆုံးထား။*
*သင့်နောက်မှာသူ၊ နာမ်ပြိုင်မူ၊ ရှေ့မူ နာမ်စား နောက်နာမ်ထား။*

## 4) Possessive Pronouns ပိုင်ဆိုင်ပြနာမ်စား

mine ကျွန်ုပ်၏ဥစ္စာ/ ကျွန်ုပ်ကိုယ်ပိုင်။

ours ကျွန်ုပ်တို့၏ ကိုယ်ပိုင်/ ဥစ္စာ။

yours သင်/ သင်တို့၏ ဥစ္စာ။

his သူ၏ ဥစ္စာ။

hers သူမ၏ ဥစ္စာ။

its ၎င်း၏ ဥစ္စာ။

theirs သူတို့၏ ဥစ္စာ။

This book is mine. Those books are yours.

That pen is hers. This house is theirs.

---

[3] **အများကိန်း We ဖြစ်မူ We and you ဟု တွဲသည်။**

ဤနာမ်စားတို့ကို ကတ္တားအဖြစ် အသုံးမပြုနိုင်ပါ။

## 5) Reflexive Pronouns တုန့်ပြန်ကံနာမ်စား

myself ကျွန်ုပ်ဟာ ကျွန်ုပ်/ ကျွန်ုပ်ကိုယ်တိုင်/ ငါ့ဟာငါ/ ငါကိုယ်တိုင်။
ourselves ကျွန်ုပ်တို့ ကိုယ်တိုင်။
yourself သင်ကိုယ်တိုင်။ yourselves သင်တို့ ကိုယ်တိုင်။
himself သူကိုယ်တိုင်။ herself သူမကိုယ်တိုင်။
itself ၎င်းကိုယ်တိုင်။ themselves သူတို့ ကိုယ်တိုင်။

I know myself. I myself have to study English.
She herself is not clever. She cooks rice herself.

ကံနာမ်စား ဖြစ်သည်ကို သတိပြုပါ။ ကတ္တားအဖြစ် အသုံးပြုလျှင် စကားလုံးအားလျှော်စွာ I, We, You, He, She, It, They နှင့် နာမ်ကတ္တားတို့ နောက်တွင်ထားကာ သုံးနိုင်သည်။ ထိုသို့ ရေးသားလျှင် myself စသော နာမ်စားများကို Intensive Pronoun ဟုလည်း ခေါ်ကြသည်။

The Dhamma itself will protect you.

## 6) Indefinite Pronouns မတိကျနာမ်စား

everyone, everybody လူတိုင်း။ everything အရာတိုင်း။
anything, something တစ်စုံ တစ်ခု။ nothing တစ်ခုမှ မဟုတ်။
many, much များစွာ။ all အားလုံး။
little, few, a little အနည်းငယ်။ several, a lot များစွာ။
the former ယခင်လူ/အရာ။ the latter နောက်လူ/အရာ။
someone, somebody, anyone, anybody တစ်စုံတစ်ယောက်။
nobody, none (no-one) တစ်ယောက်မှ မဟုတ်။

the next နောက်ထပ်လူ/အရာ။ the last နောက်ဆုံးလူ/အရာ။

အဆိုပြုဝါကျ (Affirmative Sentence) အမေးဝါကျ (Interrogative Sentence) အငြင်းဝါကျ (Negative Sentence) သုံးမျိုးစလုံးတွင် somebody, someone, something, everybody, everyone, everything တို့ကို သုံးပါသည်။

Somebody comes. Someone comes.

He knows something. She knows something.

Can I say something? Do you want to say something?

အမေးဝါကျ (Interrogative Sentence) နှင့် အငြင်းဝါကျ (Negative Sentence) များတွင် များသောအားဖြင့် anybody, anyone, anything တို့ကို သုံးပါသည်။

Does anybody come? Does anyone come?

She doesn't know anybody. She doesn't know anyone.

အငြင်းဝါကျ (Negative Sentence) များတွင် nobody, none, nothing တို့ကို သုံးပါသည်။

Nobody knows her. None (no-one) knows her.

I know nothing. She knows nothing.

*ဆောင်။ ညွှန်-ဖြန့်ဝေ-ပုဂ္ဂလာ၊ ပိုင်ဆိုင်ရာ-တုန့်လှဲ့။*
*မရေရာနာမ်ကိုယ်စား၊ ပြားခြောက်မျိုးဖွဲ့။*

**Interrogative Pronouns** (အမေးနာမ်စား): who, whom, which, what, whose, where, when, how, why.

**Relative Pronouns** (အဆက်နာမ်စား): who, whom, which, what, whose, when, how, why, where, that.

*ဆောင်။ အမေးနာမ်စား၊ ဆက်နာမ်စား၊ ခေါ်ကြား wh- တွေ။*

**Reflexive Verbs**

apply (make up), bathe, become (impatient), begin, break, brush, burn, care (about), clean, comb, cook, cry out, cut, distrust, do, dress, enjoy, exclaim, find, get up, go away, go to bed (go to sleep), help, hurry, hurt, introduce, leave, look (at), make (a mistake/ fun of), meet, prepare, recall, relax, remember, rest, shave, smile, speak (to), stop, stretch, take care of, take (a walk), teach, trust, undress, use, wake up, wash, wonder, work out, worry (about),

Reflexive Pronoun များနှင့် တွဲဖက် သုံးနိုင်ရန် စုစည်းတင်ပြပါသည်။ ဤကြိယာများမှာ စပိန်စကားမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ အမြဲတန်း Reflexive Verb အဖြစ် အသုံးပြုသည်ဟု မဆိုလိုပါ။ Reflexive Verb များကို ကံမယူ အဖြစ် အသုံးပြုလျှင် Middle Voice (Active & Passive လွတ်သော) ပုံစံဖြင့် ရေးသားနိုင်သည်။ ကံကို ရှေ့ထားကာ Active ပုံစံဖြင့် ရေးသားရသည့် ဝါကျပုံစံဟု အလွယ်မှတ်ပါ။ Active Voice နှင့် Passive Voice ကျွမ်းကျင်ပြီးမှ ဤအခန်းကို ပြန်လည် လေ့လာလျှင် ပို၍ နားလည်လွယ်ပါလိမ့်မည်။

ပုံစံ - I speak to myself. ငါ့ကိုယ်ငါ ပြောသည်။

My sister’s lunch is cooking now. (နေ့လည်စာသည် ကံပုဒ်ဖြစ်သည်။ Middle Voice ဖြင့် ရေးသားထားသည်ဟု နားလည်ပါ။)

I burnt myself. (I was burnt နှင့် အဓိပ္ပါယ် တူသော်လည်း Active ဖြင့် ရှိသည်။)

His pencil broke in half.

His car cannot drive smoothly.

## ငါ - သင် - သူ

| ကတ္တား | ကံ | ပိုင်ဆိုင်နာမ်စား | တုန့်ပြန်ကံနာမ်စား | ပိုင်ဆိုင်နာမ်ဝိ |
|---|---|---|---|---|
| I | me | mine | myself | my |
| We | us | ours | ourselves | our |
| You | you | yours | yourself/lves | your |
| He | him | his | himself | his |
| She | her | her | herself | her |
| It | it | its | itself | its |
| They | them | theirs | themselves | their |

I know him. This is mine. He speaks to himself.

This is her book. Mi Mi is his sister.

ဖော်ပြပါ ဇယားတွင် ပါဝင်သည့် နာမ်စားနှင့် နာမဝိသေသနများကို ကျွမ်းကျင် ပိုင်နိုင်သည်အထိ ဝါကျမျိုးစုံ တည်ဆောက်ကာ နှုတ်တိုးအောင် လေ့ကျင့်ထားသင့်သည်။ နာမ်များကိုပါ ကတ္တားအဖြစ် ကံအဖြစ် အသုံးပြု၍ လေ့ကျင့် ရေးသားထားလျှင် ပို၍ အကျိုးရှိပါလိမ့်မည်။

## Sentence Construction

| Subject | Verb | Object |
|---|---|---|
| I/ We/ You/ He/ She/ They Mg Mg | flatter/ ignore/ honor/ dishonor/ respect/ belittle/ like/ dislike/ admire/ criticize/ revere/ despise/ tease/ mock (at)/ laugh (at)/ associate (with) | me/ us/ you/ him/ her/ them Mi Mi |

ပုံစံ - I flatter him. We flatter him. Thura flatters him.
He flatters my brother.

## သတိထားရမည့် အသံထွက် စည်းမျဉ်း

အင်္ဂလိပ် ဝါကျများတွင် အသံမြှင့်, အသံဆွဲရသော စကားလုံးများရှိသည်။ ဖော်ပြပါ စကားလုံးများတွင် အသံမြှင့်၍ မဆိုရပါ။

(၁) ကတ္တားနာမ်စား (I, We, You, He, She, It, They), ကံနာမ်စားများ (me, us, you, him, her, it, them)

(၂) Preposition ဝိဘတ် (about, above စသည်)

(၃) Article (a, an, the)

(၄) Verb to be (an, is, are, was, were, be, been, being)

(၅) Verb to have (has, have, had, having)

(၆) Auxiliary Verb (can, could, will, would etc..)

(၇) Conjunction (Relative Pronoun) (when, and, but စသည်)

(၈) ပိုင်ဆိုင်ပြ နာမဝိသေသန (my, our, your, his, her, its, their)

*ဆောင်။နာမ်စား, ဝိဘတ်, Article; be, have, ကူ Modal*
*Conjunction နဲ့ ပိုင်ဆိုင်ပြ၊ ဖိသံ Stress မပါကြ။*

## Articles

သရနှင့် စသည်ဖြစ်စေ ဗျည်းနှင့် စသည်ဖြစ်စေ ဗျည်းသံနှင့် စတင်သော နာမ်များရှေ့တွင် a ကိုသုံးပါသည်။ သရသံနှင့် စတင်သော နာမ်များရှေ့တွင် an ကို သုံးပါသည်။ a, an ကို 'တခု, တကောင်, တယောက်'ဟု ပြန်ဆိုပါ။

*ဆောင်။ ဗျည်းသံ စ-ထွက်၊ a-နှင့်ဆက်၊ သံထွက်သရ၊ an-သုံးကြ။*

A unitယူနစ်တစ်ခု။ a union ယူနီယံတစ်ခု။
a university တက္ကသိုလ်တစ်ခု။ a European ဥရောပသား တစ်ယောက်။
an hour တစ်နာရီ။ an M.A အမ်အေ တစ်ယောက်။

လူ/မြို့ရွာ/သက်ရှိ တစ်ခု၏ နာမည်ကို ကိုယ်ပိုင်နာမ်ဟု ခေါ်သည်။ ထိုသို့သော ကိုယ်ပိုင်နာမ်များရှေ့တွင် a, an ကို သုံးလေ့ မရှိပါ။ ကိုယ်ပိုင်နာမ်ရှေ့တွင် a, an ပါရှိလျှင် 'သူလိုလူ' သို့မဟုတ် 'ဆိုတဲ့သူ' ဟု ပြန်ဆိုပါ။

*ဆောင်။ ကိုယ်ပိုင်နာမ်မှာ၊ a, an-ပါ၊ ပြန်ရာသူလိုလူ၊ ရံခါ ဆိုတဲ့သူ။*

She is a Madame Curie. သူမသည် မဒမ်ကျူရီလို မိန်းကလေး ဖြစ်သည်။
A Mr. Brown was here. မစ္စတာ ဘရောင်းဆိုတဲ့လူ ဒီကို လာသွားတယ်။

A, an တို့ကို အမျိုးဆိုင်နာမ်ရှေ့တွင် ထားကာ ယေဘုယျ ဖော်ပြချက်တွင် သုံးသည်။ စံနှုန်း, ဈေးနှုန်း, နှုန်းထားတို့ကို ဖော်ပြရာတွင်လည်း သုံးပါသည်။ 'ဟူသည်, မည်သည်, ဆိုတာသည်' ဟု လျော်သလို ဘာသာပြန်ဆိုပါ။

*ဆောင်။ ကိုယ်စားပြုမျိုးဆိုင်နာမ်။ a နှင့် an နှုန်းထားပြ။*
*ဟူ-မည်သည်- ဆိုတာ နက်။ ဖွင့်ချက်သိကြ။*

a cow နွားမဟူသည်။ a cat ကြောင်ဟူသည်မှာ။

an owl ဇီးကွက်မည်သည်။ once a week တစ်ပတ် တစ်ကြိမ်။

twice a month တစ်လ နှစ်ကြိမ်။

twenty dollars an hour တစ်နာရီ ဒေါ်လာနှစ်ဆယ်။

ten kyats a viss တစ်ပိဿာ ကျပ်တစ်ဆယ်။ (a tical တစ်ကျပ်သား)

one hundred kilometers an hour တစ်နာရီ ကီလိုမီတာ တစ်ရာ။

## The-ကို သုံးစွဲပုံ

သရနှင့် စသည်ဖြစ်စေ ဗျည်းနှင့် စသည်ဖြစ်စေ ဗျည်းသံနှင့် စတင်သည့် နာမ်ရှေ့တွင် the ကို 'သ' ဟု အသံထွက်ပါ။ သရသံနှင့် စတင်သည့် နာမ်ရှေ့တွင် 'သီ' ဟု အသံထွက်ပါ။

*ဆောင်။ ဗျည်းသံနှင့်စ၊ နာမ်ရှေ့-သ၊ သရသံရှေ့မှာ၊ သီ-ထွက်ပါ။*

The city, the moon, the ocean, on the other hand,

အောက်ပါ အခြေအနေများနှင့် စကားလုံးများ ရှေ့တွင် the-ကို သုံးပါသည်။

၁။ တွေ့ရှိမှတ်မိ၊ သိပြီးသားနာမ်များ၊ ရှေ့တွင်ပြောဆိုပြီးသော နာမ်များ ရှေ့တွင် the-ကို သုံးပါသည်။

A dog bit a boy. The boy beats the dog.

၂။ အတုမရှိသော နာမ်ပုဒ်တွင် – The Buddha.

၃။ နာမဝိသေသနကို နာမ်တစ်ခုကဲ့သို့ သုံးစွဲလျှင် –

The poor, the rich, the wise, the young, the deaf, the blind, the old

၄။ အမြင့်ဆုံး နာမဝိသေသနဖြစ်သော Superlative Adjective ဖြင့် အထူးပြု ထားလျှင် –

The cleverest boy, the most beautiful girl.

၅။ ကမ္ဘာပေါ်တွင် တစ်ခုတည်းသာရှိသော အရာများ၊ ဒေသတွင်းရှိ တစ်ခုတည်းသာ ရှိသော အရာများကို ဖော်ပြလျှင် (ခြွင်းချက်များစွာရှိသည်) – The sun, the Indian Ocean, the Nile, the English Channel,

၆။ လူနှင့်နေရာ မကိုက်ညီလျှင် – A doctor goes to the school.

ဆရာဝန်တစ်ယောက် ဆေးရုံသွားလျှင် လူနှင့်နေရာ ကိုက်ညီ၍ ဆရာဝန် ကျောင်းသွားလျှင် လူနှင့်နေရာ မကိုက်ညီပါ။
A student goes to school.
လူနှင့် နေရာ ကိုက်ညီသဖြင့် အာတီကာယ် ထည့်စရာမလိုချေ။

*ဆောင်။ တွေ့ရှိမှတ်မိ၊ သိပြီးနာမ်တွေ[1] နာမ်တုမရှိ [2] နာမ်ဝိရှေ့နေ[3]*
*Adj3[4] တစ်ခုတည်းနာမ်တွေ[5] လူ-ဌာန၊ လွဲက the-တွဲလေ[6]*

မော်တော်ယဉ်လိုင်း၊ ရထား၊ သင်္ဘော၊ နှင့် အရပ်မျက်နှာတို့ကို ပြောလျှင် the-ကို သုံးပါသည်။

*ဆောင်။ ယာဉ်မည်နာမ၊ ရပ်မျက်နှာ၊ ရှေ့မှာ the-တွဲလေ။*

the USS Arizona, the Titanic, the east, the west,
In Chinese Buddhism, the West represents movements towards the Buddha or enlightenment.

ခြွင်းချက်။ The left side of a map is west. (Adverb or Adjective)

၁။ ကမ္ဘာပေါ်တွင် လူသိများ၍ ထင်ရှားသော အဖြစ်အပျက်များတွင် – The Second World War, the First World War, the French Revolution, the Battle of Panwer,

၂။ ဇာတ်တူမျိုးနွယ်စု တစ်ခုလုံးကို ကိုယ်စားပြု သုံးစွဲလျှင် –

The cow gives us milk. The ant is industrious.

၃။ Adjective Phrase, Adjective Clause များဖြင့် အထူးပြု ထားသော နာမ်ပုဒ်များဖြစ်လျှင် –

The girl <u>in the red shirt</u>, the people <u>in our city</u>

The book <u>you gave me</u>, the boy <u>you saw yesterday</u>

ဝိဘတ်နောက်တွင် နာမ်ပုဒ်၊ ကံနာမ်စားပုဒ်များ ဆက်ထားလျှင် Phrase (ပုဒ်စု)ဟု ခေါ်သည်။[4] ထိုပုဒ်စုက နာမဝိသေသန ကြိယာဝိသေသန အလုပ်နှစ်ခုကို လုပ်ပါသည်။ ဘာသာပြန်သောအခါ နာမဝိသေသနကို 'သော' ဟုပြန်ဆို၍ ကြိယာဝိသေသနကိုမူ ဝိဘတ် အားလျော်စွာ ပြန်ဆိုရပါသည်။

၄။ လူမျိုးတစ်ခုကို ဖော်ပြလိုလျှင် – The British, the Japanese, the Chinese, the Vietnamese,

၅။ အကြိမ်ပြ ဂဏန်းများရှေ့တွင် – The first, the second, the third, the fourth,

၆။ တူရိယာများကို ဖော်ပြလျှင် – The piano, the guitar,

၇။ တောင်တန်းများ၏ အမည်ကိုပြောလိုလျှင် – (တောင်ကုန်း တစ်ခုတွင်မူ မသုံးပါ။) The Himalayas, the Alps,

---

[4] **ဝိဘတ်နောက်ထံ၊ နာမ်-ကံနာမ်စား၊ တွဲတုံငြား၊ မှတ်သား Phrase-ဟု။ နာမဝိသေ၊ ကြိ-ဝိသေ၊ နှစ်ထွေ ကိစ္စပြု။**

၈။ ကျွန်းစုတစ်ခုအမည်ကို ဖော်ပြလျှင် – The Hawaiian Islands, the Bahamas, the British Isles,

၉။ ပြည်နယ်စု၊ ပြည်ထောင်စုတစ်ခု၏ အမည်ကိုဖော်ပြလျှင် – The United States of America, the Union of Myanmar, the United Kingdom,

၁၀။ တီထွင်သော ပစ္စည်းတစ်ခုကို ဖော်ပြ ပြောဆိုလိုလျှင် –

The telephone is invented by Alexander Graham. (?)

*ဖြစ်ပျက်ထင်ရှား[1] ကိုယ်စားဇာတ်တူ။[2]*
*Phrase–Clauseရှေ့ - နာမ်တွေ့ the ကူ။[3]*
*လူမျိုး[4] ကြိမ်ပြ [5] တူရိယဟူ။[6]*
*တောင်တန်းစု[7] ကျွန်းစု[8] ပြည်စုမူ[9]။*
*တီထွင်ပြီး ပစ္စည်း the-တွဲကူ။[10]*

အောက်ပါ စကားလုံးများတွင် Article မထည့်ပါ။

၁။ ကိုယ်ပိုင်နာမ်တွင် (လူအမည်/ လမ်း/ ရွာ/ မြို့/ တိုင်း/ ပြည်နယ်/ နိုင်ငံ/ ကမ္ဘာ့တိုက်ကြီး) – Tun Tun, Lakkhana, Yarma, Bandoola Road, Aung San Road, Asia Road, Mandalay, Tokyo, New York, Asia, Africa, Europe

၂။ စိတ္တဇနာမ်များတွင် – happiness, hatred, ignorance,

၂။ အနာရောဂါများကို ပြောဆိုလျှင် – Small pox, Cholera, Diarrhoea,

၃။ ဘာသာစကားနှင့် ဘာသာတရားကို ပြောဆိုရာတွင် – English, Chinese, Buddhism, French, Spanish, Japanese, Russians, German

၄။ တွင်းထွက် သတ္တုပစ္စည်းများကို ပြောဆိုလိုလျှင် – Silver, gold,

၅။ တောင်ကုန်းတစ်ခု၊ (တောင်တန်းမဟုတ်) တွင် – Mount Poper, Mount Everest,

၆။ ကျွန်းတစ်ခုတွင်၊ (ကျွန်းစုမဟုတ်) – Sicily, Bermuda, Ireland, Ceylon,

၇။ ထွက်ကုန်ပစ္စည်း၊ စိုက်ပျိုးကုန်ပစ္စည်းများ – Paddy, corn,

၈။ ရေကန်ကြီးများ – Inle lake, Lake Superior, Lake Victoria,

၉။ ပိုင်ဆိုင်ပြ နာမဝိသေသန ပါသော နာမ်ပုဒ်များ – My friends, his car,

၁၀။ ညွှန်ပြ နာမဝိသေသန ပါသော နာမ်ပုဒ်များ – This book, that book, these books,

၁၁။ ခွဲဝေမှုပြ နာမဝိသသန ပါဝင်သော နာမ်များ – Either bird or mouse, each student,

၁၂။ ဂုဏ်ထူးဝိသေသန တပ်ထားသော လူအမည်များ – General Aung San, President Bush,

*ကိုယ်ပိုင်[1] စိတ္တဇ၊[2] ရောဂ[3] ဘာသာ။[4]*
*လမ်းနှင့်[5] သတ္တု၊[6] တောင်[7] ကျွန်းတစ်ခုမှာ။[8]*
*ထွက်ကုန်[9] တိုက်ကြီး၊[10] အိုင်ကြီး[11] မြို့ရွာ။[12]*
*ပိုင်ဆိုင်ပြ[13] ညွှန်ပြ၊[14] ခွဲဝေပါ။[15]*
*ဂုဏ်ထူးတပ် ပယ်အပ် the-စွာ။[16]*

နာမ်တစ်ခုကို ကျယ်ကျယ်ပြန့်ပြန့် ခြုံမိအောင် သုံးထားလျှင် article မလို။

Man is mortal. Fire is hot. Ice is cold.

*ဆောင်။ ကျယ်ပြန့်စွာသုံး၊ Noun-တစ်လုံး၊ မသုံး Article*

မှတ်ရန်။ kind of, sort of, type of + နာမ် တွဲကာ သုံးလျှင် မျိုးနွယ်စု တစ်ခုလုံး ရည်ညွှန်းသဖြင့် ကျယ်ပြန့်သော အသုံးအနှုန်း ဖြစ်လာသည်။

What kind of tree is this? I don't like this type of watch.

He is not that sort of person.

## ဝါကျအင်္ဂါ ၉-မျိုး (သို့) ကိစ္စ ၉-မျိုး

*ကတ္တား-ဖြည့်ပုဒ်၊ ကံ-ဖြည့်ပုဒ်၊ ကြိယာ-နာမ်ဝိ-ကြိဝိထုတ်။*
*တိုက်ရိုက်ဆက်ကံ၊ သွယ်ဝိုက်ကံ၊ ကိုးတန် အလုပ်လုပ်။*

(1) Subject (ကတ္တား)၊

(2) Subject Complement (ကတ္တားအဖြည့်ပုဒ်)၊

(3) Object (ကံ)၊

(4) Object Completement (ကံအဖြည့်ပုဒ်)၊

(5) Verb (ကြိယာ)၊

(6) Adjective (နာမဝိသေသန)၊

(7) Adverb (ကြိယာဝိသေသန)၊

(8) Direct Object (တိုက်ရိုက်ကံ)

(9) Indirect Object (သွယ်ဝိုက်ကံ)

## Verbs

ကြိယာလေးမျိုးရှိသည် -

### 1) Verb to be - ရှိ/ ဖြစ် ကြိယာ

am, is, are, was, were, be, been, being

၎င်းကြိယာတို့သည် တည်ရှိခြင်း၊ ဖြစ်ခြင်းကို ဖော်ညွှန်းကြသည်။

### 2) Verb to have - မှာရှိကြိယာ

has, have, had, having

၎င်းကြိယာတို့သည် ပိုင်ဆိုင်ထားခြင်းနှင့် အခြား ဖော်ညွှန်းချက်များကို ပြဆိုသည်။

### 3) Verb to do - ပြုလုပ်ကြိယာ

do, does, did, done, doing, walk, talk, think, arise, etc.

၎င်းကြိယာမျိုးသည် အင်္ဂလိပ်စာတွင် မရေမတွက်နိုင်အောင် များသည်။

### 4) Auxiliary verbs - အကူကြိယာ

can, could, shall, should, will, would, may, might, must

၎င်းကြိယာတို့သည် Verb to be, Verb to have, နှင့် Verb to do တို့၏ အဓိပ္ပါယ်ကို ပြောင်းလဲအောင် ကူညီ အားဖြည့်ပေးကြသည်။

*ဆောင်။ ရှိ-ဖြစ် Be-ထွက်၊ မှာရှိ Have, ကြွင်းတွက် Do-မှတ်ကြ။*

အဆိုပြုဝါကျ မေးခွန်းဝါကျ အငြင်းဝါကျ တည်ဆောက်လျှင် ၎င်း ကြိယာအားလျော်စွာ ရေးနည်း ကွဲပြားမှု ရှိကြသည်။ ဆို/မေး/ငြင်း ပုံစံမတူ ကြိယာလေးမျိုးဟု မှတ်သားထားနိုင်သည်။

## Verb to be

Verb to be ကို ရှိ/ကြိယာဟု အတိုကောက် မှတ်သားနိုင်သည်။ ပစ္စုပ္ပန်ကြိယာ am, is, are တို့ကို အသုံးပြု ရေးသားလျှင်

၁။ I am နှင့် you are တို့မှာ ပုံသေတွဲလုံးများ ဖြစ်ကြသည်။
၂။ အများကိန်း ကတ္တား ရှိလျှင် are ကို သုံးပါ။
၃။ အနည်းကိန်း ကတ္တားရှိလျှင် is ကို သုံးပါ။

*ဆောင်။ I am, you are, အများ-are, နဲ့-မှာ is ကိုထား။*

**ဘာသာပြန်အညွှန်း** -

ဤကြိယာများနောက်တွင်

(၁) နာမ်ပုဒ် လိုက်လျှင် 'ဖြစ်သည်'ဟု ပြန်ဆိုပါ။

I am a student. ကျွန်ုပ်သည် ကျောင်းသားတစ်ယောက် ဖြစ်သည်။

(၂) နာမဝိသေသန လိုက်လျှင် 'သည်' ဟုသာ ပြန်ဆိုပါ။

He is clever. သူသည် လိမ္မာသည်။ I am happy. ကျွန်ုပ်ပျော်သည်။

နာမဝိသေသနကို ကြိယာပြောင်းလိုလျှင် Verb to be ကို ရှေ့မှ ထားကာ ရေးသားနိုင်သည်။ ထို Adj ကို Predicate (ဝါစက) ဟု ခေါ်ဆိုကြသည်။

(၃) နေရာပြပုဒ် လိုက်လျှင် 'ရှိသည်' ဟု ပြန်ဆိုပါ။

They are in the class. သူတို့သည် အတန်းထဲမှာ ရှိကြသည်။
She is out. သူမ အပြင်သွားသည်။

(၄) ဝိဘတ်အားလျော်စွာ ဘာသာပြန်ရသည်လည်း ရှိသေးသည်။

I am from Myanmar. This book is for you.

အတိတ် Verb to be ကြိယာများမှာ was, were တို့ဖြစ်ကြသည်။

၁။ အတိတ်ကြိယာများတွင် you were မှာ ပုံသေ တွဲလုံးဖြစ်သည်။
၂။ အများကိန်း ကတ္တားရှိလျှင် were ကို သုံးပါ။
၃။ အနည်းကိန်းကတ္တားရှိလျှင် was ကို သုံးပါ။

*ဆောင်။ အများ-were, you were, နဲ့ကိန်းကတ္တား-was ကိုထား။*

He was a house-holder. He was rich.

He was in his house. He is under a tree.

| ကတ္တား | ကြိယာ | အဖြည့်ပုဒ် |
|---|---|---|
| He/ She<br>အနည်းကိန်း ကတ္တား | is/ was | student/ engineer/ doctor/ singer/ clerk/ officer/ minister/ dancer/ happy/ lazy/ angry/ greedy/ late/ arrogance/ busy/ nice/ impatient/ diligent/ clever/ in the house/ near the office/ in the dining hall/ in the park/ on the boat/ in the bus |
| We/ You/ They<br>အများကိန်း ကတ္တား | are/ were | |

He is a student. We are students.

You are a student. (အနဲ့ကိန်း) You are students. (အများကိန်း)

He and I are friends. You and I are friends.

My friends and I were in the class. He and Thura were friends.

You and he are in the same boat. You and Thura are relatives.

We are in the Dhamma-hall. They are in the refectory.

ဇယားတွင်းရှိ စကားလုံးများ ပုဒ်စုများကို အသုံးပြု၍ ဝါကျတည်ဆောက် ဘာသာပြန်ကြည့်ပါ။ လာမည့်ဇယားများတွင်လည်း နည်းတူမှတ်ပါ။

## တည်ရှိမှု/ ဖြစ်တည်မှုကို ဖော်ပြလိုလျှင် -

A book is on the table. (ရိုးရိုး Verb to be ဝါကျ)

ဤဖော်ပြပါ ဝါကျတွင် is ကို there နှင့်တွဲကာ ရှေ့တွင် ထားနိုင်သည်။ အလားတူ are, was, were တို့ကိုလည်း there နှင့်တွဲကာ ရေးသားနိုင်သည်။

There is a book on the table. စားပွဲပေါ်မှာ စာအုပ်ရှိသည်။ စာအုပ်သည် စားပွဲပေါ်မှာ ရှိသည်။

There are books on the table. စားပွဲပေါ်မှာ စာအုပ်များ ရှိကြသည်။

| | အရာဝတ္ထု/ လူသူ ကတ္တား | တည်ရှိနေရာ |
|---|---|---|
| There is/ are/ was/ were | table/ chair/ stapler/ pin/ radio/ ball point pen/ pencil/ seal/ torch light/ box/ book/ journal/ ear-phone/ recorder/ watch/ towel/ bedsheet | in the room/ in the office/ in my house/ in the drawer/ in the library/ in my bed room/ near the kitchen/ in the refectory |
| | boy/ girl/ man/ lady/ bird/ student/ teacher/ a group of people/ doctor/ nurse/ officer/ clerk | under a tree/ near the river/ in front of the gate/ in the office/ in the hospital/ in the clinic |

ပုံစံ - There is a table in the room. (ရေတွက်ရနာမ် အနည်းကိန်း a ထည့်)

There are tables in the room. (ရေတွက်ရနာမ် အများကိန်း s ထည့်)

There was a table in the room.

There were tables in the room.

အများဆိုင်နာမ်များ၏ တည်နေရာကို ဖော်ပြလိုလျှင် ဤဝါကျပုံစံကို သုံးသည်။

## Verb to have

Verb to have-ကို သုံးရာတွင်လည်း ကတ္တားနှင့် ကြိယာ အသုံး မှန်အောင် ရေးတတ်ဖို့ လိုပါသည်။

၁။ I have နှင့် you have မှာ ပုံသေ တွဲလုံးဖြစ်သည်။
၂။ အများကိန်း ကတ္တားရှိလျှင် have ကို သုံးပါသည်။
၃။ အနည်းကိန်း ကတ္တားရှိလျှင် has ကို သုံးပါသည်။
၄။ အတိတ် ကြိယာတွင်မူ had တစ်လုံး တည်းသာ ရှိသဖြင့် ရွေးစရာ မရှိပါ။
၅။ အချို့ပုံစံများတွင် got နှင့် တွဲကာ ရေးသည်လည်း ရှိတတ်လေသည်။ US-သုံးဖြစ်၍ 'ပါလာသည်၊ ရှိသည်' ဟု အဓိပ္ပါယ် ရလေသည်။

*ဆောင်။ I have, you have, အများ have, နဲ-has, တိတ်-had ထား။*[5]

ပုံစံ။ I have a car. I have got a car. ကျွန်ုပ်မှာ ကားတစ်စီး ရှိသည်။

**Verb to Have လေ့ကျင့်ရန်**

| ကတ္တား | ကြိယာ | ပိုင်ဆိုင်မှု |
|---|---|---|
| He/ She အနည်းကိန်း ကတ္တား | has/ had | a box/ car/ book/ motorbike/ bicycle/ house/ computer/ desk/ table/ chair/ carpet/ towel/ money/ pens/ shirts/ bookshelf/ brothers/ sisters/ relatives/ nephews/ nieces/ sons/ daughters/ followers/ friends/ a cat/ a dog/ bulls/ cows/ goats/ sheep/ a tractor/ a land |
| I/ We/ You/ They အများကိန်း ကတ္တား | have/ had | |

[5]မှာရှိ-စားသောက်၊ နက်မဲ့လှောက်၊ အကြောင်းရောက်ဘိ၊ နာမဝိ၊ V1-3-4 နောက်မှာရှိ။

He has a box. He has boxes. They have a box.

- blue/ brown/ dark/ wide/ huge/ large/ sleepy/ weary + eyes
- short/ long/ curly/ straight/ thick black/ brown/ grey/ silver/ blonde/ fair/ red/ ginger + hair
- a big/ small/ long/ narrow/ thin + nose
- a wide/ big/ small/ beautiful/ enormous + mouth
- pretty/ beautiful/ handsome/ nice/ round/ oval/ square/ thin/ narrow/ long/ craggy/ rugged/ haggard/ gaunt/ drawn/ lean/ angular/ blank/ impassive + face
- strong/ weak/ good + arms
- long/ short/ good/ shapely/ lame + legs
- muscular/ thin/ slim/ slender/ heavy + body
- fair/ pale/ brown/ black/ white/ smooth/ soft/ rough/ dry/ wrinkled/ scaly/ flowless/ oily/ greasy/ sensitive/ good/ heathy/ clear + skin
- long/ small/ little/ tiny/ thin/ slim/ slender/ chubby/ pudgy/ nimble/ gnarled/ sticky/ trembling/ shaking/ index/ middle/ ring + finger

ဖော်ပြပါ နာမဝိသေသနနှင့် နာမ် တွဲလုံးများကို Verb to have နောက်တွင် ထားကာ သို့မဟုတ် Verb to be ကို သုံးစွဲ၍ ရုပ်သွင်ကို ဖော်ပြနိုင်ရန် လေ့ကျင့်ရေးသားပါ။

ပုံစံ - He has dark eyes. He has straight black hair.
She has shapely legs. They have long arms.
Her eyes are blue. Your eyes are black.

## ဝတ်စားဆင်ယင်မှု (Noun)

| | |
|---|---|
| blouse မိန်းမဝတ်အင်္ကျီပွ။ | skirt ဂါဝန်။ |
| shorts ဂါဝန်တို/ဘောင်းဘီတို။ | t-shirt တီရှပ်။ |
| shirt ရှပ်အင်္ကျီ | dress ဂါဝန်/အဝတ်အစား။ |
| swimsuit ရေကူးဝတ်စုံ။ | sun hat နေကာ ဦးထုပ်။ |
| shoes ဖိနပ်။ | sandals ကြိုးသိုင်းဖိနပ်။ |
| jeans ဂျင်းဘောင်းဘီ။ | cap ကက်ဦးထုပ်။ |
| coat ကုတ်အင်္ကျီ | pants အောက်ခံဘောင်းဘီ။ |
| sweater ဆွယ်တာ။ | gloves လက်အိတ်။ |
| scarf လည်စီးပုဝါ။ | mittens အကြမ်းခံ လက်အိတ်။ |
| boot ဘွတ်ဖိနပ်။ | vest စွပ်ကျယ်။ |
| suit ဝတ်စုံ။ | tie လည်စီး။ |
| jacket အပေါ်အင်္ကျီ။ | trousers ဘောင်းဘီရှည်။ |

## Color (Adj)

| | |
|---|---|
| red နီသော။ | white ဖြူသော။ |
| yellow ဝါသော။ | blue ပြာသော။ |
| black မဲနက်သော။ | brown ညိုသော။ |
| pink ပန်းရောင်ဖြစ်သော။ | purple ခရမ်းနုရောင် ဖြစ်သော။ |
| gray မီးခိုးရောင်သမ်းသော။ | green စိမ်းသော။ |
| golden ရွှေရောင်ဖြစ်သော။ | orange လိမ္မော်ရောင်ဖြစ်သော။ |
| dark မှောင်သော။ | streak (n) အစင်းကျား။ |

She has a red blouse. They have blue jeans. (ပိုင်ဆိုင်မှု)

She is in a red blouse. (ဝတ်ဆင်မှု)

## ဆွေမျိုးသားချင်းများ

grandfather/ grandmother အဖိုး၊ အဖွား။

grandchild မြေး။

father/ mother အဖေ၊ အမေ။

son/ daughter သား၊ သမီး။

uncle/ aunt ဦးလေး၊ အဒေါ်။

nephew/ niece တူ၊ တူမ။

brother/ sister မောင်/ညီ/အစ်ကို၊ အစ်မ/ညီမ။

grandson/ granddaughter မြေး (ကျား/မ)။

step-father/ step-mother ပထွေး/ မိထွေး။

step-son/ step-daughter လင်ပါ မယားပါသား/သမီး

half-brother/ half-sister အဖေတူ အမေကွဲ မောင်/နှမ။ အမေတူ အဖေကွဲ မောင်နှမ။

adopted child မွေးစားသား။

adoptive parent မွေးစားမိဘ။

cousin ဝမ်းကွဲ။

## Verb to do

Verb to do မှာ ရေတွက်၍ မကုန်နိုင်အောင် များပြားလေသည်။ အနည်းကိန်း ပြောင်းနိုင်ရန် s, es, ies ဆက်နည်းများကို သေချာအောင် လေ့ကျင့်ပါ။

*ဆောင်။ I do, you do, အများ-do, တစ်ဦး တစ်ခု၊ does နှင့်ပြု၊ အတိတ် did ပြောမှု။*

| | |
|---|---|
| He finishes his work. | He studies English. |
| I know this boy. | He abandons his life to the Buddha. |

**Daily Life**

- get up/ have breakfast/ go to school/ meet friends/ teach lessons/ learn lessons/ drink a cup of coffee/ read books/ leave school/ walk/ get home/ write an essay/ do homework/ listen to the music/ go to bed
- cook rice in the kitchen/ wash vegetable/ peel fruits/ slice onion/ boil potato/ roast maize/ toast beef/ steam sticky rice/ fry noodle/ bake cake/ grill fish/ barbecue pork/ braise beef and onion/ scramble eggs
- like + coffee/ tea/ cake/ pizza/ bread/ Myanmar food/ classical music/ reading books/ listening
- read + a book/ newspaper/ journal/ magazine/ story/ novel/ article/ report/ review/ statement/ words
- wash + face/ hair/ hand/ foot/ cup/ dish/ bowl/ glasses/ spoon/ napkin/ towel/ cloth/ socks/ floor

ဖော်ပြပါ စကားလုံးများကို အသုံးပြု၍ ဝါကျများ တည်ဆောက်ကြည့်ပါ။ မိမိ၏ နေ့စဉ်ဘဝ အကြောင်းကို အင်္ဂလိပ်လို ရေးကြည့် ပြောကြည့်ပါ။

သေချာပေါက် ပြုလုပ်ခြင်းကို ဖော်ပြလိုလျှင် do, does, did တို့ကို ကြိယာရှေ့တွင် ထားကာ ရေးလေ့ရှိသည်။

I do go to Mandalay. He did go to school.

He does go to Mandalay. They do come to me.

| | | | |
|---|---|---|---|
| 1 | ကံမယူ | S + V | He sits. |
| 2 | ကံယူ | S + V + O | He likes coffee. |
| 3 | ကံနှစ်ခုယူ | S + V + I.O + D.O | He gives me money. |
| 4 | ကံအဖြည့်ပုဒ်လိုက် | S + V + O + O.C | I have my finger cut. |

ပုံစံ အပြည့်အစုံကို Sentence Pattern ခန်းတွင် ဆက်လက် ဖော်ပြပါမည်။

## ကံယူကြိယာ၊ ကံမယူကြိယာ ခွဲနည်း

Verb to do တွင် ကံမယူ ကြိယာ၊ ကံတစ်ခုယူကြိယာ၊ ကံနှစ်ခုယူ ကြိယာဟု သုံးအုပ်စု ကွဲပြန်သည်။ ကံမယူ၊ ကံတစ်ခုယူ ကြိယာ၊ ကံနှစ်ခုယူကြိယာ ခွဲခြားသိလိုလျှင် ဘယ်သူ့ကိုလဲ၊ ဘာကိုလဲဟု ကြိယာ၏ အဓိပ္ပါယ်နှင့် တွဲကာ မေးကြည့်ပါ။

ဥပမာ- hate- မုန်းသည်။ ဘယ်သူ့ကို မုန်းတာလဲ၊ ဘာကို မုန်းတာလဲဟု မေးကြည့်လိုက်ပါ၊ I hate you. ဝါကျတွင် သင့်ကို မုန်းတာဟု မုန်းသောသူ၊ She hates dancing. ဝါကျတွင် ကခြင်းကို မုန်းတာဟု မုန်းသော အရာကို တွေ့နိုင်ပါသည်။ အောက်ပါ ဝါကျများကို ဘာသာပြန်ကြည့် မေးကြည့်ပါ။

He lends me 50 kyats. သူသည် ကျွန်ုပ်အား ၅၀-ကျပ် ချေးသည်။

He shows me his new car. သူသည် သူ့ကားသစ်ကို ကျွန်ုပ်အား ပြသည်။

She loves dancing. သူမသည် ကခြင်းကို နှစ်သက်သည်။

*ဆောင်။ ဘယ်သူ့ကိုလဲ၊ ဘာကိုလဲ၊ နက်-တွဲမေးလိုက်ကြ။*
*ကံတစ်ခုယူ၊ နှစ်ခုယူ၊ လွယ်ကူသိရှိရ။*

## ကံယူကြိယာများ

abandon စွန့်လွှတ်သည်။
abuse ဆဲရေးသည်။
accept လက်ခံသည်။
accompany ခြံရံလိုက်ပါသည်။
accuse စွပ်စွဲသည်။
allow ခွင့်ပြုသည်။
answer ဖြေဆိုသည်။
arrest ဖမ်းဆီးသည်။
ask မေးသည်။
attack တိုက်ခိုက်သည်။
believe ယုံကြည်သည်။
bewitch ပြုစားသည်။
borrow ငှားယူသည်။
bribe လာဘ်ပေးသည်။
call ခေါ်သည်။
cease ချုပ်ငြိမ်းသည်။
capture ဖမ်းမိသည်။
cheat လိမ်ညာသည်။
climb တက်သည်။
close ပိတ်သည်။
cook ချက်သည်။
count ရေတွက်သည်။
cross ဖြတ်သန်းသည်။
decide ဆုံးဖြတ်သည်။
delay ကြံ့ကြာသည်။
dress ဝတ်စားဆင်ယင်သည်။
drop ကျသည်။
drug ဆေးခပ်သည်။
elevate မြှင့်တင်ပေးသည်။
engender ပေါက်ပွားစေသည်။
expect/hope မျှော်လင့်သည်။
fill ဖြည့်တင်းသည်။
finish ပြီးဆုံးသည်။
frighten ထိတ်လန့်စေသည်။
fix တပ်ဆင်သည်။
fry ကြော်သည်။
force ဖိအားပေးသည်။
gain ရရှိသည်။

guess ခန့်မှန်းသည်။
guard စောင့်ရှောက်သည်။
help ကူညီသည်။
hunt အမဲလိုက်သည်။
inform သတင်းပေးသည်။
join ပါဝင်သည်။
kill သတ်သည်။
lift မသည်။
lock သော့ခတ်သည်။
locate တည်ရှိ/ရှာဖွေသည်။
measure တိုင်းတာသည်။
miss လွမ်း/လွဲချော်သည်။
obey နာခံသည်။
order အမိန့်ပေးသည်။
paint ဆေးသုတ်သည်။
pass ကျော်လွန်သည်။
plant စိုက်ပျိုးသည်။
prey လုယက်သည်။
promise ကတိပေးသည်။
pull ဆွဲသည်။
push တွန်းသည်။
reach ရောက်သည်။
remember သတိရသည်။
rub ပွတ်တိုက်သည်။
save ကယ်တင်သည်။
scratch ကုတ်ခြစ်သည်။
separate ခွဲခြားသည်။
shave ရိတ်သည်။
shudder တုန်လှုပ်သည်။
splash ရေဖြင့်ပက်/ရေစင်သည်။
study လေ့လာသည်။
thank ကျေးဇူးတင်သည်။
touch ထိသည်။
train လေ့ကျင့်သည်။
treat ပြုမူဆက်ဆံသည်။
trouble ဒုက္ခပေးသည်။
use အသုံးပြုသည်။
visit လည်ပတ်သည်။
want လိုချင်သည်။
waste ဖြုန်းတီးသည်။
watch စောင့်ကြည့်သည်။
wish ဆန္ဒရှိသည်။
wonder သိချင်သည်။
yield (အကျိုး)ဖြစ်/ထွက်ရှိသည်။

**The Buddha**

| | |
|---|---|
| is/ was | a Sakyan prince/ a future Buddha/ a great man/ an extra-ordinary man/ nice/ friendly/ young/ tall/ handsome/ wealthy/ wise/ honest/ sincere/ famous/ compassionate/ kind/ humble/ intelligent/ bright/ smart/ knowledgeable/ in the search of truth/ in the forest/ under a tree/ in the park/ in the monastery/ in the Dhamma-hall/ in an assembly |
| has/ had | black hair/ black eyes/ long ears/ three palaces/ a brother/ a sister/ a wife/ a son/ aunts/ uncles/ family/ cousins/ relatives/ friends/ attendants/ musicians/ dancers/ performers/ carpets/ clothes/ golden cups/ silver cups/ jewelry/ horses/ elephants/ chariots/ parks/ pools/ lakes/ garden/ robes/ an alms-bowl/ disciples |
| goes to the park/ sees four great omens/ feels sense of urgency/ renounces the world/ becomes an ascetic/ learns meditation/ meditates in the forest/ practises the austerity/ drink a handful bean soup/ abandons the extreme asceticism/ discovers the middle path/ follow the noble eight-fold path/ attain psychic power/ eradicates the defilements/ becomes a Buddha/ meets people/ preaches the Dhamma/ ordains monks/ regulates monks' conduct/ formulates rules/ guides people (through/to)/ teaches meditation & the three trainings/ answers the questions/ motivates people/ enlightens people/ passed away in Kusināra. | |

## Auxiliary Verbs (Helping Verbs) အကူကြိယာ

ဤကြိယာတို့ကို Modal Verbs ဟုလည်း ခေါ်ကြသေးသည်။ ဤအကူကြိယာ များသည် Verb to be, Verb to have, Verb to do တို့၏ ရှေ့တွင် ကပ်လျက် နေရာယူကာ 'ဖြစ်နိုင်' 'ရှိနိုင်' 'ပြုနိုင်' စသည်ဖြင့် အဓိပ္ပါယ် ပြောင်းလဲအောင် ကူညီကြသည်။

| | |
|---|---|
| can နိုင်သည်။ | could နိုင်ခဲ့သည်။ |
| will လိမ့်မည်။ | would ခဲ့လိမ့်မည်။ |
| shall လိမ့်မည်။ | should ခဲ့လိမ့်မည်/ သင့်သည်။ |
| may ...ကောင်း...မည်/ ...နိုင်သည်။ | might ...ကောင်း...ခဲ့လိမ့်မည်။ |
| must ရမည်။ | ought to သင့်သည်။ |
| need ဖို့လိုသည်။ | dare ရဲသည်။ |
| used to လေ့ရှိသည်။ | have to ရသည်/ ...စရာရှိသည်။ |

၁။ Verb to be ဖြစ်မူ be နှင့် တွဲသည်။ am, is, are, was, were တို့နှင့် မတွဲပါ။

ပုံစံ။ I will be a monk. He can be a doctor.
She must be a Japanese. They should be there.

၂။ Verb to have ဖြစ်လျှင် have နှင့်တွဲသည်။ has, had တို့နှင့် မတွဲပါ။

ပုံစံ။ He will have a car. I must have my lunch.
They can have a house.

၃။ Verb to do ဖြစ်လျှင် မူလကြိယာဖြစ်သော ပစ္စုပ္ပန်နှင့်သာ တွဲသည်။ အကူကြိယာနှင့် ကပ်လျက် Verb တွင် s, es, ed စသည် ဆက်စရာမလို။

ပုံစံ။ He will go abroad. I can come tomorrow.

They will visit Mandalay.

*ဆောင်။ အကူတွဲဖက်၊ be နှင့် have သက်သက် $V_1$ သာ။*

ဖော်ပြခဲ့သော The Buddha ဇယားတွင် အသုံးပြုထားသည့် ဝါကျများကို အကူကြိယာဖြင့် ရေးသားကြည့်ပါ။

ပုံစံ - He will be a Sakyan prince. (Verb to be ဖြစ်လျှင် be ကိုသုံး။)

He will have black hair. (Verb to have ဖြစ်လျှင် have ကိုသုံး။)

He will go to the park. (Verb to do ဖြစ်လျှင် $V_1$ ကိုသုံး။)

ဤအကူကြိယာများကို အသုံးပြုရေးသားသော ဝါကျများကို Modal Tense ဟုလည်းခေါ်သေးသည်။ အသုံးအနှုန်းမှာ အလွန်ပင် ကျယ်ပြန့် လှသည်။ သိသာရန် အနှစ်ချုပ်မျှသာ ဖော်ပြပါမည်။ ကြိယာပုံစံ အပြည့်အစုံကို Future Tenses ဇယားကြည့်လျှင် နားလည် နိုင်ပါလိမ့်မည်။

၁။ ကူညီခြင်း၊ ကမ်းလှမ်းချက်၊ စွမ်းရည်၊ ခွင့်ပြုခြင်း၊ ခွင့်တောင်းခြင်း၊ အခြေအနေ၊ ခန့်မှန်းချေ တို့ကို ပြောဆိုရာတွင် can, could တို့ကို အသုံးပြုနိုင်ပါသည်။ tense (ကာလ)၊ ကတ္တား၊ အဆိုပြု၊ မေးခွန်း၊ အငြင်းဝါကျ အားလျှော်စွာ အဓိပ္ပါယ် ပြောင်းလဲနိုင်သည်ကို သတိပြုပါ။

*ဆောင်။ ကူညီ-ကမ်းလှမ်း၊ စွမ်း-ခွင့်-ခြေနေ၊ ခန့်မှန်းချေ၊ သုံးလေ*
*can, could ကို။*
*ကာလ-ပုဂ္ဂလ၊ မေး-ငြင်းပြ၊ သုံးကြသင့်သလို။*
*နိုင်, လို့ရသည်၊ လေ့ရှိသည်၊ တတ်သည် စွမ်းနိုင် ပြုမည်ဆို။*

ပုံစံ။ I can do for you. He can speak English.

Can I say something? What can I do for you?

၂။ ခွင့်တောင်းခြင်း၊ ခွင့်ပြုခြင်း၊ ဆုတောင်းခြင်း၊ ခန့်မှန်းခြင်းတို့ကို ပြောဆိုရာတွင် may, might တို့ကို အသုံးပြုပါသည်။

*ဆောင်။ ခွင့်-ဆုတောင်းပြု၊ ခန့်မှန်းဆ၊ သုံးကြ may, might ကို။*
*နိုင်, လို့ရ, စေ၊ ပါရစေ၊ ပါစေ, နိုင်လောက်, ချင်နိုင်ဆို။*

ပုံစံ။ May I ask a question? May you be well and happy!
You may go. They may come tomorrow.

၃။ ဆုံးဖြတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ သဘောထားမေးမြန်းခြင်း၊ အာမခံချက်ပေးခြင်းတို့ကို ပြောဆိုရာတွင် shall ကို အသုံးပြုပါသည်။

*ဆောင်။ ဆုံးဖြတ်-ကမ်းလှမ်း၊ မေးမြန်းသဘောမှန်၊ အာမခံ၊ သုံးရန်*
*shall တစ်ခု။*

ပုံစံ။ Shall we go for fishing? I shall be there.

၄။ တာဝန်ရှိမှု၊ ထင်ကြေးပေးမှု၊ မိမိ၏အတွေး၊ ဆန္ဒရှိမှု၊ ဖြစ်နိုင်ခြေနည်းပါးမှု၊ ကမ်းလှမ်းမှုတို့ကို ပြောဆိုရာတွင် should ကို အသုံးပြုပါသည်။

*ဆောင်။ တာဝန်-ထင်ကြေး၊ ကိုယ့်အတွေးပြု၊ ဆန္ဒ-ဖြစ်ခဲ၊ ကမ်းလှမ်းဆဲ၊*
*သုံးစွဲ should တစ်ခု။*
*ချင်, မိ, သင့်သည်၊ လောက်, နိုင်သည်၊ မည်ဆိုပါက သင့်အောင်ပြု။*

ပုံစံ။ You should go there. You should take care of him.

၅။ အလေ့အထ၊ ဆန္ဒရှိမှု၊ ဖြစ်နိုင်ခြေရှိမှု၊ ပန်ကြားခြင်း၊ ဖိတ်ကြားခြင်း၊ စွမ်းရည်ရှိခြင်းတို့ကို ပြောဆိုရာတွင် will, would တို့ကိုအသုံးပြုပါသည်။ would ကိုမူကား ထင်ကြေးပေးခြင်း၊ ဖြစ်နိုင်ခြေရှိခြင်းတို့ကို ပြောရာတွင်ပါ အသုံးပြုနိုင်သည်။

*ဆောင်။ အလေ့-ဆန္ဒ၊ အလားလာပြငြား၊ ပန်ကြား-ဖိတ်မန်၊ စွမ်းရည်မှန်၊*
*သုံးရန် will တစ်ခု။*
*ထင်ကြေးတစ်ထွေ၊ ဖြစ်နိုင်ခြေ၊ ပိုလေ would နှင့်ပြု။*
*နိုင်, လိမ့်, ရမည်၊ လေ့ရှိသည်၊ မိ, ရာကျ, မှာ မေးငြင်းပြု။*

ပုံစံ။ He will be there. Will you come to me tomorrow?

၆။ တာဝန်ရှိမှု၊ ကောက်ချက်ချမှု၊ တိုက်တွန်းမှု၊ တားမြစ်မှုတို့ကို ပြောဆိုရာတွင် must ကို အသုံးပြုပါသည်။

*ဆောင်။ တာဝန်-ကောက်ချက်၊ တိုက်တွန်းချက်၊ တားချက် must သုံးကြ။*

ပုံစံ။ You must study English. I must meditate.

၇။ အကြံပြုခြင်း၊ ခန့်မှန်းခြင်း၊ ကောက်ချက်ချခြင်း၊ တာဝန်ရှိခြင်းတို့ကို ပြောဆိုရာတွင် Modal Continuous Tense ကို အသုံးပြုပါသည်။

*ဆောင်။ ကြံပေး-မှန်းဆ၊ ကောက်ချက်ချ၊ တာဝန်ပြလတ်၊ continuous*

ပုံစံ။ He can be waiting for me.
You should be listening to the Dhamma.

၈။ ထင်ကြေးပေးခြင်း၊ ကောက်ချက်ချခြင်း၊ စွမ်းနိုင်ပါလျက် မပြုလုပ်ခဲ့ခြင်း တို့ကို ဖော်ပြရာတွင် Modal Perfect Tense ကို သုံးပါသည်။ Modal Perfect Continuous Tense ကိုလည်း နည်းတူသုံးနိုင်သည့်အပြင် အတိတ်ကာလတွင် မပြီးမြောက်ခဲ့သည်ကိုပါ ဖော်ညွှန်း ပြောဆိုနိုင်လေသည်။

*ဆောင်။ ထင်ကြေး-ကောက်ချက်၊ စွမ်းရှိလျက်-ပျက်ကွက် perfect မှတ်၊*
*တိတ်မပြီးမြောက်၊ ထည့်သွင်းလှောက်၊ သုံးမြောက် perfect-continuous*

ပုံစံ။ I may have meditated.

You should have been meditating there.

**Daily Life**

- **(Be/ Linking Verbs)** + happy/ lazy/ calm/ excited/ kind/ compassionate/ wise/ enthusiastic/ clear/ careful/ mindful/ diligent/ negligent/ forgetful/ comfortable/ ill/ sick/ well/ healthy/ wealthy/ attentive/ interested/ good/ bad/ slow/ quick/ easy/ difficult/ long/ short/ skillful/ proper/ improper/ subtle/ gross/ near/ far/ internal/ external/ mental/ bodily/ verbal/ active/ sluggish/ neat/ messy/ wide/ narrow/ green/ dark/ white/ yellow/ red/ big/ small/ sharp/ active/ silence/ quiet/ bright/ stable
- wake up/ get up/ wash face/ brush teeth/ wipe face/ fold blanket/ prepare food, meal, book, bag/ rearrange clothes/ go to the dining hall, the refectory, the alms-giving hall, the meditation hall/ chant Paritta/ study English/ read books/ radiate Mettā (loving-kindness) toward sentient beings/ meditate/ focus on the breath around the nostril/ count the breath/ concentrate on the object/ see the light, sign of concentration (Nimitta)/ walk/ stand/ lie down/ bake bowl/ dye robe/ lay sitting-cloth/ accept donation/ have breakfast, lunch, evening juice/ offer food, candle light, incense stick, flower, water (to the Buddha)/ clean the room, compound, walking-path/ sweep/ listen to a discourse/ report meditation/

line up/ tranquilize the mind/ take shower, a bath, seat, break, rest, nap, exam/ develop concentration/ attain (achieve) jhānas, path, fruition, Nibbāna

- discern + consciousness, contact, feeling, perception, volition, one-pointedness, life-faculty, attention, initial application, sustained application, decision, effort, rapture, desire, delusion, moral shamelessness, moral fearlessness, restlessness, greed, wrong view, conceit, hatred, jealousy, stinginess, remorse, sloth, torpor, skepticism, faith, mindfulness, moral shame, moral dread, non-greed, non-hatred, ever-evenness, tranquility, lightness, flexibility, wieldiness, proficiency, rectitude, right speech, right action, right livelihood, compassion, sympathetic joy, wisdom + arise (together with…)
- discern + earth element (hardness, roughness, heaviness, softness, smoothness, lightness), water element (flowing, cohesion), fire element (heat, cold), wind element (supporting, pushing), eye translucency, ear-, nose-, tongue-, body translucency, color, smell (odor), flavor (taste), tangible object, sex materiality, heart materiality, life faculty, nutriment, space, bodily intimation, verbal intimation, lightness, flexibility, wieldiness, generation, continuity, aging, impermanent

- associate with + pleasure, displeasure, equanimity, rapture, wrong view, conceit, grudge, wholesome, unwholesome, mental factor, abstinence, immeasurable, knowledge
- establish (re-establish) concentration/ visualize Kasiṇa, the corpse/ expand Kasiṇa/ check bhavaṅga (mind-door)/ discern bhavaṅha, Nimitta, Jhāna factors/ re-enter Jhāna/ emerge from Jhāna/ recollect the Buddha's quality/ overview the elements/ know natural characteristic, general characteristic
- discern + the characteristic, function, manifestation, proximate cause/ mentality (in every mind-moment), materiality (in every particle), causes (of mentality, materiality, rebirth-linking consciousness), near death moment object/ kamma-produced materiality/ mind-produced materiality/ temperature-produced materiality/ nutriment-produced materiality/ the arising stage/ status stage/ perishing stage/ momentary arising and perishing/ mental process/ causal arising and perishing/ thirty-two body parts internally and externally
- contemplate + materiality, mentality, cause and effect, their arising and perishing + as impermanent, suffering, and non-self.

ဖော်ပြပါ ကြိယာ + ကံ တို့တွင် ငါ, သူ, သင်နှင့် အမည် တို့ကို ကတ္တားအဖြစ် အသုံးပြု၍ ဝါကျများ ရေးသားကြည့်ပါ။

## အခြားကြိယာခွဲနည်း

**Action Verbs (Dynamic/ Fientive)** – walk, read, watch, help,

**Stative Verbs** – believe, understand, have, see, contain, measure

*လှုပ်ရှားမှုရှာ၊ Action သာ၊ ချိန်ခါတွင်းဖြစ် Dynamic*
*ထင်မြင်-မှတ်သား၊ အာရုံငါး၊ ခံစား-ပိုင်သ၊ ဖြစ်စဉ်ပြ၊ Verb က Stative*[6]

### Action Verbs

accelerate, achieve, acquire, administer, advance, advise, advocate, align, amend, amplify, analyze, apply, arbitrate, assemble, assess, attain, audit, authorize, award, block, boost, brief, chair, calculate, campaign, capitalize, chart, centralize, clarify, coach, complete, compose, connect, conserve, consolidate, consult, control, convert, convey, convince, coordinate, correspond, counsel, create, critique, cultivate, customize, decrease, deduct, define, delegate, deliver, demonstrate, design, develop, devise, diagnose, direct, disconnect, discover, discus, dispatch, document, earn, edit, educate, enable, enforce, engineer, enhance, ensure, establish, evaluate, examine, exceed, execute, expand, expedite, explore, facilitate, field, forecast, forge, formalize, formulate, form, foster, found, further, gain, generate, guide, handle, head, hire, implement, improve, incorporate, identify, illustrate, influence,

---

[6] **Perception, opinion, sense, emotion, possession, state of being/quality**

inform, initiate, inspect, inspire, institute, integrate, interpret, introduce, investigate, itemize, launch, lead, lessen, lift, lobby, mange, map, maximize, measure, mediate, mentor, merge, mobilize, modify, monitor, motivate, navigate, negotiate, operate, orchestrate, organize, outpace, outperform, overhaul, oversee, partner (at), persuade, pioneer, plan, produce, program, promote, propose, publicize, qualify, quantify, reach, reconcile, recruit, redesign, reduce, refine, refocus, regulate, rehabilitate, reject, remodel, reorganize, replace, research, resolve, restructure, revamp, review, revitalize, screen, scrutinize, secure, shape, showcase, simplify, spearhead, solve, standardize, stimulate, streamline, strengthen, succeed, supervise, surpass, survey, sustain, target, teach, test, track, train, transform, trigger (off), unify, unite, update, upgrade, verify, yield

*ဆက်ဆံပေါင်းသင်း၊ အောင်ခြင်း, တီထွင်။*
*စီမံခန့်ခွဲ၊ ပြောင်းလဲ, လမ်းညွှန်။*
*ဦးဆောင်, စစ်ဆေး၊ စည်းလုံးရေးတွင်။*
*လုံလောက်င၊ တက်, ကျ, လေ့ကျင့်လျှင်။*
*ကိုယ်နှုတ်မှု၊ ပြုကြ ဗွဘ် အကျိရှင်။*

## Biography

| | | | |
|---|---|---|---|
| 1 | Name | Mahattama Gandhi | |
| 2 | Date of birth | 2 October 1869 | |
| 3 | Place of birth | Porbandar, Kathiavar | |
| 4 | Early life | Education | Learning law in England |
| | | Personality | Religious, Diligent, love truth |
| 5 | Spouse | Kasturba Gandhi | |
| 6 | Relatives | Parents | Karamchand Gandhi & Putlibai |
| | | Children | Harilal, Manilal, Ramdas, Devdas |
| 7 | Career | Lawyer | |
| 8 | Known for | Leadership, Politicism, Experiment | |

လူတစ်ယောက်အကြောင်းကို ရေးသားရာတွင် အထူးသဖြင့် ကမ္ဘာ့ခေါင်းဆောင်များ အကြောင်းကို ရေးသားလျှင် ပါဝင်သင့်သော အရေးကြီးသည့် အချက်များကို ရှာဖွေတတ်ရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့် ဖော်ပြလိုလျှင် - အမည်၊ မွေ့နေ့၊ မွေးရပ်၊ မိဘ၊ ငယ်ဘဝ၊ အိမ်ထောင်ဘက်၊ သားသမီး/ဆွေမျိုး၊ အသက်မွေးဝမ်းကြောင်း၊ ထင်ပေါ်သည့် လုပ်ဆောင်ချက်၊ သေဆုံးသည့် ရက်စွဲ စသည်တို့ဖြင့် ရေးသားနိုင်သည်။

အကယ်၍ ထပ်မံ ဖော်ပြလိုလျှင်၊ အသွင်အပြင်၊ စိတ်နေစိတ်ထား၊ ထူးခြားဖြစ်စဉ်/လုပ်ရပ် တို့ဖြင့် ရေးသားနိုင်သေးသည်။

မိဘ၊ ဆရာ၊ မိတ်ဆွေ၊ ညီ/အစ်ကို၊ မောင်/နှမ တို့၏ အကြောင်းကို အင်္ဂလိပ်လို စတင် ရေးသားကြည့်ပါ။

လူတစ်ယောက်အကြောင်းကို သရုပ်ဖော် ရေးသားရာတွင် အသွင်အပြင်, စိတ်သဘောထား, ဝတ်စားဆင်ယင်မှု, အမူအရာများကို ထိုက်သင့်သလို ထည့်သွင်း ရေးသားနိုင်သည်။ အသွင်အပြင်ကို ဖော်ပြသည့် စကားလုံးများကို Verb to have ခန်းတွင် ဖော်ပြခဲ့ပြီ။

## ရှေ့နောက် သတိထားရမည့် ကြိယာများ

| | | |
|---|---|---|
| have/ brush/ comb/ wash/ do/ fix/ dye/ cut | hair | |
| open/ close/ shut/ raise/ lower/ rub/ wipe/ narrow/ roll/ shade/ shield/ avert | eye | open/ close/ widen/ shine/ sparkle/ twinkle/ flash/ fall on/ dart glaze/ meet |
| blow/ wipe/ pick/ winkle/ hold | nose | |
| open/ close/ shut/ cover/ wipe/ kiss | mouth | open/ close |
| wash/ wipe/ rub/ see/ touch | face | go (red)/ darken/ glow/ flush/ soften/ harden |
| wash/ wipe/ push/ see/ touch | body | ache/ shake/ tremble/ stiffen/ lie |
| wave/ clap/ wash/ hold/ shake/ join/ clasp/ raise/ fold | hand | shake/ tremble/ hold/ touch/ grip/ clutch/ tight/ close/ slip |

She brushes her hair. Her eyes are shining.

## Mi Mi

| | |
|---|---|
| is | a girl/ a student/ a nurse/ a good friend/ beautiful/ friendly/ tall/ slim/ happy/ diligent/ kind/ nice/ polite/ generous/ in the city/ in the clinic/ in the class/ in the park/ in the playground/ at the office/ in the car/ near the river/ under a tree/ here/ there/ downstairs |
| has | black straight hair/ black eyes/ younger brother/ aunt/ books/ shoes/ dresses/ bicycle/ smart phone/ pencil/ pen/ eraser/ lamp/ computer/ clock/ watch/ bag/ slipper/ shirt/ chair/ mat/ table/ her breakfast/ a drink |
| wake up/ open eyes/ stretch hands/ wash face/ brush teeth/ gargle/ wipe face/ clean the room/ go to the market/ buy snacks & fruits/ share it with friends/ peel apples/ slice onions/ chop radish/ mix a salad/ cook rice (herself)/ fry vegetables/ boil water/ take a seat/ lay a table/ prepare food/ enjoy (her) meal/ wear flowers/ visit friends/ chat with friends about movies/ water plants/ take a nap/ attend the class/ study English/ read books/ write an essay/ swim in the pool/ play tennis/ help (her) mother/ do homework/ offer water to the Buddha/ radiate loving-kindness/ chant Paritta/ unfold the mosquito-net/ go to bed/ fall asleep. | |

ပုံစံ - Mi Mi is a girl. Mi Mi has black straight hair.
Mi Mi wakes up. Mi Mi will be a nurse.

ဤဇယားပါ ဝါကျများကို လာမည့် အခန်းကဏ္ဍတိုင်းရှိ လေ့ကျင့်ခန်းများတွင် အသုံးပြုရန် ဖြစ်ပါသည်။ ကျန်ဇယားများကိုလည်း နည်းတူ အသုံးပြုပါ။

## Argumentative Writing

| | | | |
|---|---|---|---|
| 1 | Introduction | Everybody has attachment. | |
| 2 | Thesis Statement | Attachment is good and bad. | |
| 3 | Opposing Claims | Reason 1 | make people happy. |
| | | Reason 2 | make life meaningful. |
| 4 | Your Viewpoints | Reason 1 | happiness ending in suffering |
| | | Reason 2 | endless searching |
| 5 | Conclusion | It depends. | |

ဖော်ပြထားသော ဇယားမှာ နမူနာ သိသာရုံ တင်ပြထားခြင်း ဖြစ်ပါသည်။ ၃ နှင့် ၄ ကို ရှေ့နောက်ပြန်၍လည်း ရေးနိုင်ပါသည်။ အကြောင်းပြချက်များစွာဖြင့်လည်း ရေးနိုင်ပါသည်။

အရာရာတိုင်းတွင် အားသာချက် အားနည်းချက် ရှိတတ်ပါသည်။ ထို အားသာချက် အားနည်းချက်များကို မြင်တတ် ကြည့်တတ် ရေးသားတတ်ရန် တင်ပြထားခြင်း ဖြစ်ပါသည်။

ဥပမာ -

ပျော်ရွှင်မှုသည် ကောင်းပါသည်။ (Statement)

သို့သော် - ပျော်ရွှင်မှုကို ဖန်တီးနေရခြင်းသည် ပင်ပန်းစေပါသည်။ ပျော်ရွှင်မှုကို ပေးနိုင်သည့် အကူပစ္စည်း၊ သက်ရှိ သက်မဲ့တို့ကို ကိုင်တွယ်ရာတွင် မလိမ္မာလျှင် ပျော်စရာမှ စိတ်ညစ်စရာ အဖြစ်သို့ ပြောင်းလဲ သွားတတ်ပါသည်။

မပင်ပန်းသော ပျော်ရွှင်မှုများ ရှာတတ်ရန် လိုအပ်ပါသည်။ ပြဿနာ အရှုပ်အရှင်းကင်းသော ပျော်ရွှင်မှုကို ရှာတတ်ရန် လိုအပ်ပါသည်။ ပျော်ရွှင်မှုဖြင့် စတင်၍ ပျော်ရွှင်မှုဖြင့် အဆုံးသတ်သော ပျော်ရွှင်မှု အစစ်ကို ရှာတတ်ဖို့ လိုပါသည်။

ပျော်ရွှင်မှုသည် ခံစားသူ ဖန်တီးသူ၏ လိမ္မာကျွမ်းကျင်မှု အပေါ် မူတည်၍ အရသာ ကွဲပြားနိုင်ပါသည်။ (နိဂုံးပိုင်းကို ခေါင်းစဉ်အားလျော်စွာ ရေးသားနိုင်သည်။)

အလားတူပင် အခြားသော ခေါင်းစဉ်များဖြင့် အများလက်ခံနိုင်သည့် အခြေအနေများနှင့် ယုတ္တိတန်သည့် အားသာချက် အားနည်းချက်များ ရနိုင်သမျှ ရှာဖွေကာ ရေးသားကြည့်ပါ။

အင်္ဂလိပ်လိုရေးသားလိုလျှင် ဖော်ပြခဲ့သော အစိတ်အပိုင်း အားလုံးတွင် လိုအပ်သည့် အားလျော်စွာ -

(၁) စကားလုံးရှာပါ၊
(၂) ဝါကျစဉ်ပါ၊
(၃) စာပိုဒ် ဖွဲ့ပါ။

ပုံစံကျသည့် စာစီစာကုံး တစ်ခု ဖြစ်လာပါလိမ့်မည်။

ဤအပိုင်းတွင် Verb to be, Verb to have, Verb to do တို့၏ မတူကွဲပြားသည့် ဝါကျပုံစံများကို အသုံးပြုကာ စာရေးတတ်ရုံသာ ရည်ရွယ်ပါသည်။ လာမည့် အခန်းတိုင်းတွင် ဝါကျပုံစံများ သင်ခန်းစာအားလျော်စွာ ဖြည့်စွက် အသုံးပြုကာ ရေးသားရန် လိုအပ်ပါသည်။

## Tenses

ကြိယာအားလျော်စွာ ကာလခွဲပုံ

| Verb | $V_1$ | $V_2$ | $V_3$ | $V_4$ |
|---|---|---|---|---|
| **Verb to be** | am, is, are, be | was, were | been | being |
| **Verb to have** | has, have | had | had | having |
| **Verb to do** | does, do | did | done | doing |

ဇယားပါ Verb to be နှင့် Verb to have ကြိယာပုံစံ တို့ကို အတိအကျ မှတ်မိပါစေ။ Verb to do ပုံစံတို့ကို ဆက်လက်ဖော်ပြရန် ရှိပါသည်။ $V_1$, $V_2$, $V_3$, $V_4$ ဟူသော အခေါ်အဝေါ်တို့မှာ မြန်မာစာသင်သား လောကတွင် အသုံးတွင်ကျယ်နေသော အခေါ်အဝေါ်များ ဖြစ်ပါသည်။ အင်္ဂလိပ်သဒ္ဒါ ကျမ်းများတွင်မူ ဆိုင်ရာ အသုံးအနှုန်းများ ရှိကြပါသည်။ ၎င်းတို့မှာ -

၁။ $V_1$-ကို Principle Verb, ၂။ $V_2$ ကို Past Tense,
၃။ $V_3$ ကို Past Participle, ၄။ $V_4$ (V-ing) ကို Present Participle ဟုခေါ်ကြသည်။

$V_1$ တွင် ကြိယာကို အနည်းကိန်းပြောင်းသည့် ပုံစံကိုပါ ထည့်သွင်း၍ ၅ မျိုး ခွဲသည်လည်း ရှိသည်။ ထိုနည်းဖြင့် ခွဲလျှင်လည်း ကြိယာပုံစံ (Verb Forms) လေးမျိုးတွင်သာ အကျုံးဝင်ပါသည်။ အောက်ပါ ပုံစံကို မှတ်သားထားပါ။

(၁) $V_1$/ $V_1$s (ပစ္စုပ္ပန်) (၂) $V_2$ (အတိတ်)

(၃) $V_3$ (ပြီးစီး/ခံရ) (၄) $V_4$ (ပြုလုပ်နေဆဲ)

## Verb$_1$ မှ V$_2$, V$_3$ ပြောင်းနည်း

၁။ သရတစ်လုံးနှင့် ဗျည်းတစ်လုံးတွဲဆုံးသော ကြိယာများတွင် မျိုးတူဗျည်းတစ်လုံးတိုးကာ ed-ဆက်လျှင် V$_2$, V$_3$ တို့ဖြစ်လာသည်။ e-ဆုံးမူကား d-ဆက်လျှင် V$_2$, V$_3$ ဖြစ်လာသည်။

*ဆောင်။ သရတစ်လုံး၊ ဗျည်းနှင့်ဆုံး၊ ဗျည်းတစ်လုံးတိုးလျက်၊ ed-ဆက်၊*
*e-ဆုံးမူကား၊ d- သက်သက်။*

ပုံစံ။ permit - permitted, knit - knitted, cancel - cancelled (Br), -led (US), place - placed, agree - agreed, stop - stopped,

၂။ ဗျည်းနှင့် y-တွဲဆုံးသော ကြိယာများတွင် y-ကို i-ပြောင်းကာ ed-ဆက်ပါ။ သရနှင့်တွဲကာ y-ဆုံးမူကား မူလအတိုင်းထားကာ ed-ဆက်ပါ။ ပုံမမှန်ကြိယာ များကိုမူ အရကျက်မှတ်ထားပါ။ (ဤစာအုပ် နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

*ဆောင်။ ဗျည်းနှင့် y-တွဲ၊ i-ပြောင်းလဲ၊ သရတွဲမူမပျက်၊ ed ဆက်၊*
*ပုံမကျလျှင်ကား အရကျက်။*

ပုံစံ။ cry - cried, play - played, destroy - destroyed, etc.

## V$_4$ ပြောင်းနည်း

၁။ ie တွဲကာဆုံးသော ကြိယာများတွင် ie ကို y-ပြောင်းကာ ing ဆက်လျှင် V$_4$ ဖြစ်လာသည်။ e-တစ်လုံးဆုံးမူကား e-ကိုဖျက်ကာ ing-ဆက်လျှင် V$_4$, ဖြစ်လာသည်။ e-နှစ်လုံးဆုံးမူကား မူလစာလုံးပေါင်းအတိုင်းမှာပင် ing-ဆက်လျှင် V$_4$ ဖြစ်လာသည်။

*ဆောင်။ ie- y ပြောင်း၊ ing ပေါင်း၊ နှောင်း e-တစ်လုံးဖျက်၊ ing-ဆက်၊*

ပုံစံ။ die - dying, lie - lying, carry - carrying, play - playing, use - using, receive - receiving, agree - agreeing, etc..

၂။ သရတစ်လုံးနှင့် ဗျည်းတစ်လုံးတွဲဆုံးသော ကြိယာများတွင် မျိုးတူဗျည်း တစ်လုံးတိုးကာ ing-ဆက်ပါ။ သရနှင့် w ဆုံးမှု ဗျည်းမတိုးပဲ ing-ဆက်ပါ။

*ဆောင်။ သရတစ်လုံး၊ ဗျည်းနှင့်ဆုံး၊ ဗျည်းတစ်လုံးတိုးလျက်၊ ing-ဆက်၊*
*w-x ဆုံးက သူ့တိုင်းဆက်။*

ပုံစံ။ stop - stopping, set - setting, draw – drawing, fix, fixing

blow မှုတ်/တိုက်ခတ်သည်။ draw ပုံဆွဲသည်။
grow စိုက်/ပေါက်/ကြီးပွားသည်။ know သိသည်။
sew အပ်ချုပ်သည်။ show ပြသသည်။
throw ပစ်ပေါက်သည်။

၃။ သရတစ်လုံး ဗျည်းနှင့်တွဲဆုံးသော်လည်း ရှေ့ဆုံးတွင် stress (သံမြင့်) ရှိသော ကြိယာများကိုမူ မျိုးတူဗျည်း တိုးစရာမလိုပဲ ed, ing ဆက်ပါ။

*ဆောင်။ သရဗျည်းတွဲဆုံး၊ ရှေ့ဆုံး stress ၊ ဗျည်းမစွက်၊ ဆက်ကြ ed, ing*

**open /'əʊp(ə)n/**
(adj) ဖွင့်ထားသော။ (v) ဖွင့်သည်။

**open /'əƱpən / *adj***
**၁။** ဖွင့်သော။ ပွင့်သော။ leave the door open ❍ sleep in a room with the windows open ❍ with both eyes open ❍ The dog escaped through the open gate. ❍ The door burst open and the children rushed in.

ပုံစံ။ open, opened, opening, answer, answered, answering

၄။ c-ဆုံးသော ကြိယာများတွင်မူ k-ပေါင်းထည့်ကာ ed, ing-ဆက်ရသည်။

*ဆောင်။ c ဆုံးကြိယာ၊ k ထည့်ကာ၊ ဆက်ပါ ed, ing*

ပုံစံ။ picnic, picnicked, picnicking - ပျော်ပွဲစား ထွက်သည်။
mimic, mimicked, mimicking - ရုပ်/သံတုပ/အသွင်ယူသည်။
traffic ကုန်သွယ်/ကူးသန်း/ရောင်းဝယ်သည်။
frolic ကျီစယ်/နောက်ပြောင် ရွှင်မြူးသည်။

ဆိုခဲ့ပြီးသည်မှ ကြွင်းသောကြိယာများကို မူလစကားလုံးအတိုင်းမှာပင် ed, ing ဆက်ပါ။

ပုံစံ။ work, worked, working အလုပ်လုပ်သည်။

**အောက်ပါ ကြိယာတို့ကို ed, ing ဆက်ပါ။**

admit ဝန်ခံသည်။
agree သဘောတူသည်
annoy စိတ်ဆိုး/စိတ်ပျက်စေသည်။
answer ဖြေဆိုသည်။
apply လျှောက်ထားသည်။
arrive ဆိုက်ရောက်သည်။
assist ကူညီသည်။
authorize လုပ်ပိုင်ခွင့်လွှဲသည်။
betray သစ္စာဖောက်သည်။
blame အပြစ်တင်သည်။
cancel ဖျက်သိမ်းသည်။
care ဂရုစိုက်သည်။
carry သယ်ဆောင်သည်။
change ပြောင်းလဲသည်။
continue ဆက်လက်ရှေ့တိုးသည်။
cover ဖုံးအုပ်သည်။
describe ဖော်ပြသည်။
decay ဆွေးမြေ့/ပျက်စီးသည်။
die သေဆုံးသည်။
differ ခြားနားသည်။
edit တည်းဖြတ်သည်။
enter ဝင်ရောက်သည်။
follow နောက်က လိုက်သည်။
free လွတ်မြောက်သည်။
hope မျှော်လင့်သည်။
kidnap ပြန်ပေးဆွဲသည်။
knit ဇာထိုး/ပန်းထိုးသည်။
lie လိမ်ညာသည်။

offer လျှဒါန်းသည်။
permit ခွင့်ပြုသည်။
please နှစ်သိမ့်စေသည်။
pray ဆုတောင်းသည်။
prepare ပြင်ဆင်သည်။
produce ထုတ်လုပ်သည်။
receive လက်ခံရရှိသည်။
reply တုန့်ပြန်သည်။
restrict ကန့်သတ်ချုပ်ချယ်သည်။
smile ပြုံးသည်။
tie ချည်နှောင်သည်။
try ကြိုးစားသည်။
vary တစ်မျိုးတစ်ဖုံ ပြောင်းလဲစေသည်။
visualize အာရုံယူကြည့်သည်။

open ဖွင့်သည်။
place နေရာချထားသည်။
play ကစားသည်။
prefer ပို၍သဘောကျသည်။
prey လုယက်သည်။
realize သဘောပေါက်သည်။
remove ဖယ်ရှားသည်။
rely on မှီခိုသည်။
retain ထိန်း/စွဲကိုင်ထားသည်
stay တည်းခိုနေထိုင်သည်။
tolerate သည်းခံသည်။
type စာရိုက်သည်။
visit လည်ပတ်သည်။
wipe သုတ်သည်။

## Present Tenses

ပစ္စုပ္ပန်ကာလတွင် အသုံးလေးမျိုး ရှိပါသည်။ ၎င်းတို့မှာ (၁) ရိုးရိုး ပစ္စုပ္ပန်၊ (၂) ဆက်လက်ဖြစ်ပျက် (၃) ပြီးစီး (၄) ပြီးစီးဖို့ ဆက်လက် အချိန်ယူ လုပ်ဆောင်မှု ဟု အနှစ်ချုပ် မှတ်ယူနိုင်သည်။

(၁) သာမန် ပြုလုပ်မှု ဖော်ပြချက်ကို (Simple Present) ရိုးရိုးပစ္စုပ္ပန်ဟု ရည်ညွှန်းပါသည်။

(၂) မပြီးပြတ်သေးပဲ ဆက်လက်လုပ်ဆောင်နေမှုကို (Present Continuous) ပစ္စုပ္ပန်ဆက်လက်ဖြစ်ပျက်ဟု ရည်ညွှန်းပါသည်။

(၃) ပြီးစီးသွားသော်လည်း အကျိုးဆက် ရှိနေသေးသော ဖော်ပြချက်ကို (Present Perfect) ပစ္စုပ္ပန်ပြီးစီး ဟု ရည်ညွှန်းပါသည်။

(၄) အချိန်ယူကာ ပြီးစီးဖို့ ဆက်လက် လုပ်ဆောင်နေရသေးသည့် (လုပ်ဆောင်နေတာလဲ ကြာပြီ ပြီးလဲ မပြီးနိုင်သေးသည့်) ဖော်ပြချက်ကို (Present Perfect Continuous) ပစ္စုပ္ပန်ပြီးစီးဖို့ ဆက်လက် အချိန်ယူ လုပ်ဆောင်မှုဟု ရည်ညွှန်းပါသည်။

## မြန်မာသဒ္ဒါလာ ပစ္စုပ္ပန်ညွှန်း နောက်ဆက်ပစ္စည်းများ

**ဆို -** ပါ၊ ပါရစေ၊ တယ်၊ ပါတယ်၊ တာ၊ တာပါ၊ ရှိပါတယ်။

**မေး** - လား၊ သလား၊ တာလား၊ မ..ဘူးလား၊ လဲ၊ သလဲ၊ တာလဲ။

**ငြင်း -** မ..ဘူး၊ မ..ပါဘူး၊ မ..နဲ့၊ မ..ပါနဲ့၊ မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ မရှိဘူး၊ မရှိပါဘူး။

## Simple Present Tense

(1) Daily life - နေ့စဉ်ဘဝ
(2) Habitual action - အလေ့အထဖြစ်စဉ်
(3) Universal truth - ထာဝရမှန်ကန်ချက်
(4) Near future - အနီးအနာဂတ်။
(5) Command or Order- အမိန့်ပေး၊ စေခိုင်းချက် များတွင် $V_1$-ကို သုံးပါသည်။

*နေ့စဉ်ဘဝ၊ အလေ့ထ၊ ထာဝရမှန်ကန်ချက်။*
*အနီးနာဂတ်၊ စေခိုင်းလတ်၊ ငါးရပ် $V_1$ တွက်။*

ဖော်ပြခဲ့သော Verb to Be, Verb to Have, Verb to Do လေ့ကျင့်ခန်း Mi Mi ဇယားတွင် ရိုးရိုးပစ္စုပ္ပန်ဝါကျ ($V_1$) များကိုသာ ဖော်ပြထားခြင်း ဖြစ်သည်။ ကြွင်းသော ကြိယာပုံစံတို့ဖြင့် ရေးသားနည်းများကို သေသေချာချာ လေ့လာဖို့ လိုပါလိမ့်မည်။

$V_1$ ဟုဆိုသော်လည်း am, is, are, has, have တို့ပါ ဝင်ကြောင်းကို သိရှိပါ။ အရာအားလျော်စွာ 'သည်၊ ၏၊ ပါတယ်၊ တာပေါ့၊ ရယ်၊ မယ်၊ ကွယ်၊ စမ်း၊ ပါ၊ အုံး' စသည် ပြန်ဆိုပါ။

ပါဝင်လေ့ရှိသော Adverb များ[7] –

frequently အကြိမ်များစွာ။ often 80% မကြာခဏ။
occasionally အခါအားလျော်စွာ။ regularly ပုံမှန်အားဖြင့်
rarely, seldom 10% ပြုခဲစွာ။ habitually အလေ့အထအားဖြင့်။

---

**[7]For h usage နှုန်းထားဖြည့် = frequently, often စသည် (frequency adv) အတိုကောက်မှတ်ရန်**

usually 90% ထုံးစံအားဖြင့်။ sometimes 50% တစ်ခါတစ်ရံ။
always 100% အမြဲတမ်း။ almost လုနီးပါး။
generally များသောအားဖြင့်။
every (day, week, month, year) every hour, every two hours
daily, weekly, monthly, yearly, twice a day, once a week

ကြိယာဝိသေသန အများစုမှာ ဝါကျ၏ အစနှင့် အဆုံးတွင် ထားနိုင်သည်။ Verb to be & Verb to have တို့၏ နောက်၊ Verb to do ၏ ရှေ့တွင် ထားနိုင်သည်။ စာမေးပွဲများတွင် ကြိယာဝိသေသနကို သဲလွန်စပေး၍ Tense အမျိုးအစား ခွဲခိုင်းခြင်း Verb Form (ကြိယာပုံစံ) ဖြည့်ခိုင်းခြင်းများ မေးတတ်သည်။

<u>Frequently</u>, he visits his family.
He <u>frequently</u> visits his family.
He visits his family <u>frequently</u>. (Adv နေရာထားပုံ သုံးမျိုး)
Water is cold.
Fire is hot. They stay up sometimes.
East is east, and west is west. Time and tide wait for no man.
I always arrive in time. He goes to the market on time.

စေခိုင်းရာတွင် ကတ္တားမပါ။ ကြိယာဖြင့် စတင်သည်။ Adjective ဖြင့် ခိုင်းစေလျှင် Verb to Be နှင့်တွဲကာ ခိုင်းရသည်။ ကတ္တားမပါသော Verb to have ဝါကျများကို ဆုတောင်းရာတွင် သုံးလေ့ရှိသည်။ အချို့ Verb to have များမှာ အာမေဍိတ်များ ဖြစ်ကြသည်။

Sit here. Go there. Be quiet.
Be polite. Be careful. Have a nice trip!

Have a pity! Have a sweet dream!

အနှစ်ချုပ်အားဖြင့်

1) I get up at 3:30 am. (နေ့စဉ်ဘဝ)
2) I go to pagoda once a week. (အလေ့အထ)
3) Fire is hot. (ထာဝရမှန်ကန်ချက်)
4) She goes to Mandalay tomorrow. (အနီးအနာဂတ်)
5) Come here, please. (စေခိုင်းမှု)

ဖော်ပြခဲ့သော ဇယားများတွင် ပါရှိသည့် ဝါကျတည်ဆောက်ပုံများကို အသုံးပြုကာ လေ့ကျင့်ပါ။

## Present Continuous Tense

Present Progressive Tense ဟုလည်း ခေါ်သည်။ ဤ Present Continuous Tense ကို ...

၁။ မျက်မှောက် ဖြစ်ဆဲ (သို့) မပြီးပြတ်သေး

၂။ အနီးအနာဂတ် (ရွေ့လျောမှု/ ကြိုတင်စီစဉ်မှု ပါရမည်။)

၃။ မနှစ်မြို့သောသဘော - တို့ကို ဖော်ပြရာတွင် (am/is/are + $V_4$ ကို) သုံးပါသည်။ "...နေသည်။ ...နေဆဲ။ ... လျှက်ပါ၊ ... တုန်း" ဟု ဘာသာ ပြန်ဆိုပါ။

*မျက်မှောက်ဖြစ်ရပ်၊ မပြီးပြတ်၊ နာဂတ်-မနှစ်သက်။*
*Be + $V_4$ မှန်၊ 'နေသည်'ပြန်၊ ပစ္စုပ္ပန်တို့တွက်။*

ပါဝင်လေ့ရှိသော Adverb များ[8]

now ယခု။

right now ယခု။

still တုန်း၊ ဆဲ၊ သေး။

Look! ကြည့်စမ်း။

Listen! နားထောင်စမ်း။

currently လောလောဆယ်မှာ

at present, at this time, at this moment လောလော ဆယ်မှာ။

any more, any longer ဆက်မလုပ်၊ မပြု၊ (အငြင်းဝါကျ နှင့်တွဲသည်)

for the time being ယခု လောလောဆယ်မှာ။

Now, I am listening to a discourse.

I am now listening to a discourse.

I am listening to a discourse now. (Adv နေရာထားပုံ သုံးမျိုး)

He is always sleeping. (မကြိုက်လို့)

I am leaving for Mandalay tomorrow. (ကြိုတင် ပြင်ဆင်ထား)

---

[8] **ခု-လောလောဆယ်-ဆက်-နားထောင်-ကြည့်-တုန်း၊**

## Continuous tense မရသော ကြိယာများ

**LIKE AND DISLIKE:** admire, adore, love, hate, like, dislike

**NEED AND WANT:** need, lack, want, desire.

**SENSES:** see, hear, sound, smell, taste, sense, feel, wish, notice.

**KNOWLEDGE:** forget, know, realize, remember, understand, recall.

**OPINIONS:** believe, doubt, feel, imagine, suppose, suspect, think.

**COMPOSITION:** comprise, consist of, contain, include.

**APPEARANCE:** appear, look, seem, be, resemble.

**RELATIONSHIPS:** come from, concern, involve, depend, fit, suit.

**POSSESSION:** have, belong to, own, owe, possess.

**EXISTENCE:** be, exist.

ဤကြိယာများကို (Stative Verbs များကို) အသုံးပြုရေးသားလျှင် ပစ္စုပ္ပန်ကြိယာ ပုံစံ နှစ်မျိုးဖြင့်သာ ရေးသားနိုင်သည်။ ခြွင်းချက်များလည်း ရှိပါသေးသည်။ ဥပမာ - think တွေးသည်/ ထင်သည် အဓိပ္ပါယ်နှစ်ခု ရှိရာတွင် တွေးသည်၏ဟု ဆိုလိုလျှင် Continuous Tense ရနိုင်သည်။ ထင်သည်ဟု ဆိုလိုလျှင် Continuous Tense မရနိုင်။ အစ, အလယ်, အဆုံး ထင်ရှားသိသာသော ရပ်နားမှု ဖြစ်နိုင်သော လုပ်ဆောင်ချက်များတွင် Continuous Tense ရနိုင်သည်ဟု အလွယ်မှတ်ပါ။

*အာရုံငါးပါး၊ ပါဝင်ငြား၊ ခံစား-ပါတ်သက်-Be နှင့် Have*
*ပိုင်ဆိုင်-သင့်တော်၊ မှီခိုသော်၊ မလျှော် Continuous*

ပုံစံ။ I know him. ကျွန်ုပ်သည် သူ့ကို သိသည်။ သိနေသည်။

I have known him since childhood.

ကျွန်ုပ်သည် သူ့ကို ကလေးဘဝကတည်းက သိထားသည်။ (သိနေသည်။)

## Present Perfect Tense

၁။ ပြီးစီးသွားသော်လည်း အကျိုးဆက် မကုန်သေးသော ပြုလုပ်မှုများကို ဖော်ပြလိုလျှင် has/have + $V_3$ ဖြင့်ရေးပါသည်။

၂။ ဘာသာပြန်လျှင် "မိ၊ ဖူး၊ ပြီး၊ သွား၊ လိုက်၊ ထား" ဟု သင့်လျော်သလို ဘာသာပြန်ဆိုပါ။ (စားမိသည်၊ စားဘူးသည် စသည်ဖြင့် ပြန်ဆိုပါလေ။)

ပါဝင်လေ့ရှိသော Adverb များ[9]

already နှင့်ပြီ။ for ကြာကြာ။ twice နှစ်ကြိမ်။
many times, several times အကြိမ်များစွာ။
ever အမြဲတန်း။ recently, lately မကြာမြင့်မီ။
since ကတည်းက။[10] yet သေး။ never ဘယ်တော့မှ။
just ရုံမျှ/ ကလေး။

since နှင့် for အသုံးကို သီးသန့် ဖော်ပြထားသည်။ yet ကိုမူ အငြင်းဝါကျတွင် not ၏ နောက်နှင့် ဝါကျ အဆုံးတွင် သုံးသည်။ ကြွင်းသော Adverb များကို ဝါကျအဆုံး Verb to have ၏ နောက်တွင် သင့်လျော်သလို ထားကာ ရေးသားနိုင်သည်။ အချို့ကို ဝါကျ အစတွင်လည်း ထားနိုင်သည်။

He has been to Bagan. သူ ပုဂံ ရောက်ဖူးတယ်။ (ပုဂံမှာ ရှိဖူးတယ်)
I have already read this book. ကျွန်ုပ်သည် ဒီစာအုပ်ကို ဖတ်ပြီးပြီ။
I have had my lunch. ကျွန်ုပ်သည် နေ့လည်စာ စားပြီးပြီ။
They have (got) a car. သူတို့မှာ ကားတစ်စီး ရှိသည်။ (ပါလာသည်။)
She has bought a new book. သူမသည် စာအုပ်သစ် ဝယ်လာပြီးပြီ။

---

**[9]After sly n j = already, for စသည် အတိုကောက်**

**[10]Be, မှာရှိ-have; ကိန်းထွက်, ငြင်းလျှင်၊ စိတ်ဖြစ်စဉ်၊ သုံးလျှင် since ရောက် Perfect နောက်။**

## Present Perfect Continuous Tense

Present Perfect Progressive Tense ဟုလည်း ခေါ်သည်။ ဆက်လက်လုပ်ကိုင်နေသော်လည်း မပြီးပြတ်သေးဘဲ အချိန်ကြာ နေသည်ကို ဖော်ပြလိုလျှင် has/have + been + $V_4$ ဖြင့် ရေးလေ့ရှိပါသည်။ "...နေပြီ" "...နေတာ ...နာရီ/ရက်/လ/နှစ်ရှိပြီ" စသည်ဖြင့် သင့်လျော်သလို ပြန်ဆိုပါ။

ပါဝင်လေ့ရှိသော Adverb များ[11]

since, over and over (again), for, all the time, all the year, the whole time, the whole year, how long

ဤပုံစံတွင်မူ - for + ကြာချိန် (သို့မဟုတ်)
since + တိကျချိန်-ကို တွဲဖက် သုံးလေ့ရှိပါသည်။

I have been waiting for him for two hours.

That man has been standing here since six o'clock.

The kettle has been boiling for a quarter of an hour.

### Since သုံးရန် အညွှန်း

1) Verb to be/ Verb to have ကြိယာဖြင့် ရေးသော Present Perfect

2) အရေတွက်ပြကိန်းပါသော Present Perfect

3) Negative ပါသော Present Perfect

4) စိတ်ဖြစ်စဉ်ပြ ကြိယာကို အသုံးပြုထားသော Present Prefect ဖြစ်လျှင် Since + S + $V_2$ / since + တိကျချိန် (သို့မဟုတ်) for + ကြာချိန်ကို တွဲ၍ သုံးပါ။

---

[11] **Sofa wh – since, over and over, for စသည် အတိုကောက် မှတ်ရန်**

I <u>have been</u> busy since my family visited me last week.

I have written <u>three letters</u> since he moved to the new city.

I have <u>not</u> eaten since this morning.

I have <u>known</u> him since he came to me last year.

My watch has been repaired <u>five times</u> since last month.

အရေတွက်ပြကိန်းပါသော Present perfect နောင် for + ကြာချိန်ကို မသုံးရ။ ဤအချက် လေးချက်နှင့် မညီလျှင် Present Perfect Continuous-ကို သုံးပါ။

I have been living here for three months.

I have been studying English since January.

| **Present** | **Active Voice** | **Passive Voice** |
|---|---|---|
| Simple | am/ is / are ရှိ/ ဖြစ် | ---Nil--- |
| | has / have မှာရှိ | |
| | $V_1$ သည် | am/is/are + $V_3$ |
| Continuous | am/is/are + $V_4$ | am/is/are + being +$V_3$ |
| Perfect | has/ have + been | ---Nil--- |
| | has/ have + had | |
| | has/ have + $V_3$ | has/have + been + $V_3$ |
| Perfect Continuous | has/have + been + $V_4$ | ---Nil--- |

ဤဇယားပါ ပုံစံတို့ကို Verb form (ကြိယာပုံစံ) ဟု ခေါ်ပါသည်။ ဤကြိယာ ပုံစံများ အားလျော်စွာ အဓိပ္ပါယ် မတူကြောင်းကို သိရှိနားလည် ရပါမည်။

*ဆောင်။ $V_1$ တစ်မျိုး၊ Be + $V_4$ ဆက်၊ Have + $V_3$, Have + been + $V_4$,*

*ဤလေးမျိုး၊ ထားရိုးပြသူရှေ့။*

*Be+$V_3$ သွင်း၊ Be+being+3, Have+been+3, တစ်နည်းပြုခံရှေ့။*

*သည်(နှင့်)နေသည်၊ ပြီးပြီ-ပြီးနေ၊ ဤလေးထွေ၊ ပြန်လေ လျှော်သရွေ့။*

အတိတ်ဝါကျများ အတွက်ပါ အကျုံးဝင်ရန် Verb 1-2 မျိုး၊ စသည်ဖြင့် ဆိုကြည့်ကာ ဝါကျ တည်ဆောက်နည်းများကို လေ့ကျင့်ပါ။ (ဤဆောင်ပုဒ်နှင့် ဇယားကို ရှေးဦးစွာ လေ့ကျင့်စေပြီးမှ Adv များထည့်ကာ Tense အကျယ်ကို သွားပါ။)

## သတိပြုရန် -

Be ဟု (စာလုံးကြီးဖြင့်) ပြထားသော စကားလုံးများ နေရာတွင် am, is, are/ was, were/ be တို့ကို ကာလသုံးပါးအားလျော်စွာ သုံးရသည်ကို နားလည်ရပါမည်။[12]

Have ဟု (စာလုံးကြီးဖြင့်) ဖော်ပြထားသော စကားလုံးများ နေရာတွင် has, have/ had တို့ကို ကာလသုံးပါးအားလျော်စွာ သုံးရသည်ကို နားလည်ရပါမည်။[13]

**မြန်မာသဒ္ဒါလာ ကြိယာထောက် ပစ္စည်းများ** - *ချင် နိုင် မိ တတ်၊ ခဲ့ ခဲ့ အပ် ပစ်၊ လွန်း ရက် ရစ် လှ၊ သေး ထိုက် ရ သွား၊ နေ ပြန် ထား ဖူး၊ ပျော် တော့ ဦး နှင့်၊ ဝံ့ သင့် ရှာ ပါ၊ ကြိယာ၊ ထောက်ကာ အထူးပြု။* (စားချင်, စားနိုင် စသည်)

---

**[12] I am, you are/ အများ are/ နဲမှာ is ကိုထား။**

**အများ were/ you were/ နဲကိန်း ကတ္တား was ကိုထား။**

**[13] I have, you have/ အများ have/ နဲ has, တိတ် had ထား။**

**အကူတွဲဖက်၊ be နဲ့ have/ သက်သက် $V_1$ သာ။**

## Passive Voice ကံဟောဝါကျ

၁။ ဇယားကို ကြည့်ကာ Active Voice (ကတ္တားဟော) နှင့် Passive Voice (ကံဟော) ဝါကျပြောင်းနည်းများကို လေ့ကျင့်ပါ။

၂။ ကံဟောတွင် ကံပုဒ်ကို ရှေ့ထား၍ am/ is/ are + $V_3$ စသည့် ပုံစံ ဖြင့် ရေးသားပါ။ ကတ္တားနာမ်စား၊ ကံနာမ်စားများကို အသုံးပြုလျှင် ဆိုင်ရာ နာမ်စားအားလျော်စွာ အပြန်အလှန် ပြောင်းလဲပုံကို သတိပြုပါ။

၃။ လိုအပ်လျှင် $V_3$ နောက်တွင် ပြုလုပ်သူ ကတ္တားကို by ဖြင့်တွဲကာ ရေးလေ့ ရှိသည်။

*ဆောင်။ $V_3$ နောက်မူ၊ by- ပြုသူ၊ လိုမူသုံးကြလေ။*

၄။ ဘာသာပြန်လျှင် “အပ်၊...ခြင်းခံရ” ဟု လည်းကောင်း၊ ကတ္တား ဟောမှာ ကဲ့သို့ “...သည်” ဟု လည်းကောင်း ပြန်ဆို နိုင်သည်။

ပုံစံ။ A horse is trained by a horse-trainer. (သင်ကြားခြင်း ခံရ)
A horse is being trained by a horse-trainer. (သင်ကြားခြင်း ခံနေရ)
A horse has been trained by a horse-trainer. (သင်ကြားခြင်း ခံရပြီးပြီ)

### အချုပ်အားဖြင့် ၇-ဝါကျ

| | | |
|---|---|---|
| A painter<br>ဆေးသုတ်သမား တစ်ယောက်သည် | paints ဆေးသုတ်သည် | her house<br>သူမ၏အိမ်ကို |
| | is painting ဆေးသုတ်နေသည် | |
| | has painted ဆေးသုတ်မိ/ဘူး/ပြီး/သွား/... | |
| | has been painting နေပြီ/... | |
| Her house<br>သူမ၏ အိမ်သည် | is painted ဆေးသုတ်ခြင်းခံရ | by a painter<br>ဆေးသုတ်သမား၏ |
| | is being painted ~ခံနေရ | |
| | has been painted ~ခံထားရ | |

*Verb to be နဲ့ မှာရှိ have; Simple နဲ့ Perfect*
*စိတ်ခံစားမှု ထိုနည်းတူ၊ Passive ပြောင်းတာ အပိုယူ။*
*ကံမယူလျှင် Active မျှ၊ ကံယူဝါကျ အားလုံးရ။*

Verb to be နှင့် ပိုင်ဆိုင်ပြ Verb to have တို့တွင် $V_1$ တစ်မျိုးနှင့် Have $V_3$ ပုံစံဖြင့် Active ဝါကျများသာ ရေးနိုင်သည်။ စိတ်ခံစားမှုပြ ကြိယာတွင်မူ Passive ဝါကျဖြင့်ပါ ရေးနိုင်သည်။ ကံမယူကြိယာတွင် Active ဖြင့်သာရေးနိုင်သည်။ ကံယူကြိယာတွင်မူ ခုနစ်ဝါကျ အားလုံး ရေးနိုင်သည်။

**Verb to be ၂ ဝါကျ**

| | |
|---|---|
| He is active. | He has been active since this morning. |

**Verb to have ၂ ဝါကျ**

| | |
|---|---|
| He has black eyes. | He has had black eyes since childhood. |

**Stative Verb ၄ ဝါကျ**

| | |
|---|---|
| Mi Mi likes green tea. | Mi Mi has liked green tea. |
| Green tea is liked by Mi Mi. | Green tea has been liked by Mi Mi. |

**Intransitive Verb ၄ ဝါကျ**

| | |
|---|---|
| He walks. | He is walking. |
| He has walked. | He has been walking for two hours. |

**Transitive Verb ၇ ဝါကျ**

| | |
|---|---|
| Mi Mi writes an essay. | Mi Mi is writing an essay. |
| Mi Mi has written an essay. | Mi Mi has been writing an essay. |
| An essay is written by Mi Mi. | An essay is being written by Mi Mi. |

An essay has been written by Mi Mi.

**Mg Mg**

| | |
|---|---|
| is | smart boy/ engineer/ tall/ handsome/ clever/ patient/ kind/ helpful/ friendly/ diligent/ intelligent/ honest/ frank/ in Mandalay/ in the room/ in the office/ in the library/ outside the house/ upstairs/ out/ downstairs/ downtown/ there |
| has | black eyes/ short hair/ long arms/ books/ a computer/ an elder sister/ friends/ a motorbike/ a bicycle/ a bag/ shoes/ slippers/ shirt/ his breakfast/ a drink/ rest/ his house painted/ his hair cut/ a watch repaired |
| know the truth/ love his parents/ prefer coffee to tea/ like to play the piano/ live in the city/ learn English/ read books/ write letters/ accept (my) advice/ carry his bag/ clean his room/ help his elder sister/ boil water/ fry vegetables/ toast beef/ roast beans/ prepare food/ open the windows/ close the doors/ lift boxes/ move chairs and tables/ paint his house/ push his bicycle/ repair his motorbike/ play football/ wash his clothes/ go to his office/ meet his colleagues/ do research/ attend a seminar/ explain his plans to people/ launch a project/ earn money/ support his parents. | |

ပုံစံ - Mg Mg is a smart boy. Mg Mg has been a smart boy.

Mg Mg has short hair. Mg Mg has had short hair.

Mg Mg knows the truth. Mg Mg has known the truth.

The truth is known by Mg Mg. The truth is being known by Mg Mg.

The truth has been known by Mg Mg.

## Past Tenses

အတိတ်ဖြစ်ရပ်တစ်ခုကို ဖော်ပြလျှင် $V_2$ ကို သုံးသည်။ $V_2$ တွင် was, were, had တို့လည်း ပါဝင်သည်ကို သတိရှိပါ။ "....ခဲ့သည်၊ ...ပြီ၊ ...တော့သည်" ဟု ပြန်ဆိုပါ။ ပစ္စုပ္ပန်မှာကဲ့သို့ ကြိယာပုံစံ လေးမျိုး ရှိသည်။ ဇယားတွင်ကြည့်ကာ ရေးကြည့်ပါ။ ဝါကျပုံစံ အထူးမရှိ၍ တစ်ခုချင်း ရှင်းမပြတော့ပါ။

### မြန်မာသဒ္ဒါလာ အတိတ်ညွှန်း နောက်ဆက် ပစ္စည်းများ

**ဆို -** ပြီးပြီ၊ ပြီးပါပြီ၊ ခဲ့သည်။

**မေး** - ပြီလား၊ ပြီးပြီလား၊ မ..သေးဘူးလား။

**ငြင်း** - မ..သေးဘူး၊ မ..ရသေးဘူး။

ပါဝင်လေ့ရှိသော Adverb များ[14]

previous ပြီးခဲ့သော။ last လွန်ခဲ့သော။

ago အလွန်က။ yesterday မနေ့က။

တွဲပုံ - previous/ last + day/ week/ month/ year
minute/ hour/ day/ week/ month/ year + ago

I was seven years old at that time. (Verb to be အတိတ်)

I had my breakfast this morning. (Verb to have အတိတ်)

I went to Magwe last week. (Verb to do အတိတ်)

He studied English last year.

Last year, he studied English. (နှစ်မျိုးရေးနိုင်သည်။)

---

[14] **Play = previous, last, ago, yesterday အတိုကောက်မှတ်ရန်**

He was studying English last year.

He had studied English last year.

He had been studying English last year.

I learnt Pāḷi last year.

He was learning Pāli last year.

He had learned Pāḷi last year.

He had been learning Pāḷi last year for two months.

| **Past** | **Active Voice** | **Passive Voice** |
|---|---|---|
| Simple | was/ were | ---Nil--- |
| | had | |
| | $V_2$ | was/ were + $V_3$ |
| Continuous | was/were + $V_4$ | was/were + being +$V_3$ |
| Perfect | had + been | ---Nil--- |
| | had + had | |
| | had + $V_3$ | had + been + $V_3$ |
| Perfect Continuous | had + been + $V_4$ | ---Nil--- |

## အနှစ်ချုပ် ၇-ဝါကျ

| | | |
|---|---|---|
| A painter ဆေးသုတ်သမား တစ်ယောက် | painted ဆေးသုတ်ခဲ့သည် | her house သူမ၏အိမ် |
| | was painting ဆေးသုတ်နေခဲ့သည် | |
| | had painted ဆေးသုတ်ခဲ့ပြီးပြီ | |
| | had been painting နေခဲ့ပြီ | |
| Her house | was painted ဆေးသုတ်ခြင်းခံခဲ့ရ | by a painter |
| | was being painted ~ခံနေခဲ့ရ | |
| | had been painted ~ခံထားခဲ့ရ | |

ရှေ့တွင် ဖော်ပြခဲ့သည်။ Mi Mi ဇယား Mg Mg ဇယားပါ စကားလုံးများဖြင့် အတိတ်ဝါကျများကို လေ့ကျင့် ရေးသားပါ။

### Future Tenses

၁။ ပစ္စုပ္ပန်ဝါကျများကို နည်းယူကာ ရေးပါ။ ပြီးလျှင် ဘာသာပြန်ပါ။
၂။ ကတ္တားနောက်တွင် (ပင်မကြိယာရှေ့တွင်) shall/will ထည့်သည်သာ ထူးပါသည်။
၃။ ဘာသာပြန်သောအခါ “...တော့မည်၊ တော့မယ်၊ လိမ့်မည်၊ မယ်၊ မှာပေါ့၊ မှာပါ၊ တော့မှာ” စသည်ဖြင့် လျှော်ရာပြန်ဆိုပါ။
၄။ အကူကြိယာများနောက်တွင် be, have, နှင့် $V_1$ တို့ကိုသာ သုံးပါသည်။

## မြန်မာသဒ္ဒါလာ အနာဂတ်ညွှန်း နောက်ဆက်ပစ္စည်းများ

**ဆို -** မယ်၊ ပါ့မယ်၊ မှာပါ၊ မလို့၊ မလို့ပါ၊ တော့မယ်၊ (အံ့၊ လတ္တံ့)။

**မေး -** မလား၊ မှာလား၊ မလဲ၊ မှာလဲ၊ မလို့လား။

**ငြင်း -** မှာ မဟုတ်၊ မ..တော့ဘူး။

ပါဝင်လေ့ရှိသော Adverb များ[15]

soon မကြာမီ။ tomorrow မနက်ဖြန်။
next day နောက်တစ်နေ့။ next time နောက်တစ်ကြိမ်။
this afternoon ခုနေ့လယ်။ by now ခုလောက်ဆို။
by then အဲဒီ အခါကျယင်။ coming Sunday လာမည့် တနင်္ဂနွေနေ့။
by + day/month ...ထက်နောက်မကျပဲ/...ကျရင်/ …ဆိုယင်

တွဲပုံ - by/ next/ coming + hour/ day[16]/ week/ month/ year
this + afternoon/ evening

He will come soon.

He will arrive at Mandalay airport tomorrow.

He will visit his family.

He will be listening to a discourse by now.

**shall, will အသုံးများ**

| ကတ္တား | ဆုံးဖြတ်ချက်ပါ | ဆုံးဖြတ်ချက်မပါ | မေးခွန်း |
|---|---|---|---|
| I, we | will | shall | shall |
| ကြွင်းကတ္တား | shall | will | will |

I shall be sixteen years old next month.

They will come to Mandalay. (ပြောသူ၏ဆုံးဖြတ်ချက်မပါ။)

ခေတ်သုံး အင်္ဂလိပ်စာ၌ အနာဂတ်တွင် will ကိုသာ သုံးသည်။ I, We ကတ္တားတို့ကို မေးခွန်းဝါကျ ပြောင်းလျှင် Shall I? Shall we? ဖြင့်

---

**[15] by-အချိန်ချိတ်၊ next နဲ့ coming, soon-tomorrow, နေ့ခင်း-ညနေ၊ this တွဲလေ။**

**[16] by 1 o' clock, Sunday, January စသည်ဖြင့် တွဲနိုင်သည်။**

ရေးပါသည်။ Modal Verb များကိုလည်း အနာဂတ်ဝါကျပုံစံကို နည်းမှီကာ ရေးနိုင်သည်။

| Future | Active Voice | Passive Voice |
|---|---|---|
| Simple | will be | ---Nil--- |
| | will have | |
| | will $V_1$ | will be + $V_3$ |
| Continuous | will be + $V_4$ | ---Nil--- |
| Perfect | will have + been | ---Nil--- |
| | will have + had | |
| | will have + $V_3$ | will have + been + $V_3$ |
| Perfect Continuous | will have + been + $V_4$ | ---Nil--- |

He will write an essay.

He will be writing an essay.

He will have written an essay by tomorrow.

He will have been writing an essay for seven days by tomorrow.

An essay will be written.

An essay will have been written.

Future Perfect Tense ကို အသုံးပြုလျှင် “by + နေ့/လ/ရက်/အချိန်” နှင့် တွဲနိုင်သည်။ “ထက်နောက်မကျပဲ၊ ကျယင်” ဟု ပြန်ဆိုပါ။

He will have painted her house by July.

## Future Perfect Continuous Tense

ပါဝင်လေ့ရှိသော ကြိယာဝိသေသန မှတ်ချက် –
(၁) အရေတွက်ပြကိန်း + by + ကာလ၊
(၂) အရေတွက်ပြကိန်း + including + N ပါဝင်မှု
"...လာတာ... ရှိသွားလိမ့်မည်" ဟု ဘာသာပြန်ပါလေ။

I will have been living here for five years by next month.
နောက်လဆိုလျှင် ကျွန်ုပ်ဒီမှာနေလာတာ ငါးနှစ်ရှိတော့မည်။
He will have been reading ten books including this book.
ဒီစာအုပ်နှင့်ပါ ဆိုလျှင် သူဖတ်နေတာ ဆယ်အုပ်ရှိတော့မည်။
They will have been waiting for him for five hours.
သူတို့ သူ့ကို စောင့်နေတာ ငါးနာရီ ရှိတော့မည်။ (ကြာတော့မည်။)

**အနှစ်ချုပ် ၆-ဝါကျ**

| | | |
|---|---|---|
| A painter ဆေးသုတ် သမား တစ်ယောက် | will paint ဆေးသုတ်လိမ့်မည် | her house သူမ၏အိမ် |
| | will be painting ဆေးသုတ်နေလိမ့်မည် | |
| | will have painted ဆေးသုတ်ပြီးလိမ့်မည် | |
| | will have been painting နေပြီးလိမ့်မည် | |
| Her house | will be painted ~ခံရလိမ့်မည် | by a painter |
| | will have been painted ခံထားရလိမ့်မည် | |

အခြားကြိယာများလည်း ရှိနိုင်ပါသေးသည်။ ဥပမာ - break, feel ဟူသော စကားလုံးတို့ကို Collocation Dictionary တွင် ရှာကြည့်ပါ။

## Ditransitive Verbs

ဤကြိယာမျိုး အနည်းငယ်သာရှိသည်။ အချို့စကားလုံးများကို 'ပေး' ထည့်၍ ဘာသာပြန်ကြည့်ပါ။ ဥပမာ - buy - ဝယ်ပေးသည်။ (ဝယ်သည်ဟု မပြန်နှင့်။)

admit, argue, ask, award, book, borrow, build, buy, repay, cook, draw, explain, fetch, find, get, give, hand, keep, knit, leave, lend, make, offer, order, owe, pass, plead, promise, reserve, save, sell, send, show, teach, tell, write စသည်...

**1) S + V + I.O + D.O**

He gives me a book. They sent me the homeless.

He asked me what to do. You should explain me how to use it.

**2) S + V + D.O + to/for + I.O**

He gives a book to me.

The president awarded a prize to a scientist.

သတိ။ ။ တိုက်ရိုက်ရောက်လျှင် to ကိုသုံး၍ တိုက်ရိုက်မရောက်လျှင် for ကိုသုံးသည်။ Passive voice တွင် D.O ကိုရှေ့ထုတ်၊ I.O ရှေ့တွင် to/for ဝင်၏။ သက်ရှိ လက်ခံသူ၏ ရှေ့တွင် to ဝင်သည်ဟုလည်း ဆိုကြသည်။ (ဆန်းစစ်ရန်)

A book is given to me. Homeless are sent to me.

အောက်ပါ ကံနှစ်ခုယူကြိယာများနောင် for လိုက်လေ့ရှိသည်။ (ပုံသေမဟုတ်)

build, buy, cook, draw, fetch, find, get, keep, knit, leave, make, order, reserve, save

Leave it to me. ငါ့တာဝန်ထားလိုက်။

Leave it for me. ငါ့ဖို့ချန်ထားအုံး။

**3) S + V + to/with/from + I.O + D.O**

He admitted to me that he stole my purse.

I plead with her that this was my stupidity.

I learned from meditation how mind and matter are functioning.

ကံနှစ်ခုယူ ကြိယာစာရင်းတွင် မဖော်ပြရသေးသော အခြားသော ကြိယာများလည်း ရှိနိုင်ပါသေးသည်။ Noun Phrase, Noun Clause ခန်းတွင် ဖော်ပြထားသည့် to $V_1$, $V_4$, Wh to $V_1$, Wh Clause, that clause လိုက်သည့် ကြိယာများတွင်လည်း ရှာဖွေတွေ့ရှိနိုင်ပါသည်။

They pay him a visit.

They pay him a compliment.

He proves himself a good driver.

He suggests to me how I should deal with other.

## ကံအဖြည့်ပုဒ်လိုက်သော ကြိယာများ

S + V + O + O.C ပုံစံဖြင့် ရေးသားဖော်ပြသည်။ လိုက်လာသည့် O.C အားလျှော်စွာ ဘာသာပြန်ပုံ ကွဲပြားနိုင်သည်။

၁။ ကံအဖြည့်ပုဒ် (O.C) များမှာ to $V_1$, $V_1$, $V_3$, $V_4$, Adjective, Noun, as Noun, as Adjective, Particle-ဟု ၉-မျိုး ရှိပါသည်။

၂။ ဘာသာပြန်သောအခါ "...အောင်၊ ...ဟု၊ ...အဖြစ်၊ ...တာကို၊ ...တာလို့၊ ...လို့၊ ...နေတာ" ဟု သင့်လျော်သလို ပြန်ဆိုကြည့်ပါ။

၃။ များသောအားဖြင့် ကံပုဒ်ကို "...ကို" ဟု ဘာသာ မပြန်ဆို သည်ကို သတိပြုပါ။ (အကြောင်းပြ ကြိယာများတွင်မူ ကံပုဒ်ကို 'ကို' ဟု ပြန်ဆိုသည်။)

*ဆောင်။ To $V_1$ မျိုး 1-3-4-မှန်။ Adj, Noun, as-Noun တွဲရန်။*
*as-နာမ်ဝိမှတ် နိပါတ်နေပြန်။*
*O.C ပြု၊ အောင်-ဟု-အဖြစ်ပြန်။ တာကို-လို့ (တစ်ချို့) နေတာပြန်။*

ကံအဖြည့်ပုဒ် လိုက်သောကြိယာများကို လိုက်နိုင်သော ကံအဖြည့်ပုဒ်နှင့် တကွ ဖော်ပြလိုက်သည်။ ထိုကြိယာများကို ပေးထားသည့်အတိုင်း ဘာသာပြန်ပါ။

### 1) to $V_1$ လိုက်သော ကြိယာများ

| | |
|---|---|
| allow ခွင့်ပြုသည်။ | forgive ခွင့်လွှတ်သည်။ |
| expect မျှော်လင့်သည်။ | accept လက်ခံသည်။ |
| prefer သဘောကျသည်။ | want အလိုရှိသည်/ စေချင်သည်။ |
| like ကြိုက်သည်။ | dislike မကြိုက်။ |

love ချစ်သည်/ ကြိုက်သည်။ hate မုန်းသည်။ [26]
imagine စိတ်ကူးယဉ်သည်။ suppose ယူဆသည်။
know သိသည်။ feel ထင်မြင်သည်။
think ထင်သည်။ believe/ trust ယုံကြည်သည်။
claim ဆိုသည်။ agree သဘောတူသည်။
consider မှတ်ယူသည်။ ask တောင်းဆိုသည်။

ပုံစံ - They believe me to be in Mandalay.
I imagine him to compromise with his old friends.
I feel it to be my duty to inform the police.

**Passive Voice**: I am believed to be in Mandalay.

Passive Voice တွင် by + Subject-ကို ဖြုတ်ထားလေ့ ရှိသည်။

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | allow/ claim/ forgive, expect/ trust/ accept/ prefer/ want/ like/ dislike/ love/ hate/ imagine/ suppose/ know/ feel/ think | me<br>us<br>you<br>him<br>her<br>them | to be in Magwe/ to go there/ to study English/ to meditate/ to use computer/ to dance/ to sing a song/ to deceive other/ to smoke/ to be lazy/ to have lunch |

[26] **ခွင့်-မျှော်-လက်-ကျူ၊ နှစ်သက်ဒွ၊ လို-မုန်း-ခွင့်လွှတ် EV ဖြစ်၊ to $V_1$ နဲ့ $V_4$ စစ်။ (Emotional Verb)။**
**မှတ်ယူ-ကြေငြာ၊ စိတ်ကူးသာယဉ်၊ ယူ-ယုံ-ထင်-တွေး-သိ-ဆို၊ TKV တွေကို၊ to $V_1$ သာဆို (Thinking V)**

To $V_1$ နေရာတွင် to be $V_4$, to have $V_3$, to have been $V_4$ တို့ကိုလည်း သုံးနိုင်သည်။ to be $V_3$ စသည့် ပုံစံတို့ကိုလည်း နည်းတူ မှတ်ပါ။ အပျက်သဘော ကံအဖြည့်ပုဒ်ကို သုံးစွဲလျှင် အပျက်သဘော ဆောင်သော မျဉ်းတားထားသည့် ကြိယာများ သို့မဟုတ် အငြင်းဝါကျကို သုံးကြည့်ပါ။ ဆက်လက်ဖော်ပြမည့် ဇယားများတွင်လည်း နည်းတူ လေ့ကျင့်ပါ။

I dislike him to smoke in the room.

I do not want him to be lazy.

### 2) $V_1$ လိုက်သော ကြိယာများ

| | |
|---|---|
| help ကူပေးသည်။ | like ကြိုက်သည်။ |
| have စေ/ခိုင်းသည်။ | let စေ/ခွင့်ပြုသည်။ |
| make စေ/အောင်လုပ်သည်။ | watch စောင့်ကြည့်သည်။ |
| find တွေ့ရသည်။ | feel တွေ့ထိ ခံစားရသည်။[27] |
| see မြင်သည်။ | hear ကြားသည်။ |
| smell အနံ့ရသည်။ | notice သတိထားမိသည်။ |
| perceive ရိပ်စားမိသည်။ | catch လက်ပူး လက်ကျပ်မိသည်။ |
| learn, know သိသည်။ | bid တောင်းဆို/နှုတ်ဆက်သည်။ |
| listen နားထောင်သည်။ | observe သတိပြုမိ/မှတ်သားသည်။ |

O.C အဖြစ် အသုံးပြုသော $V_1$-တွင် s, es-စသည် ဆက်စရာ မလို။ ကံနာမ်စားကို သုံးလျှင် မသိသာသော်လည်း နာမ်ပုဒ်တစ်ခုကို ကံအဖြစ် အသုံးပြုလျှင် ဝါကျ နှစ်ခုကဲ့သို့ အထင်မှားနိုင်သည်။

---

[27] **မြင်-ကြည့်-နံ-ကြား၊ သတိထား၊ ရိပ်စား-ထိ-သိ-မိ၊ အာရုံဆိုင်ရာ အုပ်စုရှိ၊ V1-3-4 နာမဝိ၊ ပုဒ်တိုင်း ဆက်လေဘိ (Sensitive Verb)။ ဟက်-မိတ်-လက်-ဟဲ၊ CV တွဲ၊ နောက်ထဲ $V_1$ ဆက်။ (Causative Verb)**

ပုံစံ - He helps me clean the room.

They have me sit there.

The police observed him enter the hotel.

He notices his son learn English well.

(He notices က တစ်ဝါကျ his son learn English well က တစ်ဝါကျဟု အထင်မှားနိုင်သည်။ Full Stop ကျန်ခဲ့သည်ဟု ထင်တတ်သည်။ သတိရှိပါ။ $V_1$ ကို "…တာကို" ဟု ပြန်ဆိုပါ။)

Passive Voice: He was observed to enter the hotel.

Passive Voice တွင် $V_1$ ကို to $V_1$ ပြောင်း။

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | help/ like/ have/ let/ make/ watch/ find/ feel/ see/ hear/ smell/ notice/ perceive/ catch/ learn/ know/ bid/ listen/ observe | me<br>us<br>you<br>him<br>her<br>them | go to the city/ swim/ tell a story/ read a book/ walk/ listen to a song/ cook rice/ take a nap/ sit under a tree/ do yoga/ drive a car/ steal money |

လာမည့် အုပ်စုမှစ၍ ဖော်ပြပြီး ကြိယာများကို ဘာသာ မပြန်တော့ပါ။ အချို့ကြိယာများနောင် O.C တစ်မျိုးမက လိုက်နိုင်သည်ကို သိပါ။

### 3) $V_4$ လိုက်သော ကြိယာများ

start စ...စေသည်။ get စေ/အောင်လုပ်သည်။[28]
leave နေတဲ့အတိုင်း ထားရစ်သည်။ have နေစေသည်။
keep နေတဲ့အတိုင်း ထားသည်။ set ထ...စေသည်။

agree, allow, accept, watch, find, feel, see, hear, smell, notice, perceive, catch, learn, know, observe, dislike, expect, forgive, hate, love, prefer, want, listen

ပုံစံ - She starts the boy reading a passage.

They knew her squandering.

His voice sets birds flying.

The police observed him entering the hotel.

Passive Voice: He was observed entering the hotel.

The window was left opening.

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | start/ get/ leave/ have/ keep/ set/ agree/ allow/ accept/ watch/ find/ feel/ see/ hear/ smell/ notice/ perceive/ catch/ learn/ observe/ dislike | me<br>us<br>you<br>him<br>her<br>them | writing an essay/ walking/ going to Yangon/ telling the truth/ running/ coming back home/ cutting a tree/ roasting peanut/ sitting |

ကြွင်းကြိယာများကိုလည်း ဆက်လက် လေ့ကျင့်ပါ။

---

**[28]ဟာက်-ဆက်-စတဒ့၊ ဂက်-လိ-ကိ နှောင် $V_4$ ဆောင်၊ $TV_3$ တွက် ဆက်-စတဒ့ ဖျက်။**

## 4) $V_3$ (Transitive $Verb_3$) လိုက်သော ကြိယာများ

$V_3$ ကို '...ထားတာ' '...လိုက်တာ' ဟုဘာသာပြန်ပါ။

get ခိုင်း/စေသည်။ have ခံရသည်/ ခိုင်းသည်။

*report သတင်းပို့သည်။ *claim ဆိုသည်။[29]

*prefer, *want, *like, *wish, *keep, *leave, watch, find, feel, see, hear, smell, notice, perceive, catch, learn, know, think

ပုံစံ - He watched a terrorist arrested in the highway.

He reported his ID changed.

He keeps the door opened.

I have my clothes washed by my sister.

စေ/ခိုင်း ဟု အနက်ထွက်လျှင် ကံပုဒ်ကို 'ကို' ဟု ဘာသာပြန်။ ကြွင်းကြိယာတို့တွင် ကံပုဒ်ကို 'ကို' ဟု ဘာသာမပြန်ရ။ *(စတား)ပြထားသော ကြိယာတို့တွင်သာ Passive Voice ရနိုင်လေသည်။ အာရုံခြောက်ပါးနှင့် ဆိုင်သော ကြိယာများတွင် Passive Voice မရ။

The door was kept opened.

$V_3$ နှစ်ဆင့် ဖြစ်နေသည့်အတွက် နားလည်မှု မှားနိုင်သည်။ $V_3$ မှာ ကံယူကြိယာ ဖြစ်ရမည်။ ဤဝါကျ ပုံစံ၌ အသုံးပြုထားသော ကံပုဒ် (Obj) မှာ ပဓာနကြိယာ (Main Verb) နှင့် O.C ($V_3$) (ကြိယာနှစ်ခုစလုံး) တို့၏ ကံပုဒ်ဖြစ်နေရပါမည်။

---

**[29]ကလိန်း-ဒီကလဲယား၊ ပရီဖား-လိုက်-ဝန့်၊ ဝစ်ရှ်နဲ့ ရီပေါ့၊ ဆက်တော့ $V_3$ CT တည်း။(Complex Transitive)**

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | get/ have/ report/ claim/ prefer/ want/ like/ wish/ keep/ leave/ watch/ find/ feel/ see/ hear/ notice/ perceive/ catch/ learn/ know/ think | me<br>us<br>you<br>him<br>her<br>them | awarded/ authorized/ removed from position/ appointed/ praised/ criticized/ motivated/ enthused/ discouraged/ pleased |

နာမ်ပုဒ်ကို ကံနေရာတွင် ထားကာ ရေးသားသည်က ပိုကောင်းပါသည်။ အဓိပ္ပါယ် ပြည့်စုံစေရန် $V_3$ နောက်တွင် သင့်လျော်သော by Subject ထည့်သွင်းနိုင်ပါသည်။

He gets his finger cut. I find the clinic closed.

### 5) Adj လိုက်သော ကြိယာများ

drive ...အောင်လုပ်သည်။ pound ထောင်းထုသည်။[30]
rub ပွတ်တိုက်သည်။ shoot ပစ်ခတ်သည်။
sweep တံမျက်လှည်းသည်။ turn သွားစေသည်။
wash ...အောင်ဆေးသည်။ consider မှတ်ယူသည်။
set, get, have, make စေသည်/ အောင်လုပ်သည်။[31]
keep, leave, watch, find, feel, see, hear, smell, notice, perceive, catch, learn, know, paint, beat, break, push, like, judge

ပုံစံ - She pounds a fish flat. He shoots a bird dead.

---

[30]လျှော်-ပစ်-ဖြတ်-ထောင်း၊ တွေ့-ပွတ်-လှဲ၊ CT နာမ်ဝိတွဲ။
[31]ဟက်-ဆက်-ဂက်-မိတ်၊ လီ-ကီ-တန်း-ဒရိုက်၊ နာမ်ဝိလိုက် လက်-ကီ နိပါတ် ဆိုက်သတည်း။

They make him happy. I perceive him unhappy.

She paints her house white. I consider him lucky.

Adj ကို 'အောင်' 'တာကို' စသည် ဘာသာပြန်ပါ။ Passive Voice ပြောင်းလျှင် အာရုံခြောက်ပါးနှင့် ဆိုင်သော ကြိယာတို့တွင် Adjective ကို to be Adjective ပြောင်းကာ ရေးရသည်။ set, make, turn, drive, leave, keep တို့၌ Passive Voice တွင် adjective ကို သူ့အတိုင်း ချရေးရသည်။ အချို့ ကြိယာများတွင် Passive Voice မရပါ။

He is perceived to be unhappy.

The prisoners are set free.

He is considered (to be) wise.

သတိပြုရန် - turn, drive တို့ကို အပျက်သဘောတွင် အသုံးများသည်။

He drives me crazy. The sunlight turns the leaves yellow.

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | get/ have/ set/ make/ consider/ keep/ leave/ watch/ find/ feel/ see/ hear/ like/ notice/ perceive/ catch/ learn/ know/ drive | me<br>us<br>you<br>him<br>her<br>them | happy/ clever/ busy/ polite/ wise/ calm/ free/ nice/ good/ active/ friendly/ thoughtful/ manly/ boyish/ lazy/ crazy/ foolish/ silly |

အခြား Object များ Adjective များကိုလည်း ဖြစ်သင့်သလို ထည့်သွင်း လေ့ကျင့်ပါ။

### 6) Noun လိုက်သော ကြိယာများ

call ခေါ်သည်။
name, term အမည်ပေးသည်။
elect/choose ရွေးချယ်သည်။
deem ယုံကြည်/ယူဆသည်။
judge အကဲဖြတ်/ခန့်မှန်းသည်။
describe ဖော်ပြသည်။[32]
make ပြုလုပ်သည်။
appoint ခန့်ထားသည်။
assign တာဝန်ခွဲပေးသည်။
designate လျာထား/ရွေးချယ်သည်။

ပုံစံ - They called the baby A-nge-lay.

We elect him our leader.

He describes himself an extra-ordinary man.

The jury judges him not guilty.

Passive Voice: He is called Law Shay.

### 7) As noun လိုက်သော ကြိယာများ

choose ရွေးချယ်သည်။
treat ပြုမူဆက်ဆံသည်။
describe - ဖော်ပြသည်။
regard သဘောထားသည်။
view ရှုမြင်သည်။

ပုံစံ - They choose me as their leader.

He regards me as his slave.

They treat me as their master.

Passive Voice: I am treated as their master.

---

**[32]ခေါ်-ဖော်-မည်-ပြု-ရွေး-ခန့်-ယုံ-ခွဲ၊ ကဲ-လျာ Noun ကို O.C ဆို။**
**ရွေး -သဘောထား၊ ပြုမူ-ရှု၊ ဖော်ပြ as Noun ဟု။**

### 8) As adj လိုက်သော ကြိယာများ[33]

presume ကြိုတင်မှန်းဆသည်။ accept, consider, suppose, think

ပုံစံ - They presume my English as poor.

He considers himself as responsible.

They think my life as easy.

Passive Voice: My life is thought as easy.

### 9) Particle လိုက်သော ကြိယာများ

let စေသည်/ ခွင့်ပြုသည်။ keep ထားသည်။

ပုံစံ - He keeps his hands up. They let him out.

The windows let air in. She keeps her bag upstairs.

Passive Voice: His hands are kept up.

---

**[33] ကြိုမှန်း-လက်ခံ-မှတ်-ယူ-ထင်၊ As Adj နောက်မှာဝင်။**

## O.C လိုက်သော ကြိယာအနှစ်ချုပ်

**Thinking Verbs**: consider, declare, imagine, suppose, believe, trust, think, feel, claim, accept **(to $V_1$)**

**Emotional Verbs**: allow, expect, accept, prefer, love, like, dislike, want, hate, forgive, agree, observe **(to $V_1$/ $V_4$)**

**Sensitive Verbs**: see, watch, smell, hear, notice, perceive, feel, learn, know, catch, find, consider **($V_1$/ $V_3$/ $V_4$/ Adj)**

**Causative Verbs**: have, make, let, help, set, start, get, leave, keep, turn, drive **(ဖြစ်သင့်သလို $V_1$/ $V_3$/ $V_4$/ Adj/ Particle)**[34]

**Complex Transitive Verbs**: call, describe, name, term, make, elect, choose, select, regard, treat, view, wash, shoot, cut, pound, find, rub, sweep, presume, accept, consider, suppose, think, claim, declare, prefer, like, want, wish, report, judge, deem, appoint, assign, designate **(ဖြစ်သင့်သလို Noun/ as Noun/ Adj/ as Adj/ $V_3$)**[35]

---

**[34]ဟက်-မိတ်-လတ်-ဟဲ/ CV တွဲ/ နောက်ထဲ $V_1$ ဆက်။**
**ဟက်-ဆက်-စတာ့/ ဂက်-လီ-ကီနောင်/ $V_4$ ဆောင်/ $TV_3$ တွက် ဆက်-စတာ့ဖျက်။**
**ဟက်-ဆက်-ဂက်-မိတ်/ လီ-ကီ-တန်း-ဒရိုက်/ နာမ်ဝိလိုက်/ လက်-ကီ နိပါတ်ဆိုက်သတည်း။**

**[35]လျှော်-ပစ်-ဖြတ်-ထောင်း-တွေ့-ပွတ်-လှဲ/ CT နာမ်ဝိတွဲ။**
**ခေါ်-ဖော်-မည်-ပြု-ရွေး-ခန့်-ယုံ-ခွဲ/ ကဲ-လျှာ Noun ကို O.C ဆို။**
**ရွေး-သဘောထား-ပြုမူ-ရှု/ ဖော်ပြ as noun ဟု။**
**ကြိုမှန်း-လက်ခံ-မှတ်ယူ-ထင်/ as adjective နောက်မှာဝင်။**
**ကလိန်း-ဒီကလဲယား/ ပရိဖား-လိုက်-ဝန့်/ ဝစ်ရှ်နဲ့ ရီပေါ့/ ဆက်တော့ $V_3$ CT တည်း။**

## အနှစ်ချုပ် ဝါကျပုံစံများ

| | |
|---|---|
| **S + V + O + O.C (to $V_1$)** | I allow him to live in Magwe. |
| **S + V + O + O.C ($V_1$)** | I watch him swim. |
| **S + V + O + O.C ($V_3$)** | I have my finger cut. |
| **S + V + O + O.C ($V_4$)** | I watch him swimming. |
| **S + V + O + O.C (Adj)** | I make her happy. |
| **S + V + O + O.C (Noun)** | I call him Law Shay. |
| **S + V + O + O.C (as Noun)** | I view him as a leader. |
| **S + V + O + O.C (as Adj)** | I consider him as responsible. |
| **S + V + O + O.C (Particle)** | I keep my bag upstairs. |

လိုက်နိုင်သော O.C နှင့် ကြိယာများကို အနှစ်ချုပ် ပြန်လည် သုံးသပ်နိုင်ရန် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ မိမိရေးလိုသော ဝါကျပုံစံများဖြင့် လိုအပ်သည့် အစိတ်အပိုင်းများကို ထည့်ကာ ဘာသာပြန်ကြည့် ရေးကြည့်ပါ။

## Phrasal Verb အနှစ်ချုပ်

Phrasal Verb မှာ နှစ်လုံးတွဲ Phrasal Verb တွင် Particle လိုက်သည့် ကံယူ/ ကံမယူ ကြိယာ၊ Preposition လိုက်သည့် ကံယူ/ ကံမယူကြိယာဟု နှစ်မျိုးစီ ရှိသည်။ သုံးလုံးတွဲ Phrasal Verb တွင်လည်း Particle နှင့် Preposition အစဉ်လိုက် တွဲကာ ကံယူ/ ကံမယူ နှစ်မျိုးစီ ရှိပြန်သည်။

(၁) ကံယူကြိယာတွင် Particle လိုက်မူ ကံပုဒ်သည် Particle ၏ ရှေ့မှာဖြစ်စေ နောက်မှာဖြစ်စေ ထားနိုင်သည်။

ဥပမာ- turn sth on - ဖွင့်သည်။ turn sth off - ပိတ်သည်။

He turns the light on. He turns on the light.

Passive Voice: The light is turned on.

(၂) ကံမယူကြိယာတွင် Particle လိုက်မူ Particle တွင် အဆုံးသတ်သည်။ သို့မဟုတ် ကြိယာဝိသေသန တစ်ခုခု လိုက်လာနိုင်သည်။ sth/sb မပါ။

ဥပမာ- get up - အိပ်ယာထသည်။ break down - စက်ပျက်သည်။

He gets up early.

(၃) ကံယူကြိယာတွင် Preposition လိုက်မူ Preposition ၏ ရှေ့နောက်တွင် တပြိုင်နက် ကံပုဒ်လိုက်နိုင်သည်။

ဥပမာ- let sb into sth - အကြောင်း သတိပေးသည်။

keep sth to oneself နှုတ်ဆိတ်နေသည်/ စိတ်ထဲမှာသာ ထားသည်။

He lets me into the current disease.

Passive Voice: I am let into the current disease.

(၄) ကံမယူ ကြိယာတွင် Preposition လိုက်မူ Preposition နောက်တွင်သာ ကံပုဒ်ကို ထားနိုင်သည်။ ပုံသေဝိဘတ်လိုက်သော ကြိယာနှင့်တူသည်။

ဥပမာ- ask after sb - မာကြောင်းသာကြောင်း မေးသည်။
look after sth - စောင့်ရှောက်သည်။

She asked after my parents.

(၅) သုံးလုံးတွဲ Phrasal Verb တွင်မူ Particle နှင့် Preposition ရှေ့နောက် စဉ်လျက် ရှိနေပြီး ကံယူ ကြိယာဖြစ်မူ Particle ရှေ့တွင် ကံပုဒ် ဝင်လာပါမည်။

ဥပမာ- take sth out on sb - အပေါ်ပုံချသည်/ ကုလားမနိုင် ရခိုင်မဲသည်။
take sb up on sth – ငြင်းချက်ထုတ်/စောဒကတက်သည်။
take sth up with sb – ဆွေးနွေးသည်။

They took fault out on me.

Passive Voice: The fault is taken out on me.

(၆) သုံးလုံးတွဲ ကံမယူကြိယာတွင်မူ Preposition နောက်တွင်သာ ကံပုဒ်လိုက်နိုင်သည်။ ပုံသေဝိဘတ်လိုက်သော ကြိယာနှင့် တူသည်။

ဥပမာ- live up to sth - နှင့်အညီ နေထိုင်သည်။
give up on sb - မျှော်လင့်ချက် ကုန်သည်။

She lives up to morality.

မှတ်ရန် - Particle နှင့်ဆုံးသလား၊ ဝိဘတ်နှင့် ဆုံးသလား ဘယ်လို သိနိုင်မလဲ? Particle နောက်တွင် ကံပုဒ်လိုက်လေ့ မရှိပါ။ ဝိဘတ်

နောက်တွင်သာ ကံပုဒ်လိုက်ပါသည်။ ထို့ကြောင့် Particle ဆိုးသော ပုဒ်စုကြိယာတွင် get up sb/sth စသည် မရှိနိုင်။

**အောက်ပါ ကြိယာများတွင် အသုံးများသော Phrasal Verb များရှိသည်။**

account, add, agree, allow, answer, arse, ask, back, be, bear, blow, boil, break, bring, bump, burn, call, care, carry, catch, clean, clear, close, come, crack, crop, cry, dispose, do, draw, drop, enter, fade, fall, feel, fill, find, fix, get, give, go, grow, hand, hang, hold, join, jump, keep, knock, laugh, lay, lead, leave, let, line, live, lock, look, make, measure, meet, mess, miss, mix, move, note, part, pass, pay, pick, play, point, pull, push, put, rip, rinse, rub, run, see, sell, send, set, settle, shout, show, shut, shy, sink, sit, smile, stand, stay, step, stick, suck, switch, take, talk, think, throw, tie, try, turn, walk, wait, wash, watch, wear, wind, wipe, work, wrap, wrest, wrestle, write, etc..

**အနှစ်ချုပ် ပုံစံ**

(1) turn sth on - (Particle ဆိုး ကံယူ)
(2) get up - (Particle ဆိုး ကံမယူ)
(3) let sb into sth - (Preposition လိုက် ကံယူ)
(4) ask after sb - (Preposition လိုက် ကံမယူ)
(5) take sth out on sb (သုံးလုံးတွဲ ကံယူ)
(6) live up to sth (သုံးလုံးတွဲ ကံမယူ)

## Passive Form Phrasal Verbs

be cut off သီးခြား ဖြစ်နေသည်။ (မဖြစ်သင့်ပဲ)

be cut out for သင့်တော်သည်။ (အဆိုးဘက်)

be done for sb ပျက်စီး သေဆုံးသည်၊

be laid up အိပ်ယာထဲ လျောင်းနေသည်။ (ဖျားနာ၍)

be/get mixed up with ပါဝင် ပတ်သက်သည်။ (အဆိုးဘက်)

be put out စိတ်ဆိုးစေသည်။

be run down ကျန်းမာရေး ထိခိုက်သည်။ (ဖျားနာ၍၊ အလုပ်ပိ၍)

be taken aback အံ့သြစေသည်။

be fed up/ be fed up with လုံးဝ ငြီးငွေ့သော။

be sent down ကျောင်းထုတ်ခံရသည်။ (အမှားလုပ်၍)

ပုံစံ - He was sent down.

## Sentence Pattern ဇယား

<table>
<tr><td rowspan="6">Verb to Be/ Linking</td><td>S + V + S.C</td><td rowspan="5">Intransitive</td><td>S + V</td></tr>
<tr><td>S + V + Adj</td><td>S + V + F.P.Ph*</td></tr>
<tr><td>S + V + P.Ph</td><td>S + V + Adv-Obj (အနည်းငယ်သာရှိ)</td></tr>
<tr><td>S + V + Particle</td><td>S + V + Adj (အနည်းငယ်သာရှိ)</td></tr>
<tr><td>S + V + Adj + F.P.Ph*</td><td>S + V + Adj + N (အနည်းငယ်သာရှိ)</td></tr>
<tr><td>S + V + $V_3$</td><td rowspan="3">Ditrans…</td><td>S + V + I.O + D.O</td></tr>
<tr><td rowspan="3">Transitive</td><td>S + V + O</td><td>S + V + D.O + to/for + I.O</td></tr>
<tr><td>S + V + O + F.P.Ph*</td><td>S + V +to/with/from+ I.O + D.O</td></tr>
<tr><td>S + V +a/an/my+ O (နက်မဲ့)</td><td>o.c</td><td>S + V + O + O.C* (၉ မျိုးရှိ)</td></tr>
<tr><td rowspan="3">Phrasal V</td><td>S + V + O + Particle (၂ မျိုး)</td><td colspan="2">S + V + F.P.Ph*</td></tr>
<tr><td>S + V + Particle</td><td colspan="2">S + V + O + Particle + F.P.Ph</td></tr>
<tr><td>S + V + O + F.P.Ph*</td><td colspan="2">S + V + Particle + F.P.Ph</td></tr>
</table>

ဤဇယားတွင် Verb to Have ဝါကျပုံစံများကို သီးသန့် ဖော်ပြမထားပါ။ ဝါကျပုံစံတိုင်းတွင် ဖြစ်သင့်သလို (1) Adverb Phrase, (2) Particle, (3) Single Adverb, (4) Noun Group, (5) Adverb Clause ကြိယာဝိသေသနများ ထည့်သွင်း ရေးသားနိုင်ပါသည်။ Adverb ခန်းတွင် ဆက်လက် ဖော်ပြပါမည်။

## ဝါကျတို ရေးနည်း/ ဘာသာပြန်နည်း

*ဝါစင်္ဂသိ-ကိစ္စညှိရန်၊ ဆို-မေး-ငြင်းပြ ဝုတ္တာကတ်-ကံ။*
*ပုံစံဝါကျ-ကာလဖော်ရန်၊ တစ်ပုဒ်ချင်း လိုရင်းဘာသာပြန်။*

(၁) နာမ်၊ နာမ်စား စသည့် ဝါစင်္ဂကို သိထားရမည်။
(၂) ကတ္တား၊ ကတ္တား အဖြည့်ပုဒ် စသည့် ကိစ္စကို သိထားရမည်။
(၃) အဆိုပြု၊ အမေး၊ အငြင်းဝါကျ တည်ဆောက်ပုံကို သိရမည်။
(၄) ကတ္တားဟော (Active)၊ ကံဟော (Passive) သိရမည်။
(၅) ဝါကျပုံစံ (Sentence Pattern) ကို သိရမည်။
(၆) ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ (Tense) များကို သိထားရမည်။
(၇) စကားလုံးများကို ကတ္တား, ကံ, ကြိယာ စဉ်ကာ ဘာသာပြန်ဆိုပါ။

Preposition, Relative Pronoun, နှင့် Conjunction များ ပါဝင်သော ဝါကျများတွင် တွဲဖက်ဘာသာပြန်မှ အဆင်ပြေမည့် စကားလုံးများကို သိထားရပါမည်။

Preposition နှင့် အချို့ Conjunction များကို ဘာသာပြန်ရာတွင် ၎င်းတို့ နောက်တွင် လိုက်လာသော နာမ်, ကံနာမ်စား, $V_4$ စသည်နှင့် တွဲဖက် ဘာသာပြန်ရပါမည်။

ဝါကျ တစ်ခုတွင် Relative Pronoun နှင့် Conjunction တို့ ဦးစီးလျှင် Clause တစ်ခု ဖြစ်လာသည်။ ထို Clause ကို ဘာသာပြန်လျှင် စကားဆက်နှင့် ကြိယာကို နောက်ဆုံးမှ တွဲဖက် ဘာသာပြန်ရသည်။

အသေးစိပ်ကို Noun Phrase, Noun Clause, Adjective Phrase, Adjective Clause, Adverb Phrase, Adverb Clause အခန်းများတွင် တင်ပြပါမည်။

## Chief Disciples

<table>
<tr><td>is/<br>are/<br>was/<br>were</td><td>friend/ boy/ class-mate/ brahmin/ meditator/ wandering ascetic/ monk/ arahant/ chief disciple/ preacher/ leader/ rich/ wise/ clever/ young/ intelligent/ bright/ from Rājagaha/ in the dancing hall/ in the forest/ under a tree/ in the monastery</td></tr>
<tr><td>has/<br>have/<br>had</td><td>black eyes/ black hairs/ brothers/ sisters/ nephews/ friends/ relatives/ followers/ an uncle/ an aunt/ a big house/ bowl/ robes/ utensils/ property/ vehicle</td></tr>
<tr><td colspan="2">lived in Magadha Kingdom/ called him Sāriputta/ went to a festival/ saw (felt) a skeleton dancing/ searched for the Dhamma/ thought asceticism to be true/ saw Venerable Assaji walking calmly/ looked up to him/ listened to a stanza (verse)/ became a stream-enterer/ shared the Dhamma with his friend/ gave his teacher a good news/ suggested him to follow them/ met the Buddha/ became monks/ meditated/ attained arahatship/ preached the Dhamma/ delighted in seclusion/ trained their disciples/ answered the questions/ asked the questions to the Buddha/ visited Deva-realm/ motivated people.</td></tr>
</table>

## ကြိယာတစ်လုံး အသုံးအထွေထွေ

*Adjective မှတ်၊ Noun, Adverb, သုံးအပ် O.C $V_4$ တည်း။*
*To $V_1$ မူ၊ ထိုနည်းတူ၊ လွယ်ကူသိစေသတည်း။*
*$V_3$ မှာ၊ Noun-မပါ၊ ကြွင်းမှာ အတူတည်း။*

## Essay Writing Step by Step

သိထားရမည့် အဆင့် ခြောက်ခု[36]

| | | |
|---|---|---|
| 1 | Narration | ပုံပြောပြခြင်း |
| 2 | Description | ရုပ်ပုံဖြင့် တင်ပြခြင်း/ ရုပ်လုံးဖော်ခြင်း |
| 3 | Process | ဖြစ်စဉ် တင်ပြခြင်း |
| 4 | Comparison/ Contrast | တူညီမှု/ကွဲပြားမှုကို တင်ပြခြင်း |
| 5 | Cause & Effect | ကြောင်းကျိုးဆက်စပ် တင်ပြခြင်း |
| 6 | Persuasion/ Argument | လက်ခံလာအောင် ဆွဲဆောင်ခြင်း |

**ရေးသားရခြင်း၏ ရည်ရွယ်ချက် သုံးခု**

(1) To inform - အချက်အလက်ပေးရန် (၁ - ၂ ကို သုံးသည်။)

(2) To explain - ရှင်းလင်းတင်ပြရန် (၃ - ၄ - ၅ ကို သုံးသည်။)

(3) To persuade - ဆွဲဆောင်သိမ်းသွင်းရန် (၆ ကို သုံးသည်။)

အချက်အလက်တိုင်းကို အကျယ်ချဲ့လိုလျှင် Where, When, How, Why တို့ဖြင့် မေးခွန်းထုတ် အဖြေရှာရင်း အကျယ်ချဲ့နိုင်သည်။ မေးခွန်းမေးခြင်း၊ အဆိုအမိန့် အကိုးအကားများ ထည့်ခြင်းဖြင့်လည်း ရေးသားနိုင်သည်။

(1) Narration - ပုံပြောခြင်း၊ အရေးကြီးသော ထူးခြား ဖြစ်စဉ်များကို အစဉ်တကျ တင်ပြရပါမည်။ (ထင်မှတ် မထားသော ဖြစ်စဉ်များ)

(2) Description - ပုံဖော်ခြင်း၊ စိတ်ကူးထဲမှာ ထင်ထင်ရှားရှား ပုံဖော်ထားရမည်။ အတ္ထုပ္ပတ္တိ၊ သမိုင်း၊ ဖြစ်စဉ်၊ စိတ်ကူးယဉ် ဝတ္ထု၊

---

**[36]ပုံပြော, ပုံဖော် ချက်လက်ပေး၊ ဖြစ်စဉ်, တူ/ကွဲ, ကြောင်းကျိုးရေး။ စည်းရုံးရေးမှာ ဆွဲဆောင်ပြ၊ စာရေးသားနည်း ခြောက်ခုရ။**

နည်းပညာ အကြောင်းရေးလျှင် အသုံးပြုနိုင်သည်။ အာရုံငါးပါးနှင့် ပတ်သက်လျှင်လည်း ပုံဖော် ရေးသားကြသည်။

(3) Process - ဖြစ်စဉ်၊ အဆင့်ဆင့် အလုပ်လုပ်ပုံ၊ အဆင့်ဆင့် ဖြစ်ပျက်ပုံများကို စာဖတ်သူ နားလည်အောင် တင်ပြရမည်။ သုတေသနအတွက် ပြင်ဆင်ပုံ အဆင့်ဆင့်၊ စက်ပစ္စည်း တပ်ဆင်ပုံ လည်ပတ်ပုံ အဆင့်ဆင့်၊ နေ့စဉ်ဘဝ ဖြစ်စဉ် အဆင့်အဆင့်၊ ရင့်ကျက်လာပုံ အဆင့်ဆင့်၊ ပြင်ဆင်ပုံ အဆင့်ဆင့် စသည်ဖြင့် များပြားလှသည်။ ဥပမာ - Word ဖိုင်တစ်ခုကို ကွန်ပျူတာထဲ သိမ်းပုံ အဆင့်ဆင့်ကို သင်ပြပေးခြင်းကဲ့သို့ ဖြစ်သည်။

(4) Comparison/ Contrast - တူညီ/ကွဲပြားမှု၊ တူညီပုံ ကွဲပြားပုံတို့ကို အသေးစိတ် နှိုင်းယှဉ် တင်ပြရမည်။ ရုပ်သွင်ပြင် မတူညီမှု၊ အားလပ်ရက်ချင်း မတူညီမှု၊ စိတ်ဝင်စားပုံ မတူညီမှု၊ ဆောင်ပါးနှစ်ပုဒ် မတူညီမှု၊ ကဗျာ နှစ်ပုဒ် မတူညီမှု၊ Window နှင့် Mac မတူညီမှု စသည်ဖြင့် များစွာ ရှိလေသည်။ တစ်ခုကို လက်ခံ၍ တစ်ခုကို ပယ်ချခြင်းမျိုးလည်း ရေးနိုင်သည်။

(5) Cause & Effect - အကြောင်း နှင့် အကျိုး၊ ဖြစ်စဉ်တစ်ခု၏ အကြောင်း နှင့် အကျိုးဆက်ကို တင်ပြရမည်။ လုပ်ဆောင်မှု၊ ဖြစ်စဉ်၊ အခြေအနေ စသည်တို့၏ အကြောင်းအကျိုး ဆက်စပ်ပုံ ဖြစ်သည်။ ဖြစ်ကြောင်း ပျက်ကြောင်း စသည်ဖြင့် ထည့်သွင်း စဉ်းစားနိုင်သည်။

(6) Persuasion/ Argument - ဆွဲဆောင်မှု၊ မိမိအမြင် အယူအဆ လုပ်ဆောင်ချက်များကို အခိုင်မာဆုံး ဖြစ်အောင် ယုတ္တိရှိရှိ တင်ပြနိုင်ရမည်။ ဤအပိုင်းသည် ပညာသား အပါဆုံး ဖြစ်၍ စာဖတ်သူ၏ စိတ်ကို အမြင့်ဆုံး ဆွဲဆောင်ကာ မငြင်းဆိုနိုင်သည် အထိ ခိုင်ခိုင်မာမာ တင်ပြနိုင်ဖို့ လိုသည်။

အရှင်သာရိပုတ္တနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ အကြောင်းကို ဖော်ပြပါ ဇယားကို ကြည့်ကာ ရေးနည်း မျိုးစုံအောင် လေ့ကျင့် ရေးသားပါ။

စဉ်းစားရန် အချက်အလက်များ -

အရှင်သာရိပုတ္တနှင့် အရှင်မဟာမောဂ္ဂလာန်တို့ သံဝေဂရခြင်း တရားရှာနည်း/ တရားအတု အစစ် ခွဲခြားနည်း/ ကြည်ညိုတတ်မှု/ အမှန်ကို လက်ခံနိုင်မှု

အကျယ်ချဲ့ပုံ ဥပမာ -

ဘယ်နေရာ/ ဘယ်အချိန်/ ဘာကြောင့်/ ဘယ်လို သံဝေဂ ရခဲ့ကြသနည်း? (ပုံပြောခြင်း, ပုံဖော်ခြင်း)

သံဝေဂဝတ္ထု ရှစ်ပါး/ ယောဗ္ဗနမာန် စသည်ကို ပယ်ခြင်း (ဘယ်နေရာ/ ဘယ်အချိန်/ ဘာကြောင့်/ ဘယ်လို) (ဖြစ်စဉ်, ကြောင်း/ကျိုး)

ဘုရားရှင်နှင့် သံဝေဂ ရပုံခြင်း တူညီ/ကွဲပြားခြင်း

သံဝေဂ အစစ်, အတု မည်သို့ သိနိုင်မည်နည်း?

အချက်အလက်တိုင်းတွင် ဘယ်သူ, ဘယ်ခါ စသည်ဖြင့် ခွဲခြမ်း စိတ်ဖြာနိုင်သည်။[37]

---

[37]**ဘယ်သူ, ဘယ်, ဘာ၊ ဘယ်သူ့ဟာ၊ ဘယ်ခါ ဘယ်လိုလဲ။**
**ဘာကြောင့် ဘယ်မှာ၊ ကံထိုက်ရာ၊ ရှေ့မှာ ဝိဘတ်တွဲ။**
**ဘယ်သူ၏ဟာ၊ ဘယ်နှင့် ဘာ၊ နောက်မှာ Noun နှင့်တွဲ။**

## Noun Phrases

နာမ်တစ်ခုကဲ့သို့ အသုံးပြုနိုင်သော ပုဒ်စု ဖြစ်သည်။ Noun Phrase တွင် ကြိယာတစ်ခုကို အသုံးပြုထားသော်လည်း ကတ္တား မပါဝင်ချေ။ ကြိယာနှင့် တွဲလျက် ပါဝင်လာတတ်သည့် ကံ, ကံအဖြည့်ပုဒ်, ကြိယာဝိသေသနများကိုပါ လိုအပ်လျှင် ဖြစ်သင့်သလို ထည့်သွင်း ရေးသားနိုင်သည်။ ဖော်ပြခဲ့ပြီးသော ဝါကျပုံစံအားလုံးတို့တွင် ကတ္တားမပါပဲ ကြိယာကို to $V_1$ သို့မဟုတ် $V_4$ ပြောင်းကာ ရေးသားထားသည်ဟု အလွယ်နားလည်ထားပါ။ (ကတ္တားပါလျှင် Noun Clause ဖြစ်သည်။) နောက်တွင်ဖော်ပြမည့် ကြိယာပါဝင်သော ပုဒ်စုတိုင်းတွင်လည်း နည်းတူ မှတ်ပါ။

ပုဒ်စုတစ်ခုကို လေ့လာရာတွင် (၁) ရေးနည်း၊ (၂) ဝါကျရေးရာတွင် ထားရမည့် နေရာ၊ (၃) ဘာသာပြန် တို့ကို သိရှိ နားလည်ရမည်။

*ဆောင်။ ရေးနည်း ရေးဟန်၊ ဘာသာပြန်၊ ထားရန် နေရာကြည့်။*

အစချီခြင်း သုံးမျိုးတို့မှာ –

1) to $V_1$ ဖြင့်အစချီခြင်း (ဇယားတွင် ကြည့်ပါ၊)
2) Wh + to $V_1$ ဖြင့်အစချီခြင်း
3) $V_4$ ဖြင့်အစချီခြင်း (ဇယားကြည့်ပါ။)

*ဆောင် - To $V_1$ စ၊ wh စ၊ ရေးကြွ $V_4$ phrase*
*ရမယ်-ဆိုတာ၊ ခြင်း-တာ-ရမှန်း၊ ရမယ်မှန်း၊ ပေးစမ်းလျော်သရွေ့။*
*O နှင့် O.C – P – M – T – R, လိုအပ်ရာ၊ ကြိယာနောက်မှာဖြွေ။*
*Noun phrase ကတ္တာ၊ နည်းကိန်းသာ၊ Verb မှာ s-နှင့်ဖြွေ။*

ဘာသာပြန်နည်း ရေးနည်းများကို ဆောင်ပုဒ်ဖြင့် သိရှိနားလည်မည်ဟု ယူဆပါသည်။ ထပ်မံ သတိပေးလိုသည်မှာ Noun Phrase ကို ကတ္တားအဖြစ် အသုံးပြုလျှင် ပဓာနကြိယာတွင် s, es စသည် ဖြည့်ရပါမည်။ Noun Phrase ကတ္တားမှာ အနည်းကိန်း ကတ္တား ဖြစ်ကြောင်း သိရပါမည်။

to $V_1$ ... ခြင်း/ တာ/ ဖို့။

whom to $V_1$ ဘယ်သူ့ကို...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

what to $V_1$ ဘာ...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

which to $V_1$ ဘယ်ဟာ...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

what-noun to $V_1$ ဘာ...ကို...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

which-noun to $V_1$ ဘယ်...ကို...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

where to $V_1$ ဘယ်မှာ...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

when to $V_1$ ဘယ်တော့ ...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

why to $V_1$ ဘာကြောင့်...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

how to $V_1$ ဘယ်လို...ရမယ်ဆိုတာ/ ...တယ်ဆိုတာ။

whether to $V_1$ (or not) ...ရမလားဆိုတာ/...သလား/...မလားဆိုတာ

$V_4$ ...ခြင်း/ တာ

| INFINITIVE | ACTIVE | PASSIVE |
|---|---|---|
| PRESENT | to be ရှိခြင်း/ ဖြစ်ခြင်း/ ရှိတာ/ ဖြစ်တာ<br>to have မှာရှိခြင်း/ မှာရှိတာ<br>to $V_1$ ...ခြင်း/တာ/ဖို့ | to be $V_3$ ...ခံရခြင်း |
| CONTINUOUS | to be $V_4$ ...နေခြင်း/နေတာ/နေဖို့ | |
| PERFECT | to have been ရှိထားခြင်း/ဖူးခြင်း<br>to have $V_3$ ...မိခြင်း/ဖူးခြင်း/ထားခြင်း | to have been $V_3$ ...ခံရဖူးခြင်း |
| PER-CON | to have been $V_4$ ...နေမိခြင်း | |

(1) to go/ going သွားခြင်း၊

(2) to go to Yangon/ going to Yangon ရန်ကုန်သို့သွားခြင်း။

(3) to know/ knowing သိခြင်း။

(4) to know the truth/ knowing the truth အမှန်ကို သိခြင်း။

(5) when to go ဘယ်အချိန်၊ ဘယ်တော့ သွားရမည် ဆိုတာ။

(6) where to go ဘယ်ကို သွားရမယ်/မှန်း။

To choose time is to save time. (Sub နှင့် S.C အဖြစ်သုံးသည်။)

The egg shows the hen where to hatch. (D.O အဖြစ်သုံးသည်။)

To know what to do is wisdom; to know how to do is skill.

He shows me which button to press.

သိထားရမည့် အချက်တစ်ခုမှာ to $V_1$ , $V_4$ နှင့် $V_3$ များရှေ့တွင် Single Adverb-များကို ထားကာ ရေးသားနိုင်ခြင်း ဖြစ်ပါသည်။ Adverb Phrase ကိုမူ ဆိုင်ရာ ကြိယာ၏ နောက်တွင်သာ ထားရသည်။ (Pattern ခန်းမှ ဝါကျများဖြင့် စတင်ကာ ပုံစံစုံ လေ့ကျင့်ပါ။)

*ဆောင်။ ly –adverb ရှေ့မှာကပ်၊ to V -3 -4 phrase*

*single adverb တစ်နည်းမှတ်၊ သုံးအပ်လျော်သရွေ့။*

| GERUND | ACTIVE | PASSIVE |
|---|---|---|
| PRESENT | being ရှိခြင်း/ဖြစ်ခြင်း/ရှိတာ<br>V-ing ...ခြင်း/တာ | being $V_3$ ...ခံရခြင်း/တာ |
| PERFECT | having been ...ရှိဖူး/ဖြစ်ဖူးခြင်း<br>having $V_3$ ...ဖူးခြင်း/ဖူးတာ | having been $V_3$<br>...ခံရဖူးခြင်း/တာ |

Falsely praising a person is lying.

Wisely practising makes you a better person.

Practising diligently makes you a stronger person.

Knowing without doing is useless.

Doing without knowing is dangerous.

They do not know what to do and what not to do.

## သတိထားရမည့် အချက်များ

(၁) whom, which, what တို့နှင့် တွဲသော $V_1$ မှာ ကံယူကြိယာ သို့မဟုတ် ဝိဘတ်လိုက်သော ကံမယူကြိယာ ဖြစ်ရပါမည်။ ကံပုဒ်ကို ဖြတ်၍ အစားထိုးရသော နာမ်စားများ ဖြစ်သောကြောင့် ဤအချက်ကို အထူးဂရုပြုပါ။ (where, when, how, why, whether တို့နောင် မည်သည့် ကြိယာမျိုးမဆို တွဲနိုင်သည်။)

(၂) wh to $V_1$ ကို ပုံသေဝိဘတ်လိုက်သော ကြိယာနှင့် နာမဝိသေသနများ နောက်တွင်လည်း ရေးနိုင်သည်။

(၃) $V_4$ တွင်မူ ထိုသို့ ကန့်သတ်ချက်များ မရှိ။

(၄) တခါတရံ အဆက်နာမ်စား သက်သက်ကို ကံအဖြစ် သုံးသည်လည်း ရှိ၏။

He is interested in how to build a bamboo hut.

He abstains (refrains) from killing, stealing, sexual misconduct, telling a lie, and taking any kind of intoxicants.

I don't know why.

## Wh-Phrase လိုက်သော ကြိယာများ

ask မေးမြန်းသည်။
discover ရှာဖွေတွေ့ရှိသည်။
explain ရှင်းပြသည်။
remember သတိရသည်။
wonder သိချင်သည်။
guess ခန့်မှန်းသည်။
know သိသည်။
perceive ရိပ်စားမိသည်။
teach သင်ပေးသည်။
settle အနည်ထိုင်/အခြေချ/ခိုင်မြဲသည်။

decide ဆုံးဖြတ်သည်။
enquire မေးမြန်းစုံစမ်းသည်။
find out ရှာဖွေ တွေ့ရှိသည်။
see မြင်သည်။
forget မေ့လျော့သည်။
inform သတင်းပေးသည်။
learn သင်ယူလေ့လာသည်။
show ပြသသည်။
think တွေး/ထင်သည်။
understand နားလည်သည်။

| | | | |
|---|---|---|---|
| I | ask*/ decide/ discover/ | whom | to study/ to write/ to |
| We | enquire/ explain*/ find | which | speak/ to drive a car/ to |
| You | out/ remember/ see/ | what | wash a car/ to use the |
| He | wonder/ forget/ guess/ | where | software/ to play the |
| She | inform/ know/ learn/ | when | guitar/ to praise/ to |
| They | perceive/ show*/ teach*/ | how | blame/ to give/ to do/ |
| | think/ settle/ understand | why | to cook/ to send |

*ကံနှစ်ခုယူ ကြိယာတို့တွင် ကံပုဒ်ကိုပါ ထည့်သွင်း ရေးသားနိုင်သည်။

## To $V_1$ လိုက်သော ကြိယာများ

love နှစ်သက်သည်။ admit ဝန်ခံသည်။
ache အာသီသရှိသည်။ afford တတ်နိုင်သည်။
agree သဘောတူသည်။ aim ချိန်ရွယ်သည်။
arrange အစီအစဉ်ချသည်။ ask မေးသည်။
decide ဆုံးဖြတ်သည်။ deserve ထိုက်တန်သည်။
demand တောင်းဆိုသည်။ expect မျှော်လင့်သည်။
forget မေ့လျော့သည်။ help ကူညီသည်။
fail ပျက်ကွက်သည်။ hesitate မဝံ့မရဲဖြစ်သည်။
hope မျှော်လင့်သည်။ intend ရည်ရွယ်သည်။
learn သင်ယူသည်။ mean ဆိုလိုသည်။
need လိုအပ်သည်။ neglect လစ်လျူရှုသည်။
offer ကမ်းလှမ်းသည်။ plan စီမံကိန်းချသည်။
prepare ပြင်ဆင်သည်။ promise ကတိပေးသည်။
refuse/decline ငြင်းဆိုသည်။ resolve အဓိဋ္ဌာန်သည်။
swear ကျိန်ဆိုသည်။ vow သန္နိဋ္ဌာန်ချသည်။
proclaim ထုတ်ပြန်ပြောဆိုသည်။ oblige တာဝန်သက်ရောက်စေသည်။p.v

| | | |
|---|---|---|
| I<br>We<br>You<br>He<br>She<br>They | love/ admit/ ache/ afford/ agree/ aim/ arrange/ ask/ decide/ deserve/ demand/ expect/ forget/ help/ fail/ hesitate/ plan<br>(ကြွင်းကြိယာများ) | to read/ to sing a song/ to swim/ to plant/ to travel/ to play tennis/ to do Yoga/ to listen/ to tell the truth/ to public a book/ to go abroad/ to come/ to buy/ to sell/ to paint/ to draw/ to ride a bicycle/ to teach/ to clean |

## $V_4$ လိုက်သော ကြိယာများ

attempt ကြိုးပမ်းသည်။ delay ကြံ့ကြာစေသည်။
adore ချစ်ခင်လေးစားသည်။ avoid ရှောင်ကြဉ်သည်။
appreciate နားလည်မှုရှိသည်။ commence နိဒါန်းပျိုးသည်။
contemplate သုံးသပ်၊ လက္ခဏာယဉ်တင်သည်။
deny ငြင်းဆိုသည်။ detest ရွံ့မုန်းသည်။
continue ဆက်လုပ်သည်။ enjoy ခံစားသည်။
finish အပြီးသတ်သည်။ explain ရှင်းပြသည်။
mention ဖော်ပြသည်။ keep (on) ဆက်လုပ်သည်။
fear/dread ကြောက်လန့်သည်။ recall ပြန်လည်သုံးသပ်။
resent စိတ်နာသည်။ risk အန္တရာယ်ရှိသည်။
admit ဝန်ခံသည်။ anticipate မျှော်မှန်း/လက်ဦးမှု ရယူသည်။
celebrate ကျင်းပ/ဆင်နွှဲသည်။ consider စဉ်းစား/ဆင်ခြင်သည်။
deserve ထိုက်တန်သည်။ entail လိုအပ်/ဖြစ်ပေါ်စေသည်။
involve ပါဝင်/ပါတ်သက်သည်။ like ကြိုက်/နှစ်သက်သည်။
dislike မနှစ်သက်။ loathe ရွံ့/စက်ဆုပ်သည်။
prevent တားမြစ်သည်။ postpone အချိန်ဆွဲသည်။
recollect ပြန်တွေး/မှတ်မိသည်။ resist ခုခံသည်။
start စတင်သည်။ stop ရပ်/နားသည်။

| | | |
|---|---|---|
| I<br>We<br>You<br>He<br>She<br>They | attempt/ delay/ adore/ avoid/ appreciate/ commence/ deny/ detest/ continue/ enjoy/ finish/ explain/ mention/ keep (on)/ recall/ resent/ risk/ like/ admit/ consider/ deserve/ stop | training/ washing/ doing/ going/ sharing/ selling/ purchasing/ travelling/ hiking/ rescuing/ offering/ donating/ cutting/ helping/ preparing |

လိုအပ်သော ကံပုဒ်များ ကြိယာဝိသေသနများ ထည့်သွင်း လေ့ကျင့်ပါ။

To be $V_4$ လိုက်သော ကြိယာများ - agree, arrange, appear, decide, determine, manage, happen, hope, plan, pretend, seem, etc.

To have $V_3$ လိုက်သော ကြိယာများ - appear, hope, pretend, seem

## The Highest Blessings

Not to associate with the foolish, but to associate with the wise; and to honor those who are worthy of honor — this is the greatest blessing.

To reside in a suitable locality, to have done meritorious actions in the past and to set oneself in the right course — this is the greatest blessing.

To support mother and father, to cherish wife and children, and to be engaged in peaceful occupation — this is the greatest blessing.

ဖော်ပြပါ မင်္ဂလာဂါထာတို့တွင် ပါရှိသည့် မင်္ဂလာ တစ်ပါးကို Argumentative စာစီစာကုံး တစ်ပုဒ် ဖြစ်အောင် ရေးသားပါ။ အချိန်, နေရာ, အမူအရာ, အကြောင်း, အကျိုး ထိုက်သင့်သလို ဖြည့်စွက် ရေးသားနိုင်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားရန် အခက်အခဲ ဖြစ်လျှင် မြန်မာဘာသာဖြင့် လေ့ကျင့် ရေးသားပါ။ စာစီစာကုံး ရေးတတ်စေရန် ရည်ရွယ်၍ ခေါင်းစဉ် ပေးထားခြင်း ဖြစ်ပါသည်။

ဥပမာ - 'လူမိုက်နှင့် ပေါင်းသင်းခြင်းက သင့်ကို ဆင်းရဲစေသည်' ဟု ရေးလိုလျှင် 'စေသည်' ဟု ဘာသာပြန်ခဲ့သည့် O.C လိုက်သော ကြိယာကို ရှာပါ။ make, have, let တို့ကို တွေ့ရှိရမည် ဖြစ်သည်။ လူမိုက်နှင့် ပေါင်းသင်းခြင်း ဟု အင်္ဂလိပ်လို ဘာသာပြန်ရေးလိုလျှင် to associate with the foolish သို့မဟုတ် associating with the foolish ဟု Noun Phrase နှစ်မျိုး ရေးနိုင်သည်။ Noun Phrase ကို ကတ္တားထားကာ ရေးရမည် ဖြစ်သည်။

To associate with the foolish makes you suffer.

Associating with the foolish makes you suffer.

အချုပ်အားဖြင့် Pattern ခန်းတွင် ဖော်ပြခဲ့သော ဝါကျများကို ကတ္တားဖြုတ်ကာ to ထည့်လိုက်လျှင် ဖြစ်စေ, ကြိယာတွင် ing ပေါင်းလျှင် ဖြစ်စေ, Wh to $V_1$ ပြောင်းလျှင် ဖြစ်စေ Noun Phrase ဖြစ်လာသည်ဟု မှတ်ပါ။ ထို Noun Phrase ကို S, S.C, O, စသည်ဖြင့် ဝါကျထဲတွင် နေရာချထား အသုံးပြုနိုင်သည်။

ပုံစံ - He is happy. **(Verb to be)**

to be happy, being happy, when to be happy

He has a car. **(Verb to have)**

to have a car, having a car, when to have a car

He listens to classical music. **(Verb to do)**

to listen to classical music, listening to classical music, when to listen to classical music

## Noun Clauses

ဝါကျတစ်စုံကို နာမ်အဖြစ် အသုံးပြုထားခြင်းကို Noun Clause ဟုခေါ်သည်။ ဖော်ပြပါ အဆက်နာမ်စားများကို ဝါကျတွင်းမှ ဖြုတ်လိုက်သည့် စကားလုံး အားလျှော်စွာ ရွေးချယ်ကာ ရှေ့ဆုံးမှာ ထားရသည်။ (မေးခွန်းဝါကျတွင် ဖော်ပြခဲ့သည့် နာမ်စား ရွေးချယ်နည်းနှင့် တူ၏။ မြန်မာပြန်သည့်အခါ ကတ္တားသံ ပါလျှင် Noun Clause ကတ္တားသံ မပါလျှင် Noun Phrase ဟု မှတ်ပါ။)

*ဆောင်။ နာမ်၏ကိုယ်စား၊ ဆက်နာမ်စား၊ ရှေ့ထား Noun Clause*
*ဝါကျတစ်စုံ၊ နာမ်ပြုတုံ၊ မှတ်ကုန် Noun Clause*

who[38] (ကတ္တား) whom (ကံ) ...သောသူ၊ ဘယ်သူ...တယ်ဆိုတာ။ (လူသူ)
whoever ...သောသူတိုင်း (လူသူ)
which ...သောအရာ၊ ဘယ်အရာ ...တယ်ဆိုတာ။ (အရာဝတ္ထုရွေးချယ်ရန်)
whichever ...သောအရာတိုင်း (အရာဝတ္ထုရွေးချယ်ရန်)
which + noun ...ဘယ်...တယ်ဆိုတာ (အရာဝတ္ထုရွေးချယ်ရန်)
what ...သောအရာ။ ဘာ...တယ်ဆိုတာ (အမျိုးအစား ရွေးချယ်ရန်)
whatever ...သောအရာတိုင်း
what + noun ဘာ...တယ်ဆိုတာ
whose + noun (ဘယ်)သူ၏... ...တယ်ဆိုတာ၊ သောသူ။
how ဘယ်လို...တယ်ဆိုတာ။ (however ဘယ်...မျိုးဖြစ်ဖြစ်။)
how + adj/adv ဘယ်လောက်...
how many, how much ဘယ်လောက်များများ...
when, whenever ဘယ်အချိန်...တယ်ဆိုတာ

---

[38] **အပျက်(အငြင်း)သဘောတွင် Whosoever စသည့် စကားဆက်များကိုလည်း သုံးနိုင်သည်။**

where, wherever ဘယ်နေရာမှာ…တယ်ဆိုတာ။
why ဘာကြောင့်…တယ်ဆိုတာ

ပုံစံ။ He ventures. (သူသည် စွန့်စားသည်။)

ဖော်ပြပါ ဝါကျကို ကတ္တားနာမ်စား He ကို ဖြုတ်ကာ အဆက်နာမ်စား who ထည့်လိုက်လျှင် Who ventures - (စွန့်စားသူ။) ဟု Noun Clause ဖြစ်လာသည်။ ဆိုင်ရာ နာမ်များ၊ နာမ်စား များကို ဖြုတ်ကာ ရေးကြည့်ပါ။

နမူနာပုံစံများ။ (I hate him.)
who hates him - သူ့ကို မုန်း သောသူ/ ဘယ်သူ သူ့ကို မုန်းတယ်ဆိုတာ။
whom I hate- ငါ မုန်း သောသူ/ ငါဘယ်သူ့ကို မုန်းတယ်ဆိုတာ။
(He studies English.) who studies English- အင်္ဂလိပ်စာ လေ့လာ သောသူ/ ဘယ်သူ အင်္ဂလိပ်စာ လေ့လာတယ် ဆိုတာ
what/ which he studies – သူ လေ့လာ သောအရာ/ သူဘာလေ့လာတယ် ဆိုတာ။
who runs- ပြေးသောသူ/ ဘယ်သူပြေးတယ်ဆိုတာ။
what/which runs - ပြေးသော အရာ/ ဘာပြေးတယ်ဆိုတာ။
where he lives- သူနေသော နေရာ။ သူဘယ်မှာနေတယ် ဆိုတာ။
what he is interested in – သူစိတ်ဝင်စားသော အရာ/ သူ ဘာစိတ်ဝင်စားတယ်ဆိုတာ

## အသုံးပြုနည်း

၁။ ကတ္တားအဖြစ် အသုံးပြုလျှင် ပဓာနကြိယာတွင် s, es စသည် ဆက်ရမည်။
၂။ အများကိန်း သဏ္ဍာန်ဖြင့် ရှိသော Noun Clause-ကို ကတ္တား အဖြစ် သုံးထားလျှင် ပဓာနကြိယာတွင် s, es ဆက်စရာ မလိုပါ။

He has money. He gives money to me.

Who has money gives him what he has.

He likes coffee. He takes coffee.

Who likes coffee can take the coffee.

| |
|---|
| talk + know/ think + believe/ speak + influence/ behave + earn/ speak + eat/ satisfy + suffer/ gossip + criticize/ offer + rejoice/ give + get/ argue + succeed/ commit + conceal/ hesitate + decide/ share + waste/ splash + wash/ promise + please |

Whoever knows does not talk much.

Whoever talks does not know much.

You will get what you give.

Do what you can, with what you have, where you are.

*ဆောင်။ One, he နဲ့ယှူ၊ those များဟူ၊ လိုမှူ ထည့်ရန်တည်း။*
*ကံနာမ်စားနောက် တစ်ချို့ရောက်၊ စွဲကောက် နောက်တစ်နည်း။*

**Dance + entertain**

| | |
|---|---|
| One who dances entertains. | One who entertains dances. |
| One who does not dance entertains. | One who does not entertain dances. |
| One who does not dance does not entertain. | One who does not entertain does not dance. |

**ပြင်ဆင်လေ့ကျင့်ရန်** - ဖော်ပြပါ ကြိယာများနောင် ကံပုဒ် ကြိယာဝိသေသန စသည်များ ထည့်ရေးလိုက်လျှင် ပုံစံများစွာ ထွက်လာနိုင်သည်။

ဥပမာ - Those who entertain blind men must not dance.

Those who dance in a dark room cannot entertain others.

Those who always dance cannot entertain due to tiredness.

Those who have never entertained themselves cannot dance.

One who knows does not talk much.

One who does not know talks a lot.

Those who tell don't know and those who know don't tell.

The future belongs to him who knows how to wait.

No one is luckier than him who believes in his luck.

**Wh Clause လိုက်သော ကြိယာများ**

arrange, ask, believe, consider, decide, discuss, estimate, find, forget, hear, imagine, indicate, inform, know, notice, prove, realize, remember, reveal, say, see, show, state, suggest, tell, think, understand, wonder

| | | | |
|---|---|---|---|
| I<br>We<br>You<br>He<br>She<br>They | arrange, ask, believe, consider, decide, discuss, estimate, find, forget, hear, imagine, inform, know, notice, prove, realize, remember, reveal, say, see, show, state, suggest, tell, think, understand, wonder | who<br>whom<br>which<br>what<br>where<br>when<br>how<br>why | borrow/ loan/ give/ sell/ buy/ live/ listen/ sit/ study/ chant/ recite/ walk/ visit/ come/ migrate/ travel/ perform/ do/ have |

အထက် ဖော်ပြပါ ဇယားတွင် Noun Clause ကို ကတ္တားထား၍လည်း ရေးသားနိုင်ပါသည်။

*ဆောင်။ ဘာမှမဖျက်၊ ရှေ့မှာစွက်၊ that နှင့် if, whether*

that ဟု/ ဟူ၍/ တယ်လို့/ တယ်ဆိုတာ/ မယ်လို့/ မယ်ဆိုတာ။
if ... သလားဆိုတာ
whether ... များ ... သလား/မလားဆိုတာ။

All I know is that I don't know anything.

He knows that he should learn English.

He knows he should learn English. (တခါတရံ that ကို ဖြုတ်ထားတတ်သည်။)

She asked me if her son came to see me.

They want to know whether I am learning English or not.

**ဝါကျပုံစံများ**

(1) does not know if/whether…

(2) want to know if/whether…

(3) wonder if/whether…

(4) curious about whether…

I just want to know whether you will come tomorrow.

## That Clause လိုက်သော Verb များ

admit, advise, agree, announce, appear, beg, command, declare, determine, discover, doubt, ensure, expect, fear, feel, happen, hope, inform, learn, make out, mean, observe, occur to, order,

perceive, pretend, promise, propose, recognize, recommend, remark, remind, request, resolve, satisfy, seem, suppose, teach, turn out, urge, vow, warn, wish

acknowledge အသိအမှတ်ပြုသည်။ allege ငြင်းဆို/လျှောက်လဲသည်။
assume သိမ်းပိုက်/ဟန်ဆောင်သည်။ assure အာမခံသည်။
confess ဝန်ခံသည်။ demand တောင်းဆိုသည်။
demonstrate ပြသသည်။ insist မရမကတောင်းဆိုသည်။
guarantee အာမခံ/ဝန်ခံ/ကတိပြုသည်။ threaten ချောက်လှန့်သည်။
imply သဘော/အဓိပ္ပါယ်သက်ရောက်သည်။
presume ဟုတ်/မှန်သည်ဟု မှတ်ယူသည်။
stipulate စည်းကမ်း သတ်မှတ်/ချမှတ်သည်။

They admit that they have never been to Bagan.
He admits that he cannot study Japanese.
She admitted that she had been taking intoxicant for five years.

## That Clause လိုက်သော Adjective နှင့် $V_3$ များ

afraid ကြောက်လန့်/ထိတ်လန့်/စိတ်မကောင်းသော။
anxious စိတ်ပူသော။ aware သိမြင်သော။
certain သေချာသော။ confident စိတ်ချ ယုံကြည်သော။
conscious သတိရှိ/သိရှိသော။ convinced ယုံကြည်ချက် ခိုင်မာသော။
glad ဝမ်းသာသော။ pleased ကျေနပ် အားရသော။
relieved လွတ်ငြိမ်း ခွင့်ပေးသော။ sorry ဝမ်းနည်း၊ စိတ်မကောင်းသော။

I am afraid that I cannot go there.
I am aware that they have never been to Myanmar.

## Adjectives နာမဝိသေသန

*Adjective + noun အတူပေါင်း၊ Noun phrase ဟုမှတ်။*
*Adjective clause/phrase, နာမ်နောက်ဖြွေ၊ နာမ်ရှေ့ single ကပ်။*

*ဆောင်။ ရှည်သွေး-ညွှန်ပြ၊ ပမာဏ၊ ရေတွက်ပြ-ခွဲဝေ။*
*မေး-ပိုင်ဆိုင်-မည်၊ ဤရှစ်လီ၊ ဖြည့်သည်နာမ်ရှေ့နေ။*

### 1) Descriptive Adjectives အရည်အသွေးပြ နာမဝိသေသန

| | |
|---|---|
| big ကြီးသော။ | small ငယ်သော။ |
| high မြင့်သော။ | low နိမ့်သော။ |
| tall အရပ်ရှည်သော။ | short တိုသော |
| long ရှည် လျားသော။ | |
| wide ကျယ်သော။ | narrow ကျဉ်းသော။ |
| thin ပိန်သော၊ ပါးသော။ | fat ဝသော။ အဆီပေါသော။ |
| | thick ထူသော။ |
| rich ချမ်းသာ-ကြွယ်ဝသော။ | poor ဆင်းရဲသော။ |
| good ကောင်းသော။ | bad မကောင်းသော၊ဆိုးသော။ |
| pretty, beautiful လှပသော။ | ugly အရုပ်ဆိုးသော။ |
| clever လိမ္မာသော။ | stupid မိုက်မဲသော။ |
| young ငယ်ရွယ်နုပျိုသော။ | old အိုမင်းသော၊ဟောင်းသော၊ |
| new သစ်သော။ | |
| clean သန့်ရှင်း/ကြည်လင်သော။ | dirty ညစ်ပတ်သော။ |
| skillful ကျွမ်းကျင်သော။ | unskillful |

ပုံစံ။ She is a pretty, young girl.

I am going to tell you a short story.

A healthy man is a successful man.

He is an extra-ordinary man. သူက ပုဂ္ဂိုလ်ထူးပဲ။

He is pretty tall. သူက အတော်လေး အရပ်ရှည်တယ်။

## 2) Demonstrative Adjectives ညွှန်ပြ နာမဝိသေသန

This, these, that, those, such

## 3) Quantitative Adjectives ပမာဏပြ နာမဝိသေသန

| | |
|---|---|
| little နည်းသော။ | a little အနည်းငယ်သော။ |
| some အချို့သော။ | no မရှိသော။ |
| half ထက်ဝက်သော။ | enough လုံလောက်သော။ |
| much, many များပြားသော။ | a lots of များပြားသော။ |
| any တစ်စုံတစ်ခုသော။ | all အားလုံးသော။ |
| whole တစ်ခုလုံးသော။ | sufficient လုံလောက်သော။ |
| few နည်းသော။ | a few အနည်းငယ်သော။ |
| several များပြားသော။ | certain အချို့သော။ |
| another အခြားတစ်ခုဖြစ်သော။ | other အခြားသော။ |

ပုံစံ။ He has no friend. I have many friends.

I have some money. We have enough food.

## 4) Numerical Adjectives အရေတွက်ပြ နာမဝိသေသန

a) Cardinal: (ကိန်း) one, two, three, four, five, six, seven, eight, nine, ten, eleven, twelve, thirteen, nineteen, twenty, thirty, forty, fifty, sixty, hundred, thousand, million, billion

ပုံစံ - I have written seven books.

b) Ordinal: (အကြိမ်) first, second, third, fourth, fifth, sixth, decade, century, etc.

ပုံစံ။ He has only one son. He wins the first prize.

I have two brothers and one sister.

ကိန်းနှင့် အကြိမ် ယှဉ်လျက် ရေးသားလျှင် အကြိမ်ပြ စကားလုံးကို ရှေ့တွင်ထားကာ ရေးလေ့ရှိကြသည်။

The first five students, the second five students, the third five students.

### 5) Distributive Adjectives ခွဲဝေပြ နာမဝိသေသန

each, either, neither, every.

ပုံစံ။ They offered books for each boy.

Behind every great man there's a great woman.

### 6) Interrogative Adjectives အမေး နာမဝိသေသန

who, whom, what, etc.,

ပုံစံ။ What color? What kinds? Which book do you like?

### 7) Possessive Adjectives ပိုင်ဆိုင်မှုပြ နာမဝိသေသန

my, our, your, his, her, its, their

ပုံစံ။ She scolds her son. I have my lunch. Their house is beautiful.

### 8) Proper Adjectives အမည်ပြ နာမဝိသေသန

Boiled water, tea-pot, fried noodle,

(Compound Adjective တွင် ပါဝင်၍ အမျိုးအစား များစွာ ရှိလေသည်။)

ပုံစံ။ I like Myanmar food. The coconut trees fall.

**Irregular Adjectives**

| **Positive** | **Comparative** | **Superlative** | |
|---|---|---|---|
| good/ well | better | best | ကောင်း |
| bad/ evil | worse | worst | ဆိုး |
| far | farther/further | farthest/furthest | ဝေး |
| little | less | least | အနည်းငယ် |
| little | X | X | သေးငယ် |
| late | later | latest/last | နောက်ကျ |
| old | older/elder | oldest/eldest | အို၊ ဟောင်း |
| fore | former | foremost | ရှေးကျ |
| many/ much | more | most | များ |
| | upper | uppermost | မြင့် |

## အလတ်စားနှင့် အမြတ်စား နာမဝိသေသန ပြောင်းနည်း

*ဆောင်။ e ဆုံးမူ r, st လာ၊ y-မှာ i-ပြောင်းဆက်။ သရတွဲ y-တွက် မူမပျက်။*

ပုံစံ။ (1) white, whiter, whitest (2) busy, busier, busiest

(3) gay, gayer, gayest

*ဆောင်။ သရတစ်လုံး၊ ဗျည်းနှင့်ဆုံး၊ ဗျည်းတစ်လုံးတိုးလျက်*
*နောက်မှာဆက်။ ရှည်လွန်းလျှင်ကား more, most-စွက်။*

ပုံစံ။ big, bigger, biggest

careful, more careful, most careful

*ဆောင်။ w, r ဆုံးရာ၊ တစ်ချို့မှာ er, est ဆက်၊ အကြွင်းနည်းတူစွက်။*

ပုံစံ။ clever, cleverer, cleverest
new, newer, newest
cheap, cheaper, cheapest

## လေ့ကျင့်ရန်

big ကြီးသော။
black မဲသော။
bold ရဲရင့်သော။
bright တောက်ပသော။
brave ရဲရင့်သော။
busy အလုပ်များသော။
careful ဂရုစိုက်သော။
cheap ဈေးပေါသော။
clear ထင်ရှားသော။
clever လိမ္မာသော။
cold အေးသော။
comfortable သက်သာသော။
cool အေးမြမြ ဖြစ်သော။
coy ရှက်တတ်သော။
costly အကုန်အကျများသော။
dangerous အန္တရာယ်ရှိသော။
dark မှောင်သော။
deep နက်ရှိုင်းသော။
difficult ခက်ခဲသော။
dirty ညစ်ပတ်သော။
dry ခြောက်သွေ့သော။
easy လွယ်ကူသော။
expensive ဈေးကြီးသော။
fair မျှတသော၊ ချောမောသော။
fast လျင်မြန်သော။
foolish မိုက်မဲသော။
forgetful မေ့လျော့သော။
friendly ဖော်ရွေသော။
funny ရယ်စရာကောင်းသော။
gay ရွှင်ပျသော။
great ကြီးကျယ်မြင့်မြတ်သော။
green စိမ်းသော။
grey မီးခိုးရောင် သန်းသော။
handsome ရုပ်ချောသော။
happy ပျော်ရွှင်သော။
hard မာသော။

healthy ကျန်းမာသော။ heavy လေးလံသော။
honest ရိုးသားသော။ hot ပူသော။
hungry ဆာလောင်သော။ important အရေးကြီးသော။
industrious လုံ့လဖွဲကောင်းသော။ kind ကြင်နာသော။
large ကြီးမားသော။ late နောက်ကျသော။
lazy ပျင်းရိသော။ light လင်းသော။ ပေါ့ပါးသော။
lovely ချစ်စရာကောင်းသော။ low နိမ့်သော။
lucky ကံကောင်းသော။ mad ရူးသွပ်သော။
manly ယောကျ်ားဆန်သော။ narrow ကျဉ်းမြောင်း သော။
naughty ဆိုးမိုက်သော။ near နီးသော။
new သစ်သော။ nice သဘောကောင်းသော။
noisy ဆူညံသော။ pale ဖျော့တော့သော။
painful နာကျင်သော။ peaceful ငြိမ်းချမ်းသော။
pleasant ကောင်းသော။ polite ယဉ်ကျေးသော။
pretty လှပသော။ proud မာနကြီးသော။
red နီသော။ ripe မှည့်သော။
rude ရိုင်းစိုင်းသော sad ဝမ်းနည်းသော။
safe လုံခြုံသော။ shallow တိမ်သော။
shameful ရှက်စရာကောင်းသော။ sharp ထက်သော။
simple ရိုးစင်းသော။ slow နှေးကွေးသော။
smooth ချောမွတ်သော။ strong သန်မာသော။
tame ယဉ်ပါးသော။ thin ပါးသော၊ ပိန်သော။
tiny အလွန်သေး ငယ်သော။ true မှန်ကန်သော။
useful အသုံးဝင်သော။ warm နွေးထွေးသော။

weak အားနည်းသော။ wealthy ကြွယ်ဝသော။

wet စိုသော။ wild ရိုင်းသော။

white ဖြူသော။ wise ပညာ ရှိသော။

wonderful အံ့ဖွယ်ကောင်းသော။ fatherly ဖခင်ဆန်/ဖခင်နှင့်တူသော။

motherly, soldierly, womanly, sisterly, brotherly, (နည်းမှီပြန်လေ)

## နာမဝိသေသန ဝါကျတည်ဆောက်ပုံ

ရေးသားပြီးခဲ့သော နာမဝိသေသနပါဝင်သည့် ဝါကျများ

She is beautiful. - **(Verb to be နောက် အဖြည့်ပုဒ်)**

She looks happy. - **(Linking Verb နောက် အဖြည့်ပုဒ်)**

The shirt stains black. - **(ကံမယူကြိယာနောက်)**

They dance duet dance. - **(ကံမယူကြိယာနောက် နာမ်ရှေ့)**

They make me happy. - **(ကံအဖြည့်ပုဒ်)**

He goes to a deep forest. - **(နာမ်ရှေ့ နာမဝိသေသန)**

၁။ ရိုးရိုးနာမဝိသေသန (Positive Adj) ကို ဂုဏ်ရည်တူ နှိုင်းယှဉ်သည့် အခါ as + adj + as သို့မဟုတ် so + adj + as ဖြင့် အနှိုင်းယှဉ်ခံ စကားလုံးကို နောက်မှာထားကာ ရေးသားပါသည်။

She is as beautiful as Ni Ni.

She is as beautiful as I am. **(ဝါကျချင်း နှိုင်းယှဉ်)**

She is as beautiful as me. **(နာမ်စားနှင့် နှိုင်ယှဉ်)**

The light of wisdom is as bright as the moon.

၂။ အလတ်စား နာမဝိသေသန (Comparative Adj) နောက်တွင် than နှင့်တွဲကာ နိမ့်ကျသူ/မြင့်မားသူကို ထားလေ့ရှိပါသည်။ သက်မဲ့တွင်လည်း နည်းတူ။

Lack of knowledge is darker than night.

Love is better than a whip.

Blood is thicker than water.

He is smarter than I am. **(ဝါကျချင်းယှဉ်)**

He is smarter than me. **(ကံနာမ်စားလိုက်)**

the နှင့်တွဲသော Comparative နှစ်ခုကြား ကော်မာ ထားကာ ရေးနိုင်သည်။

The farther, the better. ဝေးလေ ကောင်းလေ။ **(Adj နှစ်ခုတွဲ)**

The more you get, the more you want. ရလေ လိုလေ။ **(ဝါကျနှစ်ခုတွဲ)**

The longer you practise, the more skillful you are.

၃။ အမြတ်စား နာမဝိသေသန (Superlative Adj) ရှေ့တွင် the-ကို ထား၍ နေရာတစ်ခု အတွင်းမှာ အသာဆုံးဖြစ်လျှင် Noun + in-ဝိဘတ်ဦးစီးသော ပုဒ်စုကို သုံး၍၊ လူ, အုပ်စု တစ်ခု အတွင်းမှာ အသာဆုံး ဖြစ်မှု of ဦးစီးသော ပုဒ်စုကို သုံးပါသည်။

She is the most beautiful in our class.

She is the most beautiful of all girls.

She is the most beautiful of all girls in our class.

Superlative နှစ်ခုကြားတွင်လည်း Verb to be ထားကာ ရေးနိုင်၏။

Nearest is dearest. အနီးကပ်ဆုံးသည် အချစ်ဆုံး။

## အစိပ္ပါယ်တူသုံးဝါကျ

စနစ်ဟောင်း အထက်တန်း အင်္ဂလိပ်စာတွင် လေ့လာရသည့် ဝါကျပုံစံ ပြောင်းလဲ တည်ဆောက်ပုံ ဖြစ်သည်။ (ပေါ့ပေါ့ပါးပါး မဖြစ်လျှင် ချန်ထားခဲ့ပါ။)

၁။ တန်းတူ တစ်ခုကို ပြဆိုရာတွင် as + adj + as နှင့် so+ adj + as- တစ်မျိုးမျိုးကို သုံးနိုင်သည်။ နှစ်မျိုးလုံးမှာ အသုံးတူ၏။ ဆိုင်ရာ ကတ္တား နောက်တွင် နေရာပြပုဒ် ထည့်၍ ကတ္တားပုဒ်၏ ရှေ့တွင်မူ No other ကို ထည့်ပါ။ (No other + Sub + Place ဟုစဉ်ပါ။)

No other man in our town is as rich as U Ni.

No other girl in our school is as beautiful as Ni Ni.

Very few girls in our school are as beautiful as Ni Ni.

၂။ အလတ်စား နာမဝိသေသန နောက်တွင်မူ than + any other + အဆင့်နိမ့်သော လူ (သို့) အရာဝတ္ထုကို ထည့်ကာ ရေးသားရပါမည်။

U Ni is richer than any other man in our town.

Ni Ni is more beautiful than any other girl in our school.

၃။ အမြတ်စား နာမဝိသေသန ရှေ့တွင် the-ထည့်ရသည်ကို သတိပြုပါ။ အကယ်၍ နေရာချင်း နှိုင်းယှဉ်လိုလျှင် နာမဝိသေသန နောက်တွင် Noun + in-ဦးစီးသော ပုဒ်စုကို သုံး၍ လူချင်း နှိုင်းယှဉ်လျှင် of all + Plural Noun ကို သုံးပါသည်။

U Ni is the richest of all men in our town.

Ni Ni is the most beautiful of all girls in our school.

ဆက်လက်လေ့ကျင့်ရန် စကားလုံးများ -

- delicious/ fast/ fatty/ fresh/ good/ healthy/ nutritious/ organic/ plain/ salty/ simple/ tasty + food
- baggy/ beautiful/ clean/ dirty/ expensive/ fashionable/ good/ new/ nice/ old/ scruffy/ shabby + clothes
- a beautiful/ derelict/ fine/ high/ historic/ impressive/ old/ public/ tall + building
- angular/ distinctive/ geometric/ geometrical/ irregular/ L (etc..)/ rectangular/ round/ square/ symmetrical/ triangular + shape
- bold/ bright/ dark/ deep/ gaudy/ garish/ light/ natural/ pale/ pastel/ primary/ rich/ soft/ strong/ subtle/ vibrant/ vivid/ warm + color

**မြန်မာပုံစံများ** - ဆင်းရဲလေလေ သံဝေရရ၊ သစ်ပင်မြင့်လေ လေတိုက်ခံရလေ။ အသက်ကြီးလေ လောဘကြီးလေ။ အသက်ကြီးလေ ရင့်ကျက်လေ။ ကြီးလေ ချဉ်လေ။ ကျားကြီး ခြေရာကြီး။ သွားပါများ ခရီးရောက်။ မေးပါများ စကားရ။

## Determiner

ပိုင်ဆိုင်မှုပြ နာမဝိသေသန၊ ညွှန်ပြ နာမဝိသေသန၊ ခွဲဝေ နာမဝိသေသန၊ များစွာ အနည်းငယ်ဟု အနက်ထွက်သော စကားလုံးများ၊ အားလုံးဟု အနက်ထွက်သော စကားလုံးများကို ဆုံးဖြတ်ပုဒ်ဟု ခေါ်သည်။

*ဆောင်။ ပိုင်ဆိုင်-ညွှန်ပြ ဝေပြ- များစွာ။ နည်းငယ်-အခြား အားလုံး မှတ်ပါ။*
*အာတီကယ်မျှ ဖော်ပြညွှန်မှာ။ ဆုံးဖြတ်ပုဒ် မယုတ်မှတ်ကြပါ။*

(1) a, an, the, my, our etc. (2) this etc... (3) each etc. (4) much, many, more, most, some, a few, a little,[39] other, another, every... အာတီကယ် မသုံးရသော စကားလုံးများကို ပြန်လည် လေ့လာပါ။

I have a little money. I have little money.

I have a few books. I have few books.

### Determiner နှင့် ဆက်စပ်သော နာမဝိသေသနများ

### a) Predeterminer ဆုံးဖြတ်ပုဒ်၏ ရှေ့နေ

all အားလုံးသော။ both နှစ်ခု/နှစ်ယောက်လုံးသော။

double နှစ်လွှာနှစ်ထပ်ဖြစ်သော။ half တဝက်ဖြစ်သော။

quarter တစ်စိပ်သော။ twice နှစ်ဆသော။

quite, rather တော်တော်။ such ထိုကဲ့သို့သော။

---

**[39] a little ပြ၊ နည်းငယ်မျှ၊ တွဲကြ U Noun ကို။**
**a ကို ဖျောက်က၊ နည်းလွန်းလှ၊ မလောက်င သလို။ (အပြစ်ဆို)**
**few, a few နောက်ပါး၊ C Noun ထား၊ အများ ကိန်းတို့ကို။**

All the people here like coffee.

**b) Post-determiner - ဆုံးဖြတ်ပုဒ်၏ နောက်နေ**

certain တစ်စုံ တစ်ခုသော။

chief အဓိကဖြစ်သော။

current လောလောဆယ်ဖြစ်သော

first ပထမဖြစ်သော။

following အောက်/နောက်ပါဖြစ်သော။

further/additional နောက်ထပ်ဖြစ်သော

future အနာဂတ်ဖြစ်သော

last နောက်ဆုံးသော။

main ပဓာနဖြစ်သော။

next နောက် ဖြစ်သော။

only တစ်ခုတည်းဖြစ်သော။

opposite ဆန့်ကျင်ဘက်ဖြစ်သော။

past အတိတ်ဖြစ်သော။

particular အထူးတလည်ဖြစ်သော။

present ပစ္စုပ္ပန်ဖြစ်သော။

previous ယခင်ဖြစ်သော။

remaining ကြွင်းသော။

same အတူဖြစ်သော။

second ဒုတိယဖြစ်သော။

specific သီးသန့်ဖြစ်သော။

usual ခါတိုင်း ကဲ့သို့သော။

the following questions,

a certain rich man

my past experience

her only son

## Compound Adjectives

သင်္ချာနောက်တွင် တိုင်းအတာ၊ အရေအတွက်၊ ပမာဏ၊ အကွာအဝေး၊ နှစ်၊ လ၊ ရက် စသည်ဆက်ပါက ရက်လ စသည်တို့တွင် အများကိန်းဖြစ်သော်လည်း s, es ဆက်စရာမလို။

*ဆောင်။ သင်္ချာနောက်မှာ၊ တိုင်းတာ-နှစ်-လ၊ Noun ရှိက၊ ပယ်ကြ s, es*
*နောက်နေနာမ၊ ဝါစက၊ ထည့်ကြ s, es*

A three-storey house, three-hundred-mile far city,
three-year-old boy

He is now thirty years old. (Verb to be နောက်တွင် years ဟု s နှင့် ရှိသည်။)

ပေါင်းစပ်နာမဝိသေသနများမှာ ပါဠိသဒ္ဒါတွင် သမာသ်နှင့်တူသည်။

**1) Number + Noun** = four-wheel drive, two-tube combiners, 300-page book, six-foot sharp, ten-minute walk, three-foot table

**2) Number + noun + ed** = a one-armed man, a one-eyed man, three-legged tables

**3) Noun + ed** = a turbaned old man, well-oiled machine

**4) Adjective + $V_4$** = long-lasting batteries, a good-looking girl, hard-working people

**5) Adjective + $V_3$** = a well-known man, well-behaved boys, well-educated people, ill-conceived plan

**6) Adjective + Noun** = a second-hand computer, one-way traffic, heavy-water cavity, a second-semester senior, full-length documentary

**7) Adjective + Noun + ed** = an open-minded man, a fleet-footed horse, warm-blooded animals, cold-blooded people, long-winded lady, old-fashioned men, middle-aged men, long-haired girls, brown-eyed girls, red-colored hairs, high-priced car

**8) Noun + Adjective** = knee-deep water, chin-high water, full-time workers, world-famous singers, brand-new car

**9) Noun + $V_4$** (ကံ+ကြိယာ) = doubt-overcoming purification, a man-eating shark, self-fulfilling prophesy, sport-loving uncle, English-speaking country, slow-moving cars, time-saving system, quick-drying glue

**10) Noun + $V_3$** (ကတ္တား + ကြိယာ) = knowledge-associated consciousness, mind-made object, mind-produced materiality, mind-born materiality, computer-related terms, a Taiwan-based Organization, self-motivated students, hand-picked tomatoes, hand-made soap

**11) Adverb + $V_3$** = fully-updated computer, brightly-lit room, dimly-lit room, densely-populated city, internationally-recognized author

**12) Adverb + $V_4$** = a high-ranking officer, rapidly-increasing floodwater, gently-flowing water, up-going wind, down-going wind

**13) Noun + Noun** = the life-size poster of his mother, fat-free food

*ဆောင်။ ဂဏန်းနှင့်+noun, ဂဏန်း+noun+ed, noun+ed, ad+V-$_{4-3}$*

*adjective+noun နှစ်၊ noun+adjective ဆက်၊ noun နောက်စွက်၊ တွဲလျက်-V-$_{4-3}$*

*adverb နောက်တွင်၊ 3 – 4 ဝင်၊ noun တွင် noun ဆက်ပြီး။*

ဤ Compound Adjective များကို ကျွမ်းကျင်လိုလျှင် NBC News, CNN News, FOX News စသည်များကို ဖတ်ပါ။ တနေ့ တမျိုး မရိုးရအောင် ပုံစံစုံ တွေ့ရပါလိမ့်မည်။ ဖော်ပြခဲ့သည်ထက်မက အခြားသော ပုံစံများလည်း ရှိနိုင်ပါသည်။

## Position of Adjectives

နာမဝိသေသနတို့ကို စဉ်ရာတွင် (၁) အရွယ်အစား၊ (၂) သက်တမ်း၊ (၃) ပုံပန်း-သဏ္ဍာန်၊ (၄) ရုပ်သွင်ပြင်၊ (၅) စိတ်နေစိတ်ထား၊ (၆) အရောင်အသွေး၊ (၇) ဖြစ်ရာအရပ်၊ (၈) ပစ္စည်းဝတ္ထု၊ (၉) ရည်ရွယ်ချက် ဟု အစဉ်အတိုင်း ထားကာ ရေးလေ့ရှိသည်။ စကားလုံး အားလျော်စွာ ကွဲပြားသည်လည်း ရှိနိုင်ပါသည်။ ဆိုင်ရာ သဒ္ဒါကျမ်းတို့တွင် ကြည့်ရှုကြပါကုန်။

*ရွယ်စား-သက်တမ်း ပုံပန်း- ရုပ်သွင်။ စိတ်နေ-ရောင်ပြ၊ ဖြစ်ရဌာနင်။*
*ဝတ္ထု-ရွယ်ပြု ကိုးခု အစဉ်။ စီကာထား မမှားကြစေချင်။*

(1) a long sharp sword, (2) an old round table,

(3) a thin ugly woman, (4) an old plastic bin,

(5) red velvet curtain, (6) green Thailand leather boot,

(7) a big white dog, (8) an old English leather saddle,

(9) large Wooden house (10) old Myanmar Wooden house

(11) black Myanmar leather riding boot

အရွယ်အစား၏ ရှေ့တွင် အရည်အသွေးပြ နာမဝိသေသနကို ထားနိုင်သေးသည်။

(1) beautiful short hair
(2) beautiful long black hair

## Adjective Phrases

အစချီခြင်း ငါးမျိုးတို့ဖြင့် ရေးသားနိုင်သည်။ "သော၊ တဲ့၊ သည့်၊ မည့်၊" လျော်ရာ ပြန်ဆိုပါ။

အစချီခြင်းငါးမျိုးတို့မှာ။

(1) to $V_1$ ဖြင့် အစချီခြင်း
(2) $V_3$ ဖြင့် အစချီခြင်း
(3) $V_4$ ဖြင့် အစချီခြင်း
(4) Preposition ဖြင့် အစချီခြင်း
(5) Adjective ဖြင့် အစချီခြင်း

*ဆောင်။ To $V_1$ မျိုး၊ $V_{3}$-$_4$, စရိုးဝိဘတ်၊ adj မှတ်။*
*သော-တဲ့-သည့်-မည့်၊ ဖို့-က-သည်မှာ၊ ဆိုတာဟာ၊ ဆိုတာကတော့ အနက်မှတ်။*

### 1) To $V_1$ ဖြင့် အစချီခြင်း

ရည်ရွယ်ချက်ကို ဖော်ပြရာတွင်သုံး၏။ "...ရမည့်၊ ...ဖို့ရန်၊ ...စရာ" ဟု ပြန်ဆိုပါ။

A lazy man does not have ability to succeed.
The first thing to achieve our goal is to have willingness to achieve.
The only way to know the truth is to practise the three trainings.
The anxiety to face difficulty proves that you are not strong enough.

### To $V_1$ လိုက်သော စကားလုံးများ

ability, advice, agreement, ambition, anxiety, appeal, arrangement, attempt, authority, capacity, cause, chance, choice, concession, decision, demand, desire, determination, dream,

eagerness, effort, encouragement, failure, fitness, goal, guarantee, incentive, intention, invitation, motivation, need, offer, opportunity, order, permission, place, plan, preparation, pretext, promise, recommendation, refusal, reluctance, reminder, requirement, request, reason, responsibility, scheme, sight, suggestion, skill, temptation, tendency, way, willingness, wish, the first, the second, the last, the only, anything, something, etc..

### 2) $V_3$ ဖြင့်အစချီခြင်း

ခံရမှုကိုပြသည်။ "...ခြင်းခံရသော၊ ...အပ်သော၊ ...ထားသော" ဟုပြန်ဆိုပါ။

$V_3$ တစ်လုံးတည်း ဖြစ်မူ နာမ်၏ ရှေ့မှနေ၍ အထူးပြုသည်။ ကြိယာဝိသေသန စသည် ပါဝင်သဖြင့် $V_3$ ပုဒ်စု ဖြစ်မူ နာမ်၏ နောက်မှနေ၍ အထူးပြုသည်။ အနှစ်ချုပ်အားဖြင့် နာမ်၏ ရှေ့/နောက်တွင် အလျဉ်းသင့်သလို ထားနိုင်သည်ဟု မှတ်ယူပါ။ ($V_3$ သည် ကံယူကြိယာ ဖြစ်ရမည်။)

Fried noodle - ကြော်ထားသော ခေါက်ဆွဲ/ ခေါက်ဆွဲကြော်

The noodle fried with vegetables - အသီးအရွက်နှင့် ကြော်ထားသော ခေါက်ဆွဲ

He gives the noodle fried with vegetables to me.

A trained mind - လေ့ကျင့်ထားသော စိတ်

A trained mind brings happiness.

A mind trained with wise intention brings happiness.

The prepared seat - ပြင်ထားသော ထိုင်ခုံ/နေရာ

The seat prepared for him - သူ့အတွက် ပြင်ထားသော ထိုင်ခုံ/ နေရာ

He sits on the seat <u>prepared for him</u>.

The <u>cooked</u> rice - ချက်ထားသော ထမင်း

The rice <u>cooked for him</u> - သူ့အတွက် ချက်ထားသော ထမင်း

The rice <u>cooked for him</u> is enough for three people.

He likes <u>roasted</u> maize.

He likes the maize <u>roasted in salt</u>.

They give me a box <u>made of bamboo</u>.

The sugar <u>made from jaggery</u> is better than the sugar <u>made from sugarcane</u>. (better than that of sugarcane ဟုလည်း ရေးနိုင်သည်။)

အလွယ်ဆိုရလျှင် 'ချီးမွမ်းခံရသော ကောင်လေး' စသည်ဖြင့် ကံနှင့် ကြိယာ အထူးပြု ရေးသားရသော နည်းစနစ် ဖြစ်သည်။ (ကံကို ကြိယာဖြင့် အထူးပြုသည်။)

### 3) $V_4$ ဖြင့် အစချီခြင်း

အထူးပြုခံရသည့် နာမ်ပုဒ်၏ ပြုလုပ်မှု ပြုလုပ်ဆဲကို ပြဆိုသည်။ "...နေသော၊ ...သော" ဟု ပြန်ဆိုပါ။ ဤပုံစံ၌ $V_4$ တစ်လုံးတည်း ဖြစ်မူ နာမ်၏ ရှေ့မှနေ၍ အထူးပြုသည်။ ကံနှင့် ကြိယာဝိသေသန စသည် ပါဝင်သဖြင့် $V_4$ ပုဒ်စု ဖြစ်မူ နာမ်၏ နောက်မှ နေ၍ အထူးပြုသည်။

The <u>singing</u> girl - သီချင်းဆိုနေသော ကောင်မလေး

The girl <u>singing on the stage</u> - စင်ပေါ်မှာ သီချင်းဆိုနေသော ကောင်မလေး

The girl <u>singing on the stage</u> is a famous singer.

The girl <u>singing on the state yesterday</u> comes and meets me.

The <u>dancing</u> boy - ကနေသော ကောင်လေး

The boy dancing in the theatre yesterday - ဇာတ်ရုံမှာ မနေ့က ကနေသော ကောင်လေး

The boy dancing in the theatre yesterday comes and sees me today.

A barking dog does not bite.

A dog barking at you does not bite anybody.

A chattering bird builds no nest.

A bird chattering on the roof does not build any nest.

The waiting man thinks the time long.

They tell me that the man sitting under the tree is a celebrity.

A bird sitting on a tree is never afraid of branch breaking.

The hope raising your spirits is your future.

The laugh conquering gloom is the most valuable.

အလွယ်နားလည်အောင် ဆိုရလျှင် 'ရပ်နေသော ကောင်လေး' 'လမ်းဘေးမှာ ရပ်နေသော ကောင်လေး' စသည်ဖြင့် ကတ္တားကို ကြိယာဖြင့် အထူးပြုသည့် နည်းစနစ် ဖြစ်သည်။ အထူးပြုခံရသော နာမ်မှာ အထူးပြုထားသော ကြိယာ၏ ကတ္တားဖြစ်သည်။ Verb to be ဖြစ်လျှင် $V_4$ မပါပဲ Preposition ဖြင့် အစချီသော ရေးနည်းဖြင့် ရေးနိုင်သည်။

## 4) Preposition ဖြင့်အစချီခြင်း

ဝတ်စားဆင်ယဉ်မှု၊ နေရာ၊ ပိုင်ဆိုင်မှု၊ ပါရှိခြင်း၊ မပါရှိခြင်း၊ အရည်အချင်း၊ အမျိုးအစား တို့ကို ဖော်ပြသည်။

*ဆောင်။ ဝတ်စား-နေရာ၊ ပိုင်ဆိုင်ရာ၊ ပါ-မပါကိုပြ၊*
*ရည်ချင်း-မျိုးစား၊ ခုနစ်ပါး၊ ထင်ရှားပြသ ဝိဘတ်စ။*

The girl in the white shirt - အင်္ကျီအဖြူဝတ်ထားတဲ့ ကောင်မလေး

The girl in the white shirt is a friend of mine.

The house near the river - မြစ်ဘေးနားက အိမ်

The house near the river is painted well.

The boy under a tree - သစ်ပင်အောက်က ကောင်လေး

The boy under a tree watches me swimming.

A community without elders does not prosper.

A bird in the hand is worth two in the bush.

A man without a smiling face must not open shop.

The road to hell is paved with good intentions.

The five clinging aggregates are the noble truth of suffering.

### 5) Adjective ဖြင့်အစချီခြင်း

အရည်အသွေး၊ အရည်အချင်းနှင့် အမျိုးအမည် စသည်ကို ဖော်ပြသည်။ Adj နောက်တွင် ပုဒ်စုများ ပါဝင်လာလျှင် နာမ်ပုဒ်၏ နောက်မှ နေ၍ အထူးပြုသည်။

The nearest one - အနီးဆုံးသူ

The one nearest to the enemy - ရန်သူနှင့် အနီးဆုံးသူ

The one nearest to the enemy is the real leader.

The good Dhamma - ကောင်းသော တရား

The Dhamma good in the beginning - အစ၌ ကောင်းသော တရား

The Buddha expounded the Dhamma good in the beginning, good in the middle, and good in the end.

The good books - ကောင်းသော စာအုပ်များ/ စာအုပ်ကောင်းများ

The books good for learners - စာသင်သားများအတွက် ကောင်းသော စာအုပ်များ

These are the books good for learners.

A clever boy - လိမ္မာသော ကောင်လေး

A boy clever at music - ဂီတ၌ လိမ္မာကျွမ်းကျင်သော ကောင်လေး

A boy clever at music likes dancing.

The building adjacent to the park (ဝိဘတ်လိုက်သော Adj တွင် ကြည့်ပါ။)

My friend lives in the apartment adjacent to the park.

## Noun in Apposition

တိကျပြီးသော နာမ်ကိုအထူးပြုသည်။ အရတူသော (တစ်ခုတည်း တစ်ယောက်တည်းကို ရည်ညွှန်းသော) နာမ်ပုဒ်နောက်တွင် ကော်မာ ဖြတ်ကာ ထားနိုင်သည်။ အနုရူပ နာမ်ဟုလည်း ခေါ်ဆိုကြသည်။ အစချီခြင်းလေးမျိုးဖြင့် ရေးလေ့ရှိသည်။ "ဆိုသည်မှာ" စသည်ပြန်ဆိုပါ။

1) Article ဖြင့်အစချီခြင်း၊

2) Possessive adjective ဖြင့် အစချီခြင်း၊

3) One of noun, two of noun, a kind of ... စသည်ဖြင့် အစချီခြင်း၊

4) အမည်ဖော်ပြခြင်း၊

*ဆောင်။ Article စ၊ ပိုင်ဆိုင်ပြ၊ မည်ပြ- one of noun*
*တိကျသတ်မှတ်၊ Comma ဖြတ်၊ ကပ်ကြတူရာ noun*

U Pon-nya, a famous composer, passed away many years ago.

Mu Mu, my younger sister, is sixteen years old.

Mandalay, the second largest city of Myanmar, is beautiful.

One kind of, one type of, a sort of, a kind of, a <u>noun</u> of စသည်ဖြင့် အခြား အသုံးအနှုန်းများကိုလည်း အလားတူ နားလည်ပါ။

တစ်ခါတစ်ရံ အသက်အရွယ်ကို ဖော်ပြလျှင် ကော်မာဖြတ်ကာ နည်းတူ ထားလေ့ရှိသည်။

Tom, 24, met Linda in 1994 and got married in 1996.

ကော်မာ မဖြတ်ပဲ ရှေ့တွင်ထား၍ အထူးပြု ရေးသားနိုင်ပါသေးသည်။

| | |
|---|---|
| the teacher U Hla | the composer U Ponnya |
| the play 'King Lear' | our friend Mg Tun |

## Adjective Clauses

Noun Clause တွင် သုံးသော စကားဆက်များကိုပင် အသုံးပြုပါသည်။ “သော” ဟု အဆုံးသတ် ဘာသာပြန်၍ နာမ်၏ နောက်တွင် နေကာ အထူးပြုပါသည်။ ဝါကျတစ်ခုက နာမ်ပုဒ်တစ်ခုကို နောက်မှနေကာ အထူးပြုခြင်း ဖြစ်သည်ဟု အလွယ် မှတ်သားနိုင်ပါသည်။ များသောအားဖြင့် မရှိမဖြစ် အရေးပါလျှင် that, အရေးမပါလျှင် which ကို သုံးပါသည်။

*ဆောင်။ သောသူ-သောအရာ၊ Noun clause မှာ၊ သောမှာ adjective*

He lives in Yangon. (ဝါကျ)

Who lives in Yangon… (Clause)

A boy <u>who lives in Yangon</u> - ရန်ကုန်မှာ နေသော ကောင်လေး တစ်ယောက်

A boy <u>who lives in Yangon</u> comes to the village.

I meet a boy <u>who lives in Yangon</u>.

You give me a book. (ဝါကျ)

What you give me … (Clause)

The book <u>what you give me</u> - သင် ကျွန်ုပ်ကို ပေးသော စာအုပ်

I do not like the book <u>what you give me</u>.

I do not like the book <u>that you give me</u>.

The book you give me is really useful for English learners.

The mouth is eating. (ဝါကျ)

The mouth <u>that is eating</u> … စားနေသော ပါးစပ်

The mouth <u>that is eating</u> cannot speak.

<u>A girl</u> shares <u>snacks</u> with her <u>friends</u> in the <u>class</u>.

A girl who has money shares snacks with her friends in the class.

A girl shares the snacks that she likes with her friends in the class.

A girl shares snacks with her friends who come from the city.

A girl shares snacks with her friends in the class where she studies English.

Kindness is a virtue that the blind can see and the deaf can hear.

I don’t remember the man whose foot I stepped on.

Patience is the key which solves all problems.

A friend who shares is a friend who cares.

Learning is a treasure that will follow its owner everywhere.

Adjective Clause တွင် ကတ္တားပါနေလျှင် အဆက်နာမ်စားကို ဖျောက်ထားနိုင်သည်။ ကတ္တားနေရာတွင် အဆက်နာမ်စားကို သုံးထားပါက ဖျောက်မထားရပါ။

*ဆောင်။ Adjective clause မှာ၊ subject ပါ၊ ရှေ့မှာ နာမ်စားပျောက်။*

Do not believe everything ~~that~~ you hear;

Do not do everything ~~that~~ you desire to do;

Do not tell all you know;

Do not use all you have;

Do not buy everything you see; then you will always be happy.

Tell not all you know nor do all you can.

Children will hate all those who give all things to them.

## Non-qualifying Clauses

That မှလွဲ၍ ကျန်စကားဆက်များကို အသုံးပြုနိုင်သည်။ တိကျပြီး နာမ်နောက် တွင် ကော်မာဖြတ်၍ ထားရပါမည်။

Sumedha, whose father was a millionaire, gave away all his inheritance and renounced the world.

Devadatta, who expected gain and fame too much, destroyed himself.

### နာမဝိသေသန အထူးပြုပုံ ဇယား

| | | | |
|---|---|---|---|
| Venerable | ly ဆိုး Adv | many | |
| Ānandā | answers | questions | in the monastery |
| a cousin … | | asked by people | near Sāvatthi |
| who knows tipiṭaka | | that are related to the Dhamma | which is built by Anāthapiṇḍika |

တစ်လုံးတည်း ပြီးသော Adjective များကို နာမ်ရှေ့တွင် ထား၍ Adjective Phrase နှင့် Adjective Clause တို့ကို နာမ်နောက်တွင် ထားကာ အထူးပြု ရေးသားရသည်။ ဖော်ပြပါ ဇယားကို ကြည့်ကာ အောက်ပါ ဝါကျကို အင်္ဂလိပ်ဘာသာ ပြန်ကြည့်ပါ။

*မြတ်စွာဘုရား၏ ဝမ်းကွဲ ညီတော် ဖြစ်သော ပိဋကတ်သုံးပုံကို သိနားလည်သော အရှင် အာနန္ဒာသည် လူတွေ မေးသော တရားတော်နှင့် ဆက်စပ်သည့် မေးခွန်းများစွာကို သာဝတ္ထိ အနီးရှိ အနာထပိဏ် ဆောက်လုပ်သည့် ကျောင်းတွင် ဖြေကြားသည်။*

အဂ္ဂသာဝက နှစ်ပါးအကြောင်းကို စာစီစာကုံး ရေးကြည့်ပါ။

## ဝါကျရှည် ရေးနည်း/ ဘာသာပြန်နည်း

*ကြိယာရေကြ ပဓာနကိုရှာ၊ စကားဆက်-ဝိဘတ် ဖွဲ့စပ်ဆိုင်ရာ။*
*ခွဲ-တွဲရ-မရ ဝါကျစဉ်ကာ၊ လျော်စွာတွဲ မလွဲပြန်လိုက်ပါ။*

(၁) ကြိယာဘယ်နှစ်လုံးကို သုံးစွဲထားသနည်း။

(၂) မည်သည့်ကြိယာသည် ပဓာနကြိယာ ဖြစ်သနည်း။

(၃) Conjunction, Relative Pronoun, Preposition တို့ဦးစီးသော (Phrase & Clause) နယ်ပယ်တွင် စကားလုံး/ ဝါကျ မည်မျှ ရှိသနည်း။

(၄) ဝါကျ တစ်ခုလုံးတွင် ခွဲခြား ဘာသာပြန်ရမည့် စကားလုံး ပေါင်းစပ် ဘာသာပြန်ရမည့် စကားလုံး စကားစုမည်မျှရှိ၍ မည်မျှရှည်လျားသနည်း။

ဖော်ပြပါ အချက်အလက်များကို ရှာဖွေကာ အောက်ပါ ဝါကျကို ဘာသာပြန်ဆိုပါ။

The name Buddhism comes from the word ‘budhi’ which means ‘to wake up’ and thus Buddhism is the philosophy of awakening. This philosophy has its origins in the experience of the man Siddhartha Gotama, known as the Buddha, who was himself awakened at the age of 35. (Good Question, Good Answer by Dhammika)

## Adverb ကြိယာဝိသေသန[40]

ကြိယာဝိသေသနများသည် ကြိယာတစ်ခုခုကို ဆက်စပ် အထူးပြုသည်။

### Adjective မှ Manner Adverb သို့

၁။ ဗျည်းနှင့် y-တွဲဆုံးသော adjective များတွင် y-ကို i-ပြောင်းကာ ly-ဆက်လျှင် Manner adverb ဖြစ်လာသည်။

ပုံစံ။ lazy -- lazily, happy, heavy, easy,

ခြွင်းချက်။ gay -- gaily,

၂။ le-တွဲဆုံးသော adjective များတွင် e-ကိုဖြုတ်ကာ y-ဆက်လျှင် adverb ဖြစ်လာသည်။

ပုံစံ။ simple -- simply, pale

၃။ ကြွင်းသော adjective-များကို ly-သာဆက်ပါ။

ပုံစံ။ strong -- strongly, peaceful -- peacefully,
slow, short, smooth, careful, honest, proud, poor, deep, clear, quick etc..

*ဆောင်။ ဗျည်းတွဲ-y, i-ပြောင်းလို့၊ ly-ပေါင်းဆက်ကာ၊*
*le-တွဲ ဆုံးလေရာ၊ e-ဖြုတ်ကာ y-တွဲ။ ။*
*ကြွင်းသမျှ ly-ယှဉ်၊ ကြိ-ဝိသွင် ပြောင်းလိမ့်မလွဲ။*

---

**[40]*မှု-ချိန်-ကြိမ်ရေ၊ နေရာတွေ၊ အဆင့်တွေပြ Adverb* > (manner adv ကို ly ဆက်နည်းတွင် ကြည့်ပါ။ time adv ကို Noun Group တွင် ဖော်ပြထားသည်။ frequency adv ကို present tense တွင် ဖော်ပြခဲ့ပြီ။ place adv ကို particle တွင် ဖော်ပြထားသည်။ degree adv ကို er, est ဆက်နည်းတွင် ဖော်ပြထားသည်။)**

ပုံစံ။ We live happily. He said proudly.
She walks carefully.

## Adjective, Adverb နှစ်မျိုးသုံးနိုင်သော စကားလုံးများ

far, high, daily, early, late, all, less, next, still, long, close, hard, little, much, weekly, monthly, yearly, well, enough, more, right

ပုံစံ။ He jumps high. He sits on the high seat.
He gets up early. He gets up early morning.

## er, est ဆက်နည်း

၁။ သရသံ တစ်သံရှိသော ကြိယာဝိသေသန များကို er, est ဆက်လျှင် အလတ်စား၊ အမြတ်စား ပြောင်းနိုင်ပါသည်။

ပုံစံ။ hard, harder, hardest, etc..

fast, high, soon,

၂။ ly ဆုံး၍ သရသံ နှစ်သံရှိသော ကြိယာဝိသေသနများတွင် y-ကို i-ပြောင်းကာ er, est ဆက်ပါ။

ပုံစံ။ early, earlier, earliest, etc..

၃။ ကြွင်းသော ကြိယာဝိသေသန များတွင် more, most ဖြည့်ပါ။ ပုံမမှန် ကြိယာဝိသေသနများကို ကျက်မှတ်ထားပါ။

ပုံစံ။ quickly, more quickly, most quickly, cleverly, lazily, etc..

*ဆောင်။ တစ်သံဆုံးရာ၊ adverb မှာ၊ er, est ဆက်။*
*ly ဆုံးကာ၊ နှစ်သံပါ၊ y-မှာ i-ပြောင်းဆက်။*
*more, most စွက်ကြ၊ ကြွင်းသမျှ၊ ပုံမကျလျှင်ကား အရကျက်။*

Run as quickly as you can. မြန်နိုင်သမျှ မြန်မြန်ပြေးပါ။

I will do my best. ကျွန်တော် အကောင်းဆုံး (ဖြစ်အောင်) လုပ်ပါမည်။

May your charity increase as much as your wealth!

ပုံမမှန်သော Irregular Adverb များကို Irregular Adjectives တွင် ပြန်ကြည့်ပါ။ အားလုံးတူသည်။

### နာမဝိသေသနရှေ့တွင်နေလေ့ရှိသော Adverb များ

fairly, mildly, moderately, somewhat အတော်အသင့်။

pretty အတော် အတန်၊ quite, rather တော်တော်၊

slightly အနည်း အကျဉ်း၊ partly တစ်စိတ် တစ်ဒေသ အားဖြင့်။

roughly အကြမ်းဖျဉ်း အားဖြင့်။ really အမှန် တကယ် အားဖြင့်။

very အလွန် so, too အလွန့်အလွန်။

exceedingly လွန်စွာမှ။ just, simple ရိုးမျှကလေး။

greatly, highly, extremely အတိုင်းထက်အလွန်။

amazingly အံ့သြရလောက်အောင်။

dreadfully ကြောက်ခမန်းလိလိ။

absolutely, completely, entirely, totally, utterly လုံးဝ။

awfully, horribly, terribly အရမ်း။

especially, particularly, notably အထူးအားဖြင့်။

scrupulously လုံးဝဥဿုံ၊ လုံးလုံးလျားလျား

She is pretty tall. She is quite nice. She is very nice.

You are very honest. He is very honest. I am very honest.

## Ordinary Adverbs

Verb to be, Verb to have, Auxiliary Verb တို့၏နောက် Main Verb ရှေ့တွင် နေလေ့ရှိသော adverb များ –

actually, really တကယ်တော့။
apparently အမြင်အားဖြင့် သိသာလျက်။
certainly လုံးဝဥဿုံ။
clearly ထင်ရှားစွာ။
evidently, obviously ထင်ရှားစွာ။
presumably, probably ဖြစ်တန်ရာသည်မှာ။
undoubtedly, definitely သေချာပေါက်။ ကေန် မုချ။
perhaps ဖြစ်ကောင်းဖြစ်နိုင်စွာ။
possibly ဖြစ်နိုင်စွာ။
repeatedly ထပ်တလဲလဲ။
surely သေချာပေါက်။
ever, never, forever, always, often, frequently, secondly, seldom, not, nor, occasionally, usually, normally, regularly, constantly, rarely, only, barely, scarcely, hardly, neither

They repeatedly ask me to go abroad.
They are constantly worried about their children.
He will definitely come and see me.
He has never been to Bagan.

## Noun Group

ဤစကားစုများကို ဝိဘတ်မပါသော အချိန်ပြပုဒ်ဟု ခေါ်သည်။ all နောင်တွင် နေ့, ည, အချိန်, လ, ဥတုသုံးပါး, နှစ်များ ဆက်လျှင် ဝိဘတ်မလိုပါ။ Article နှင့် အညွှန်းပြ စကားလုံးများ၊ One, the စသည် နောက်တွင် day ဖြင့် ဖော်ပြထားလျှင် ဝိဘတ် မပါပဲ အချိန်ပြ ပုဒ်အဖြစ် အသုံးပြုနိုင်သည်။

*ဆောင်။ all နောင်ဆက်ကြ နေ့ ညချိန်မှန်။*
*လ-ဥတုဖွေ၊ ယနေ့-နက်ဖြန်၊*
*တစ်မြန်- သန်ဘက် လ-ရက် ဆက်ပြန်။*
*one-the နောက် နေ့ရောက် ဝိဘတ်ချန်။*

all day, all afternoon, all night, all summer, all (the) year,
the day after tomorrow, two days after tomorrow, the day before yesterday, day and night, someday, a moment, a minute,
one day, the day, these days, the other day, this time tomorrow,

She works hard all year.
They wait for me a moment and then leave.

## Particles နိပါတ်

အများစုမှာ ဝိဘတ်နှင့်တူသည်။ သို့သော် တည်နေရာပြ ကြိယာဝိသေသန အလုပ်ကို လုပ်သည်။ ဥပမာ - about ၏ ဝါစင်္ဂမှာ Prep/Adv နှစ်မျိုးရှိသည်။ Adv ဖြစ်မူ 'ထိုထို ဤဤ' 'ဟိုဟို သည်သည်' 'ဝန်းကျင်' 'အနီးအနား' စသည်ဖြင့် နေရာပြ ကြိယာဝိသေသန အလုပ်ကို လုပ်သည်။ ဝိဘတ်အများစု၏ ဝါစင်္ဂမှာ Prep/ Adv နှစ်မျိုး ဖြစ်နိုင်ကြပါသည်။ သို့ဖြစ်၍ ဝိဘတ်တွင် ပါဝင်ပြီး စကားလုံးများကို ဤ၌ ချန်ထားခဲ့ပါမည်။ သိလိုပါက အဘိဓာန်တွင် ရှာဖွေကြည့်ရှုရန် မှာကြားလိုပါသည်။

aloft အထက်သို့/ မြင့်မားသော။

afar အဝေးမှ။

afterward, afterwards နောက်မှ။

abed အိပ်ယာထဲသို့/ အိပ်ရာထဲမှာ။

ahead ရှေ့ကနေ၍/ ကြို၍/ စော၍/ ရှေ့သို့။

down အောက်သို့/ အောက်၌/ နိမ့်ကျလျက်၊

up အပေါ်သို့/ အပေါ်၌/ တက်လျက်၊

forth ရှေ့သို့တက်၍-တိုး၍/ ရှေ့၌/ ရှေ့သို့/ ရှေ့ဆက်၍/ တူရူ။

out အပြင်သို့/ အပြင်၌။

on အပေါ်၌ရှိလျက်၊

aboard ယာဉ်ရထား စသည်ပေါ်သို့/ ၌၊

abroad ပြည်ပသို့/ ပြန့်နှံ့လျက်။

aside ဘေးသို့/ ဘေး၌/ အရန်အနေနှင့်။

back နောက်သို့/ နောက်၌၊

aback နောက်သို့/ အံ့အားသင့်လျက်/ ကြောင်နေလျက်။

away အဝေးသို့၊

forwards ရှေ့သို့။ backwards နောက်သို့။
upwards အထက်သို့။ downwards အောက်သို့။
inward အတွင်းဘက်/၌/တွင်/သို့။ outwards အပြင်သို့။
indoors အဆောက်အဦး ရုံးလုပ်ငန်းစသည်တို့၏ အတွင်းသို့/ ၌။
outdoors အိမ်ပြင်ဘက်...။
next-door အခန်းအိမ်ချင်း ကပ်လျက်/ ကပ်လျက်နေရာသို့၊
home အိမ်မှာ/ ၌။
uptown မြို့ပြင်ဘက်သို့/ ၌။ downtown မြို့လယ်၌။
upstairs အပေါ်ထပ်မှာ/ သို့/ ၌။ downstairs အောက်ထပ်မှာ...။
here ဒီမှာ။ hereabouts အနီးအနားတွင်။
there အဲဒီမှာ/ဟိုမှာ thereabouts ထိုအနီးဝန်းကျင်။
left ဘယ်ဘက်မှာ/သို့/၌။ right ညာဘက်မှာ...။
downstream ရေစုန်အတိုင်း/သို့/မှာ။ upstream ရေဆန်အတိုင်း/သို့/မှာ
downwind လေစုန်အတိုင်း...။ upwind လေဆန်...၊
uppermost ထိပ်ဆုံး၌။ halfway လမ်းထက်ဝက်၊
abreast ရင်ဘောင်တန်းလျက်/ ဘေးချင်းယှဉ်။
clockwise လက်ျာရစ်။ counter-clockwise လက်ဝဲရစ်။
downhill တောင်ဆင်း အတိုင်း/ သို့/ မှာ။ uphill တောင်တက်...။
east အရှေ့သို့/ ၌။ eastward အရှေ့တူရူသို့။
west အနောက်...။ westward ...
north, northward မြောက်...၊ south, southward
offshore ကမ်းခြေမှ/ ကမ်းမှ ခပ်လှမ်းလှမ်း။ onshore ကမ်းဘက်သို့။
over there ဟိုမှာ။ over here ဒီနားမှာ။
in and out ဝင်လိုက်ထွက်လိုက်၊

back and forth ခေါက်တုန့်လူးလာ။

to and fro ရှေ့တိုးနောက်ငင်။

from side to side ဟိုဘက်သည်ဘက်။

upside down ဇောက်ထိုးမိုးမျှော်၊

up and down ထက်အောက်လူးလာ။

on and off ကွက်တိကွက်ကြား/ ပြတ်တောင်းပြတ်တောင်း/ ကြိုးကြား ကြိုးကြား။

She swims upstream.

He goes here and there.

Let us go home.

My brother was out.

You must turn left and go ahead.

She goes there.

You should go ahead.

Can I go home?

My friend is over there.

He was pacing up and down.

## Adverb phrases

၁။ Adverb Phrase များကို ဝါကျနောက်ဆုံးတွင် ထား၏။
၂။ တခါတရံ ပဓာနဝါကျ၏ ရှေ့ဆုံး (ကတ္တားရှေ့) တွင် ကော်မာ ဖြတ်၍လည်းကောင်း၊ မဖြတ်ဘဲ လည်းကောင်း ရေးလေ့ရှိသည်။
၃။ နာမ်ကတ္တားနောက်တွင်လည်း ကော်မာဖြတ်ကာ ထားလေ့ရှိသည်။

**အစချီခြင်း ငါးမျိုးရှိသည်**

1) Conjunction ဖြင့်အစချီခြင်း
2) Preposition ဖြင့်အစချီခြင်း[41]
3) $V_3$ ဖြင့်အစချီခြင်း
4) $V_4$ ဖြင့်အစချီခြင်း
5) To $V_1$ ဖြင့်အစချီခြင်း

*ဆောင်။ Conjunction စ၊ ဝိဘတ်စ၊ adverb $V_{3-4}$*
*to $V_1$ phrase, လျော်ရာဖြေ၊ တွေ့ရငါးမျိုး။*

## Conjunction ဖြင့်အစချီခြင်း

ပုဒ်စုထဲတွင် သုံးစွဲထားသည့် ကြိယာအားလျော်စွာ ဘာသာပြန်ရသည်ကို သတိ ရှိပါ။ နမူနာကိုကြည့်ကာ လေ့ကျင့် ရေးသားပါလေ။

### $V_4$ လိုက်သော Conjunction များ

1) as if + $V_4$ ...နေသည့်အလား
2) as though + $V_4$ ...နေသည့်အလား
3) when + $V_4$ ...နေသောအခါ
4) while + $V_4$ ...နေစဉ်
5) whether + $V_4$ (or) ...(နေ)သည်ဖြစ်စေ၊

---

[41]**P.Ph နှင့် Special Pattern Adv များ ပါဝင်သည်။ P.Ph ကို သီးသန့် မဖော်ပြတော့ပါ။**

*ဆောင်။ As if, as though/ when, while, whether/ သို့နောက်ဖြား၊ ထားကြ V₄ -phrase*

ပုံစံ။ as if sleeping အိပ်နေသည့်အလား။

while living နေထိုင်စဉ်။

whether sitting or standing ထိုင်နေသည်ဖြစ်စေ ရပ်နေသည် ဖြစ်စေ။

whether lying or not လိမ်ညာသည်ဖြစ်စေ မလိမ်ညာသည် ဖြစ်စေ။

| | **အလား/ စဉ်/ ခါ/ သည်ဖြစ်စေ** | **သည်/ပါ** |
|---|---|---|
| **ကတ္တား** | သင်ယူ/ ခရီးသွား/ တရားထိုင်/ စားသောက်/ မတ်တပ်ရပ်/ မြို့မှာနေထိုင်/ ငွေရှာ/ တွေ့ဆုံ | အိပ်/ စကားပြော/ စာဖတ်/ လေ့ကျင့်ခန်းလုပ်/ စာရေး/ လမ်းလျှောက်/ သီချင်းဆို |

When learning English, you should read English stories.

When traveling, you should not sleep.

As if meditating, she sleeps in the meditation hall.

## $V_3$ လိုက်သော Conjunction များ

1) as if + $V_3$ ...(ခံရ)သည့်အလား/ထားသည့်အလား/ထားသည့်အတိုင်း၊

2) as though + $V_3$ ...(ခံရ)သည့်အလား/ထားသည့်အလား၊

3) before + $V_3$ ...မခံရမီ/ ...မထားမီ၊ မ...မီ

4) after + $V_3$ ...ခံရပြီးနောက်/ ...ထားပြီးနောက်/ ...ပြီးနောက်

5) when + $V_3$ ...ခံရသောအခါ/ ...ထားသောအခါ/ ...သောအခါ

6) while + $V_3$ ...ခံရစဉ်/ ...ထားစဉ်/ ...စဉ်

7) as + $V_3$ ...သောကြောင့်/ ...ခံရသောကြောင့်/ ...သကဲ့သို့/ ...သည့်အတွက်။

8) if + $V_3$ ...ခံရလျှင်/ ...ထားလျှင်/ ...လျှင်

9) unless + $V_3$ မ ...ခံရလျှင်/ မ ...လျှင်/ ...မထားလျှင်

*ဆောင်။ As if, as though/ before, after/ when, while-ပါ as/ if, unless/ ဆက်ကြ $V_3$*

| | စဉ်/မီ/ပြီးနောက်/ခါ/လျှင်/ကြောင့် | သည်/ပါ |
|---|---|---|
| ကတ္တား | အားပေး/ ခွင့်ပြု/ အကြံပေး/ ခြောက်လှန့်/ ဖယ်ရှား/ သတိပေး/ စွန့်ပစ်/ တားမြစ်/ စုံစမ်း/ မေး | ပြောင်းလဲ/ ကြိုးစား/ သွား/ လာ/ သင်ယူ/ ကြည့်/ စတင်/ ပြင်ဆင်/ ကြောက်/ ပြေး/ ဖြေ |

After encouraged by his friends, he changes his life-style.

As if frightened by ghost, he runs very quickly.

If allowed by his parents, he will go to Mandalay.

Unless asked, you should not advise.

## P.Ph လိုက်သော Conjunction နှင့် Paticle လိုက်သော Conjunction များ

1) as though + P.Ph ...မှာကဲ့သို့ (ဝိဘတ်ကိုလိုက်၍ လျော်စွာပြန်)

2) as if + P.Ph ...မှာကဲ့သို့

3) when + P.Ph ...မှာရှိခိုက်/ ရောက်ခိုက် စသည်

4) while + P.Ph ...မှာရှိစဉ်/ ရှိတုန်း/ ရောက်တုန်း စသည်

5) as + P.Ph ...မှာကဲ့သို့

6) like + P.Ph ...မှာကဲ့သို့

7) whether + P.Ph (or) ...မှာဖြစ်စေ

8) till + P.Ph ...ဆဲပင်၊

9) as + Particle ...မှာလောက်/ မှာကဲ့သို့

10) like + Particle ...မှာလောက်/ မှာကဲ့သို့

ဆောင်။ *As though, as if/ when, while, as, like/ P.Ph လိုက်၊*
*as, like + parti ဝင်သတည်း။*

| | နိုက်/စဉ်/ကဲ့သို့/ ဆဲ/ဖြစ်စေ | သည်/ ပါ |
|---|---|---|
| ယင်း | ရွာ/ မြို့/ ရုံး/ ကျောင်း/ အိမ်/ ရိပ်သာ/ နန်းတော်/ ဥယျာဉ်/ ဈေး/ အပေါ်ထပ်/ အောက်ထပ် | ပျော်/ လုပ/ လွယ်ကူ/ ဆူညံ/ တိတ်ဆိတ်/ လည်ပတ်/ သွား/ ကြည့်/ တွေ့ဆုံ/ ဝယ်/ ရန်ဖြစ်/ |

She was not happy in the city as if in her village.

When in Mandalay, he visits Mandalay-hill.

Whether in the office or the park, we must be quiet.

Living upstairs is not noisy like downstairs.

## Adjective လိုက်သော Conjunction များ

1) when + Adjective ... သောအခါမှာ
2) whenever + Adjective ... သောအခါတိုင်းမှာ
3) where + Adjective ... သောနေရာမှာ
4) wherever + Adjective ... သောနေရာတိုင်းမှာ
5) till + Adjective ...သည်အထိ
6) until + Adjective မ...ချင်း
7) if + Adjective ...လျှင်/ ...ပါက

*ဆောင်။ When နှစ် where နှစ်၊ till, until, if/ adjective ဆက်ကြ။*

| | အခါမှာ/ နေရာမှာ/ အထိ/ ချင်း/ လျှင် | သည်/ပါ |
|---|---|---|
| ဥပမာ | ဆာလောင်/ ပျော်/ အိုမင်း/ နုပျို/ ဖြစ်နိုင်/ လိုအပ်/ စိတ်ဆိုး/ သန့်ရှင်း/ ထင်ရှား/ အိပ်ငိုက်/ ကျွမ်းကျင် | လုပ်/ ကတိပေး/ စာဖတ်/ လေ့ကျင့်/ လှူ/ ပြော/ ဆေးကြော/ တရားထိုင် |

Never work when hungry. Don't promise when happy.

Don't read when sleepy. I will offer money wherever necessary.

## To $V_1$ လိုက်သော Conjunction များ

1) as if + to $V_1$ … တော့မည့်အလား/ တော့မည့်အတိုင်း/ မည့်အလား

2) as though + to $V_1$ …တော့မည့်အလား/ တော့မည့်အတိုင်း/ မည့်အလား

3) so as + to $V_1$ … စေရန်အတွက်

4) in order + to $V_1$ … စေရန်အတွက်

*ဆောင်။ as if, as though/ so as, in order/ သူ့နောက်မှာ၊ ထားပါ to $V_1$*

| | **အလား/ စေရန်အတွက်** | **သည်/ ပါ** |
|---|---|---|
| **ဥပမာ** | မြင်/ သိ/ နားလည်/ အောင်မြင်/ ရရှိ/ ကျရှုံး/ သေဆုံး/ ကိုက်စား/ | လေးစား/ ကြည့်/ ကျင့်/ ဖတ်/ လေ့လာ/ ပြင်ဆင်/ နားထောင်/ |

As if to see a living Buddha, he respects the Buddha statue.

You must practise the three trainings in order to know the truth.

You must prepare well in order not to fail the exam.

She stared at me as if to devour.

အခြား စကားဆက်များနှင့် တွဲသည်လည်း ရှိနိုင်ပါသည်။ whom, when စသည် နောက်တွင် to $V_1$ ဆက်မှု Noun Phrase ဖြစ်သည်ကို ပြဆိုခဲ့ပြီ။

## Special Pattern Adverb Phrase

1) instead of + $V_4$ ...မည့်အစား
2) by + $V_4$ ...အားဖြင့်
3) on + $V_4$ ...သည်နှင့်
4) in + $V_4$ ...ရာမှာ
5) after + $V_4$ ...ပြီးနောက်
6) for + $V_4$ ...ဖို့/ရန်အတွက်
7) before + $V_4$ မ...မီ
8) without + $V_4$ မ...ဘဲ
9) besides + $V_4$ ...သည့်အပြင်/ ...တဲ့အပြင် (ဝိဘတ် မဟုတ်)
(10) in spite of/despite + $V_4$ ...နေလင့်ကစား/ ...နေပေမဲ့/ ...နေသော်လဲ

အခြား ဝိဘတ်များနောက်တွင်လည်း $V_4$ ဖြင့် ရေးသားသည်များ ရှိနိုင်ပါသည်။

ဆောင်။ *instead of, by, on/ in, after, for/ before ခေါ် without/ besides နောက်၊ ရောက်လေ $V_4$ အထူးတည်း။*

| | မည့်အစား (စသည့်...) | သည်/ ပါ |
|---|---|---|
| ကတ္တား | သွား/ လာ/ တွေ့ဆုံ/ သင်ယူ/ အသုံးပြု/ ငြင်းခုန်/ ပေးကမ်း/ အကြံပေး/ တိုက်တွန်း/ ပြင်ဆင် | နေထိုင်/ နားထောင်/ ပြော/ ရေးသား/ လက်ခံ/ သဘောတူ/ အောင်မြင်/ ကျရှုံး/ ရရှိ/ ကူညီ |

Instead of going to the city, I will live in a village.

A child starts learning to stand by crawling.

She turned her face on seeing me.

In spite of raining, we go picnicking.

သတိ။ for + $V_4$ ကြိယာဝိသေသန ပုံစံသည် –

(၁) ကံပုဒ်ပါလျှင် ကံ၏ လုပ်ရပ်ကိုပြ၍

(၂) ကံမပါလျှင် ကတ္တား၏ လုပ်ရပ်ကိုပြသည်။

A windy day is not a good day for thatching.

They prepare food for picnicking.

He came here for cycling.

ကြွင်းသော ဝိဘတ်များ၊ စကားဆက်များကိုလည်း အရာအားလျော်စွာ သုံးနိုင်ပါသည်။ အောက်ပါ ပုံစံတို့တွင် လေ့လာ သုံးသပ်ကြည့်ပါ။

After three days without reading, talk becomes flavorless.

Confidence comes not from always being right but from not fearing to be wrong.

## Participle Phrases

Participle ဟူသည်မှာ $V_3$ နှင့် $V_4$ တို့ကို ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။ အကြမ်းမျဉ်းအားဖြင့် –

၁။ အကြောင်းပြဖြစ်လျှင် ဝါကျရှေ့ဆုံး (သို့မဟုတ်) နာမ်ကတ္တား နောက်တွင် ကော်မာဖြတ်ကာ ထားပါ။

၂။ အကျိုးဆက်နှင့် တပြိုင်နက်လုပ်ရပ်ဖြစ်မှု ဝါကျ၏ နောက်ဆုံးတွင် ကော်မာ ဖြတ်ကာ ထားပါ။ (Consequential Phrase ဟုခေါ်သည်။)

၃။ ၎င်းပုဒ်စုတို့ကို "သောကြောင့်/ သောအခါ/ သည်နှင့်/ သဖြင့်/ ၍/ လျက်/ ပါက/ စဉ်/ သော်လည်း"ဟု လျော်ရာပြန်ဆိုပါ။ having $V_3$ ကို ပြီးနောက် ဟု ပြန်ပါ။

*ဆောင်။ $V_{3-4}$ ကြောင်း၊ ရှေ့မှာပေါင်း၊ ကျိုး-တစ်ပြိုင်နက်၊ နောက်မှာဆက်။*

### $V_3$ Adverb

$V_3$ ဖြင့်ရေးသားလျှင် ကတ္တား၏ ခံရမှု အကြောင်း/ အကျိုးကို ပြသည်။ (ရှေ့/နောက်ကပ်လျက်ရှိ Noun ၏ ခံရမှုကို ပြဆိုလျှင် Adjective ဖြစ်သည်။ Adjective Phrase တွင် ပြန်ကြည့်ပါ။)

Once burned by milk, you will blow on cold water.

Encouraged by his friend, he studies English very hard.

Abandoned by his relatives, he goes crazy.

Being abandoned by his relatives, he goes crazy.

Siddhattha left his palace, accompanied by Channa.

The Buddha spent his fifth Vassa in Vesālī, supported by Licchavīs.

## $V_4$ Adverb

$V_4$ ဖြင့်ရေးသားလျှင် ကတ္တား၏ ရှေ့နောက် အကြောင်း/အကျိုး[42] ဆက်စပ် လုပ်ရပ် ဖြစ်စဉ်ကို ဖော်ပြသည်။ (ရှေ့/နောက် ကပ်လျက် နာမ်၏ လုပ်ရပ်ကို ပြပါက Adjective ဖြစ်သည်။)

Not being ill, a monk must not ask for any medicine.

Having died, we are born again; having been born, we die again.

He is singing a song, watching a movie.

He is walking happily, whistling.

## Absolute Phrases

ကတ္တားမတူပဲ (ကတ္တားနှစ်ခု) အကြောင်း အကျိုးဖြစ်နေလျှင် ဤပုံစံဖြင့် ရေးရသည်။ ကတ္တား မတိကျလျှင် it-ကို သုံးပါ။ ကတ္တားနောက် ကပ်လျက်တွင် $V_4$ ထားကာ ဝါကျအဆုံးတွင် ကော်မာဖြတ်ပါ။

The cat being away, the mice will play.

It raining heavily, we can’t go out.

It being hot, we must stay in the air-conditioned room.

The bus being late, we cannot go to the city in time.

The bus coming late, we cannot go to the city in time.

---

**[42] အကျိုးဆက်ကို ဖော်ပြသော $V_3$, $V_4$ Phrase များကို Consequential Phrase ဟု ခေါ်သည်။**

## Infinitive Phrases

အကျိုးဆက်၊ ရည်ရွယ်ချက် တို့ကိုဖော်ပြရာတွင် သုံးသည်။ “ဖို့/ ရန်/ စေရန်၊” စသည် လျော်သလိုပြန်ဆိုပါ။ (ရှေ့ကပ်လျက် နာမ်တစ်ခုကို အထူးပြုပါက Adjective ဖြစ်သည်။)

An optimist laughs to forget; a pessimist forgets to laugh.

To live long, eat like a cat, drink like a dog.

To be able to love other people you must be able to love yourself.

We must train our mind to always see the good in every situation.

To be the best, you must be able to handle the worst.

You cannot teach children to behave better by making them feel worse.

### လေ့ကျင့်ရန်

<table>
<tr><th></th><th>စဉ်/ လျက်/ ကြောင့်/ ရန်</th><th>သင်/ သူ/ ငါ/ ကောင်လေး</th></tr>
<tr><td>$V_3$</td><td>အပြစ်တင်/ ချီးမွမ်း/ ဆုံးမ/ ကူညီ/ လိမ်လည်/ ထောက်ပံ့/ သင်ပေး</td><td rowspan="3">ထွက်ခွါ/ ထိုင်/ ထ/ အိပ်/ စား/ သီဆို/ က/ ပြင်ဆင်/ သယ်ယူ/ ပြောင်းရွှေ့/ ပေး/ ရယ်မော/ ကြွား</td></tr>
<tr><td>$V_4$</td><td rowspan="2">ကြည့်/ ပြော/ နားထောင်/ ကစား/ ဆွေးနွေး/ လေ့လာ/ လမ်းလျှောက်</td></tr>
<tr><td>to $V_1$</td></tr>
</table>

Blamed by his mother, the boy leaves home.

Watching the crowd quarrelling, he leaves. (ရှေ့နောက် ဖြစ်စဉ်)

He leaves, watching the crowd quarrelling. (တပြိုင်နက်)

## Conjunctions စကားဆက်များ

Conjunction (စကားဆက်) များဖြင့် ဦးစီး ရေးသားသော ဝါကျများကို Adverb Clause (ကြိယာဝိသေသန ဝါကျ) ဟုခေါ်သည်။
Conjunction မဦးစီးသော ဝါကျကိုမူ Main Clause (ပဓာနဝါကျ) ဟု ခေါ်လေသည်။
Conjunction အားလျော်စွာ ရေးသားနည်း ဘာသာပြန်နည်းများ ကွဲပြားမှု ရှိနိုင်လေသည်။

### Subordinating Conjunctions[43]

စကားဆက်တို့ဖြင့် ဦးစီးသော ကြိယာဝိသေသန ဝါကျများကို (သူ့ချည်းသက်သက် ရပ်တည်၍ မရနိုင်သဖြင့်) မှီခိုဝါကျဟုလည်း ခေါ်သေးသည်။ ကြိယာဝိသေသန ဝါကျများ ပါဝင်လာသော် –

၁။ ရှေ့မှာထားလျင် ကော်မာဖြတ်၍ နောက်မှာထားလျှင် ကော်မာ မဖြတ်ပဲ ရေးနိုင်သည်။
၂။ ဘာသာပြန်သောခါ ကြိယာဝိသေသန ဝါကျတွင် ကြိယာနှင့် စကားဆက်ကို တွဲကာ နောက်ဆုံးမှ ဘာသာပြန်ဆိုပါ။

၃။ ထို့နောက် ပဓာနဝါကျကို ဆက်လက် ပြန်ဆိုပါ။

*စဉ်, ရင်း, တပြိုင်နက်, သောခါ၊ မတိုင်မီ, အထိ, တိုင်း, ချိန်မှာ၊ ပြီးနောက်, ပတ်လုံး, ကတည်းက၊ ကျမှ, လျှင်ချင်း အချိန်ပြ။* (Time)

while နေစဉ်/ နေရင်း as ရင်း
as soon as သည်နှင့်တပြိုင်နက် once တယ်ဆိုရင်ပဲ

**[43]အချိန်-နေရာ၊ အမူရာ၊ ကြောင်းပါ-အကျိုးမှတ်။**
**ရည်ရွယ်ချက်မှန်၊ လက်ခံပယ်ချ၊ ခြေနေပြ၊ နှိုင်းပြ Adv**

when သောအခါ before မတိုင်မီ
till/until သည်အထိ/မ...မချင်း each time/ every time သောအခါတိုင်း
even as သောအချိန်မှာပင်လျှင် after ပြီးနောက်
as long as သမျှ ကာလပတ်လုံး since ကတည်းက
only when/ as and when သောအခါ ကျမှ
if and when - သောအခါ ကျလျှင်
no sooner ... than ...လျှင် ... ချင်း

When I am good, people forget me.

When I am bad, everybody remembers me.

When you are running away in fear of a tiger, don't mind a dog's barking.

You must aim before you shoot.

The wise continues while the fool is always beginning.

Make hay while the sun shines.

<u>No sooner</u> had I arrived home <u>than</u> it started raining.

| **He/ She/ They** | **I/ We** |
|---|---|
| tell the truth + believe/ know the truth + do the right thing/ keep quiet + speak/ help + sympathize/ forgive + motivate/ read a book + study/ determine + think/ listen + honor/ upgrade + inspire | |

လေ့ကျင့်ရန် ပုံစံ - When he tells the truth, I believe him.
When I know the truth, I believe in Dhamma.
When knowing the truth, I believe in Dhamma.

On knowing the truth, I believe in Dhamma.

Knowing the truth, I believe in Dhamma.

**သတိပြုရန်** - ကတ္တားကွဲ ကြိယာကွဲ ဖြစ်နေလျှင် Absolute Phrase/ Adverb Clause ဖြင့်သာ စဉ်းစားပါ။ ကတ္တားတူ ကြိယာကွဲ ဖြစ်နေလျှင် အသုံးပြုသော စကားဆက် အားလျော်စွာ Adverb Phrase ဖြင့် အရင် စဉ်းစားပါ။ မဖြစ်နိုင်လွှန်းမှ Adverb Clause ဖြင့်ရေးပါ။

**Clause ဖြင့် ရေးသားရာတွင် -**

၁။ Adverb Clause ပစ္စုပ္ပန် ဖြစ်လျှင် Main Clause ကို ပစ္စုပ္ပန်၊ အနာဂတ် လျော်သလို ထားနိုင်သည်။

၂။ Adverb Clause-က အတိတ် ဖြစ်မူကား Main Clause ကိုလည်း အတိတ်နှင့်သာ ထားရသည်။

*ဆောင်။ Present, future ကြိုက်ရာထား၊ တိတ်ကား တိတ်ချင်းယှဉ်။*

When you are good, I will be good for you.

When he left his family, I was worry about his daughter.

*အလား, သလို, နည်းအတိုင်း၊ အလျောက်, လောက်အောင် Manner နှိုင်း၊*
*ထို့ကြောင့်, ရန်အတွက်, သို့ဖြစ်လျှင်၊ အကျိုး Result ပင်။*
*သောကြောင့်, မို့လို့, တာဆိုတော့၊ အကြောင်း Reason ပေါ့။*

as if/ as though အလား like/ as/ just like/ just as သကဲ့သို့/ သလို
the way/ in the way သောနည်းအတိုင်း
according as သောအတိုင်းအတာအလျောက်
so much so that ရလောက်အောင် so far as ...သလောက်/ရသလောက်
so ထို့ကြောင့် and so/ so that စေရန်အတွက်

if so သို့ဖြစ်လျှင် because သောကြောင့်
so adj/adv that လွန်းသောကြောင့် ...သည်
such adj-N that လွန်းသော N ဖြစ်သောကြောင့် ...သည်
for တာမို့လို့ now that တာမို့လို့/ ပြီမို့လို့
in as much as တာဆိုတော့

He is so rude that nobody wants to talk with him.
He goes so quickly that nobody wants to follow him.
She sings so well that everybody loves her.
He is such a rude boy that nobody wants to talk with him.

*စေရန်, လိုငြား, စိုးသောကြောင့်၊ ရည်ရွက်ချက်ပြ Purpose ရောက်။*
*ပို၍, သလောက်, Comparison[44]..၊ ရာ, နေရာတိုင်း Place ပင်။*
*မဆို/ဖြစ်ဖြစ် တကယ်တော့၊ သော်လည်း, တောင်မှ, လွဲလို့ပေါ့။*
*Concessive ဆို တစ်ဖက်ငြင်း၊ လျှင်, ဖြစ်စေ, က, Condition*

so/ so that/ in order that စေရန် in case/ for fear ...လို...ငြားဆိုပြီး
lest/ for fear မည်စိုး၍/ မ...စေရန် where သောနေရာမှာ
wherever/anywhere သောနေရာတိုင်းမှာ whatever/ no matter what
whereas တကယ်တာ့/ စင်စစ်အားဖြင့် not that မ...သော်လည်း
though/ although/ while သော်လည်း even though ...တာတောင်မှ
except that တာကလွဲလို့ unless မ...လျှင်
if, provided, provided that, providing, providing that လျှင်/ပါက
only if, on condition that မှသာလျှင် whether ... or ...သည်ဖြစ်စေ
whether or not ...သည်ဖြစ်စေ၊ မ...သည်ဖြစ်စေ

---

**[44]Comparison ကို သီးသန့် ဖော်ပြပါမည်။**

## In order that, So that, In case, For fear that နှင့် Lest အသုံး

Main clause သည် Present Tense ထဲကတစ်ခုခုနှင့် Simple Future ဖြစ်မူ Adverb Clause ထဲတွင် can, will, shall, may, တို့ကို ထည့်ရမည်။ Past Tense တစ်ခုခုဖြစ်မူ Adverb Clause ထဲတွင် could, should, would, might တို့ကို ထည့်ရမည်။ (If Pattern ၌ Main Clause တွင် အကူကြိယာထည့်၍ ရှေ့နောက် အဆင်ပြေသလို ထားနိုင်၏။)

<table>
<tr><th>Main Clause</th><th colspan="3">Adverb Clause</th></tr>
<tr><td>S + $V_1$</td><td rowspan="2">S</td><td rowspan="2">can/ will/ shall/ may (must)</td><td rowspan="3">$V_1$</td></tr>
<tr><td>S + will $V_1$</td></tr>
<tr><td>S + $V_2$</td><td rowspan="2">S</td><td>could/ would/ should/ might (must)</td></tr>
<tr><td>S + have $V_3$</td><td>could/ would/ should/ might (must)</td><td>have $V_3$</td></tr>
</table>

We have two ears and only one tongue in order that we may hear more and speak less.

**အထူးမှတ်ချက်** - lest တွဲသော Adverb Clause များတွင် Passive-ကို သုံးပါက could စသည်ကို ဖြုတ်ထားနိုင်သည်။

Don’t be sweet lest you would be eaten up; don’t be bitter lest you would be spewed out.

Don’t be sweet lest you be eaten up; don’t be bitter lest you be spewed out.

Don’t say everything you want to say lest you hear something you would not like to hear.

**လေ့ကျင့်ရန် (ဆို/မေး/ငြင်း)**

| |
|---|
| think carefully + feel happy/ live simply + improve life/ advise wisely + like (his) idea/ study well + know the truth/ lead + follow/ swear to God + believe/ listen attentively + accept/ read more books + solve problems/ work effectively + earn well |

I carefully think about my good deed in order that I may feel happy about it.

I carefully think about my good deed so that I may feel happy about it.

**Real and unreal conditions**

| ADVERB CLAUSES | MAIN CLAUSES | CONDITIONS |
|---|---|---|
| If + S + $V_1$ | S + will + $V_1$ | Real condition |
| If + S + $V_2$ | S + would + $V_1$ | Unreal condition |
| If + S + have $V_3$ | S + would + have $V_3$ | Unreal condition |

Present meaning and past meaning unreal condition: အချို့မှာ ပစ္စုပ္ပန်တွင် ဖြစ်နိုင်ခြေ မရှိသော်လည်း အတိတ်တွင် ပြုလုပ်ခဲ့ပါက ဖြစ်နိုင်ခြေ ရှိလေသည်။ can, could, shall, should, will, would, may, might, must တို့ကို သင့်လျော်ရာ သုံးပါလေ။ တစ်ခါတစ်ရံ if-ကို ဖြုတ်ထားနိုင်သည်။

If I were a bird, I will fly in the sky. (Unreal condition)

If I had studied hard, I would have passed the examination.

Had I studied hard I would have passed the examination.

လုံးဝဖြစ်နိုင်ချေမရှိပါက အမြဲတမ်း were (သို့မဟုတ်) $V_2$ ကိုသာ သုံးပါသည်။ လူသည် မည်သည့်အခါမှ ငှက်မဖြစ်နိုင် ထို့ကြောင့် were ကိုသာ သုံးပါသည်။ အခြားကြိယာများကို သုံးစွဲ ရေးသားရာတွင်လည်း $V_2$ ကိုသာ သုံးပါသည်။

**စကားပုံများ**

1) If a child washes his hands, he could eat with kings.

2) If a leader limps, all the others start limping, too.

3) If the full moon loves you, why worry about the stars?

4) If the owner of the land leads you, you cannot get lost.

5) If two wise men always agree, then there is no need for one of them.

6) If you are a leader, be like the moon, not like the sun.

7) If you are filled with pride, then you will have no room for wisdom.

8) If you climb up a tree, you must climb down the same tree.

9) If you don't stand for something, you will fall for something.

10) If you don't work, you shan't eat.

ဖော်ပြထားသည့် ဇယားပါ နည်းစနစ်များကို အစွဲကြီးမည် စိုး၍ ဤစကားပုံများကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဖော်ပြပါ စကားပုံ အချို့၏ Main Clause တွင် အကူကြိယာ မထည့်ပဲ ရေးသားထားသည်ကို သတိပြုမိပါလိမ့်မည်။ In order that တွင် ဖော်ပြခဲ့သော လေ့ကျင့်ခန်း ဇယားဖြင့် လေ့ကျင့် ရေးသားပါ။

## ရှေ့/နောက် Conjunction များ

| ရှေ့နေစကားဆက်များ | နောက်နေစကားဆက်များ |
|---|---|
| the first time သော ပထမအကြိမ်မှာ | so much so that ရလောက်အောင် |
| the next time ... | so/ so that/ in order that |
| the second time ... | in case ...လို...ငြားဆိုပြီး |
| the third time ... | whereas သော်လဲ၊ တဖက်မှာကား |
| the last time ... | not that မ...သော်လည်း |
| now that ...ပြီမို့လို့၊ တာမို့လို့ | for |

ကြွင်းသော စကားဆက်များဖြင့် ရေးသားသော ကြိယာဝိသေသန ဝါကျများကို ပဓာနဝါကျ၏ ရှေ့နောက် အလျဉ်းသင့်သလို ထားနိုင်၏။

The first time I met him, he was so friendly to me.

He works hard so much so that people look up to him.

Bring umbrellas in case it may rain.

He smiles not that he is happy.

I was angered, for I had no shoes. Then I met a man who had no feet.

## Comparison Conjunctions

As if, as though ...သည့်အလား
Adj$_2$/Adv$_2$ + than ...ထက်ပို၍/မက
Adj$_2$ + N + than ...ထက်ပို၍
rather than ...တာထက်
more/less than ...ထက်/နည်း
more/less + N + than
As Adj-N that/ Such Adj-N that ...လောက် ...သော

Don't bite more than you can chew.

There is more than one way to skin a cat.

It is better to trust your eyes rather than your ears.

He is such a rude boy that nobody wants to talk with him.

There are always more people in the theatre than in the Dhamma-hall.

| You/ He/ She/ They | I / We |
|---|---|
| obedient/ diligent/ honest/ friendly/ respectful/ frank/ polite/ courageous/ humble/ patient/ proactive/ creative/ careful/ dutiful/ watchful/ mindful/ intelligent/ calm/ moral/ enthusiastic | |
| admire/ love/ hate/ respect/ honor/ adore/ idolize/ praise/ help/ wish/ expect/ succeed/ say/ practise/ train/ learn/ give/ get | |

He is so obedient that people praise him.

You are so diligent that you get everything you want.

They are more honest than I am.

She becomes less friendly than we do.

He spends more than he earns. (ဝါကျနှစ်ခုယှဉ်)

He says <u>more than</u> he can do.

## ရှေ့နောက် နှစ်မျိုးနေနိုင်သော စကားဆက်များ

When, where, anywhere, everywhere, while, before, after (ဖော်ပြခဲ့ပြီး)
like, just like, as, just as - သကဲ့သို့၊ သလို
the way, in the way, the way in which - သောနည်းအတိုင်း
as if, as though - သည့်အလား၊ သလို၊
according as - သောအတိုင်းအတာအလျောက်။
although, even though, though, while - သော်လည်း။

| | |
|---|---|
| whether or (not) သည် ဖြစ်စေ၊ | Whoever/ no matter who |
| Whatever/ no matter what | Whichever/ no matter which |
| Wherever/ no matter where | Whenever/ no matter when |
| However/ no matter how | Not matter why (whyeverဟု မရှိ) |

I will disapprove no matter what you say.
She reads books no matter where she lives.

**However + adj/adv** - ဘယ်လောက်ပဲ .... ....

However rich a wicked man may be in knowledge he is not a wise man. (However knowledgeable a wicked man may be he is not a wise man.)
However long the day, night must fall.

## Coordinating Conjunctions

*သို့တစေ/သော်, သော်ငြားလဲ၊*
*တိုင်အောင်, ထိတောင်, လျှင်တော့, ဘဲ၊*
*ပဲဖြစ်ဖြစ်ပေါ့ ဆန့်ကျင်တွဲ။*

yet/ nevertheless/ even so သို့တိုင်အောင်/ သို့တစ်စေ။
however သို့သော်/ ဘယ်နည်းနှင့်မဆို။ but သို့သော်။
still သို့တိုင်အောင်။ even now ခုထိတောင်မှ
even then ခုချိန်ထိတောင်မှ

*နှင့်, ပြီးတော့, ၍, သာမကပဲ၊*
*သို့မဟုတ်, စလုံး, ရော, လည်းပဲ။*
*တာထက်, ထို့ကြောင့် တူလျှင်တွဲ။*

and နှင့်/ ပြီးတော့/ ၍
*not only...but/ not only...but also ...သာမက ...လည်းပဲ။
else/ otherwise သို့မဟုတ်ပါက။
*or/ or else/ if not/ otherwise သို့မဟုတ်/ မဟုတ်လျှင်တော့၊
*both … and နှစ်ခု/နှစ်ယောက် စလုံး/ … ရော … ပါ။
*either … or နှစ်ခု/ နှစ်ယောက်ထဲက တစ်ယောက်။
*neither … nor နှစ်ယောက်/ နှစ်ခုစလုံး မဟုတ်။
*and … also/ as well as ရောပဲ/ လည်းပဲ။
*rather … than တာထက်။
so/ therefore ထို့ကြောင့်။
whereas စင်စစ်အားဖြင့်/ တကယ်တော့/ ...ကိုထောက်၍။

ဤစကားဆက်များကို သုံးလျှင် အရာအားလျော်စွာ ဝါကျချင်း၊ စကားလုံးချင်း၊ ပုဒ်စုချင်း ဆက်စပ်သည်ဟု မှတ်ပါ။ ကြိယာချင်း ဆက်လျှင် အငြင်း ၂ ဝါကျ၊ အဆို ၂ ဝါကျ၊ အငြင်းနှင့် အဆို၊ အဆိုနှင့် အငြင်း ဆက်နိုင်ပါသည်။ (*)စတားဖြင့် ပြထားသော စကားဆက်များမှာ မျိုးတူ စကားလုံးချင်း၊ ပုဒ်စုချင်းသာ ဆက်ပါသည်။ ဝါကျချင်း မဆက်ပါ။ နာမ်စားနှင့် နာမ်ကိုမူ ဆက်နိုင်ပါသည်။

A stranger has big eyes but sees nothing.

An elder can be advised but never insulted.

One must talk little, and listen much.

It is better to trust the eyes rather than the ears.

Wind from the east is good for neither man nor beast.

Be not disturbed at being misunderstood; be disturbed rather at not being understood.

Be master of mind rather than mastered by mind.

No river can return to its source, yet all rivers must have a beginning.

## ဆက်လက်လေ့ကျင့်ရန်

| I / We/ You/ He/ She/ They | |
|---|---|
| am/ is are was were | a monk/ a nun/ a doctor/ a nurse/ an engineer/ a professor/ kind/ reliable/ moral/ hospitable (to)/ in the monastery/ in the office/ in the hospital/ in a village/ near the river/ upstairs/ downstairs/ here/ there/ over there |
| has have had | a daughter/ a son/ a house/ a car/ a box/ a safe/ a warehouse/ hair cut/ a drink/ a look at the advertisement/ a seat/ a bicycle stolen/ a house sold |
| go to the city/ learn English/ live in the forest/ meditate/ sit under a tree/ read a book/ stand nearby/ talk/ take photos/ dislike/ look down upon the poor/ look up to the rich/ believe in hearsay/ accept the truth/ educate people/ ask questions/ reply | |

ပုံစံ - Are you a monk or a doctor?

He is in the monastery but he does not meditate.

He lives in the city, but does not study English.

## ကြိယာဝိသေသန အနှစ်ချုပ် ဇယား

ကြိယာဝိသေသနကို အနှစ်ချုပ်လျှင် Adverb, Adverb Phrase, Adverb Clause ဟု သုံးမျိုး ခွဲနိုင်ပါသည်။

<table>
<tr><td rowspan="5">Adverb Phrases</td><td>Conj + to $V_1$/ $V_4$/ $V_3$/ P.Ph/ Particle/ Adj</td><td colspan="2">Particle - နိပါတ်</td></tr>
<tr><td>P.Ph/ Prep + $V_4$ (ဝိဘတ်ဦးစီးသော ပုဒ်စုများ)</td><td rowspan="3">Adverbs</td><td>Manner</td></tr>
<tr><td>$V_3$ (ကတ္တား၏ ခံရမှုကို ပြ)</td><td>Frequency</td></tr>
<tr><td>$V_4$ (ကတ္တား၏ ပြုလုပ်မှုကို ပြ)</td><td>Degree</td></tr>
<tr><td>to $V_1$ (ရည်ရွယ်ချက်/ အကြောင်းပြချက်)</td><td colspan="2">Noun Group</td></tr>
<tr><td colspan="4">Adverb Clauses (စကားဆက် ၉ မျိုးရှိ)</td></tr>
</table>

*ဆောင်။ Phrase, နိပါတ်၊ Adverb, တစ်ရပ် Noun group ဆည်း။*
*adverb clause မှတ်၊ လျှော်ရာကပ်၊ ငါးရပ် ဝါကျပြီး။*

### အသုံးများသော Adverb များ

အချို့စကားလုံးများကို စကားဆက် အဖြစ်ဖြင့်လည်း သုံးကြသည်။

afterward နောက်မှ။

afterwards တစ်ဖန်/ ထပ်မံ၍/ နောက်တစ်ခါ။

beforehand တင်ကူး၍/ အရင်။

before long မကြာခင်။

before now ဒါထက်စောပြီး။

hereabouts အနီးအနားတွင်/ အနီးတစ်ဝိုက်တွင်။

hereafter အနာဂတ် ကာလတွင်။

hereby ဤနည်းအားဖြင့်/ ဤအကြောင်းကြောင့်/ တစ်ဖက်မျက်နှာမှာ။

herein ဤနေရာသို့စာချုပ်စာတမ်း၌/ ဤ၌။

hereof ဤသည်နှင့် စပ်လျဉ်း၍/ ဤသည်ကိုထောက်၍။

hereto ဤအထိ/ သည်နေရာအထိ။

heretofore ယခုအချိန်-မတိုင်မီ-မကျရောက်မီ/ အရင်က။

hereupon ဒီနေရာတွင်/ ဒီကိစ္စကြောင့်။

herewith ဤစာနှင့်အတူ/ ဤစာနှင့်ပူးတွဲလျက်။

hence ဤအကြောင်းကြောင့်/ သို့ဖြစ်ရကား/ ထို့ကြောင့်/ ဤနေရာမှ။

henceforth ယခု-အချိန်/ကာလ/အခါ-မှစ၍/ကစ၍။

onward တိုးတက်လျက်/ ရှေ့သို့။

thereabouts ထိုနေရာနား၌/ ထိုမျှနီးပါး/ ခန့်မျှ/ လောက်။

thereafter ထို့နောက်/ ၎င်းနောက်/ သည့်နောက်/ ထို့သို့ဖြစ်သည့်နောက်/ ထို့အညီ/ ထိုနည်းတူစွာ။

thereat ထိုနေရာ-၌-မှာ-က/ ထိုသို့ဖြစ်သည့်အခါ/ ထို့ကြောင့်/ ၎င်းကြောင့်။

thereby သို့အားဖြင့်/ သို့ဖြစ်၍။

therefore သို့ဖြစ်ခြင်းကြောင့်/ ထို့အတွက်ကြောင့်/ သို့ဖြစ်ရကား/ သို့အညီ။

therefrom ထိုမှ/ ၎င်းမှ/ ယင်းမှ။

thereafter ထို့နောက်/ အဲဒီနောက်။

thereby ထိုသို့ဖြင့်/ ဤနည်းဖြင့်။

therein ထိုနေရာ/ အပေါ်ရှိ/ ဆက်စပ်သမျှ

thereon ထိုအပေါ်တွင်/ ယင်းတွင်။

thereof ထိုအရာမှ/ ထိုအချက်အပေါ်တွင်/ ထို့ကြောင့်/ ထိုအရာကြောင့်/ ထိုကာလ/ ချက်ချင်း/ ယင်းမှ/ ယင်းနှင့်ဆိုင်သမျှ။

thereto ယင်းနှင့် ပူးတွဲလျက်။

thereupon ထို့နောက် ချက်ချင်း။

therewith ထိုအရာနှင့်။

therewithal ၎င်းအပြင်/ ၎င်းပေါ်/ တစ်ချိန်တည်း။

whereas ကတော့/ ကိုထောက်၍/ စင်စစ်အားဖြင့်။

whereat မည်သည့်အကြောင်းနှင့်/ အဘယ်အကြောင်းနှင့်/ အကြောင်းကြောင့်

whereby ထိုသို့သောအားဖြင့်/ ထိုအရာနှင့်။

wherefore ထိုအကြောင်း မည်သည့်အကြောင်းကြောင့်/ အဘယ်ကြောင့်။

wherein မည်သည့်အရာ အကြောင်း၌/ ထိုအရာ၌။

whereof မည်သည့် အရာနှင့်/ ထိုအရာနှင့် စပ်လျဉ်း၍။

whereon မည်သည့်အရာအပေါ်၌/ မည်သည့်အပေါ်၌။

whereupon သို့ဖြစ်ခြင်းကြောင့်/ သို့ဖြစ်၍/ သို့ဖြစ်ရကား။

wherewith မည်သည့်အရာနှင့်/ ထိုအရာနှင့်။

whence သည်အရပ်/ သည်ဌာန။

whereabouts ဘယ်နေရာနား။

whereby ထိုသို့အားဖြင့်။

whatnot စသည်/ စတဲ့။

I hereby declare him elected.

The diet makes the blood less sticky, thereby helping to prevent heart disease.

## Reported Speech

Direct Speech, Indirect Speech ဟုလည်းခေါ်သေးသည်။

1. Statement
2. Question
3. Order or Command
4. Advice
5. Suggestion
6. Request
7. Pray or Wish

### 1. Statement

တိုက်ရိုက်မှ တစ်ဆင့်ခံဖြစ်စေရန် That ဦးစီးသော Noun Clause ကို သုံးသည်။

The Turtle says, “My friends carry me.”
The turtle said that its friends carried it.

*ဆောင်။ နာမ်စား-ကာလ၊ ချိန်-ဒေသ၊ ပြောင်းကြသင့်လျော်ရာ။*

Pronoun, Tenses, Time, Place နှင့် အခြားသင့်လျော်ရာ စကားစုများကို ပြောင်းလဲပေးရမည်။

Tense ပြောင်းလဲခြင်း – အင်ဗာ့တက် ကော်မာအတွင်း ဝါကျများမှ Present ၄-မျိုးကို Past ၄-မျိုးသို့ အစဉ်အတိုင်းပြောင်း။

Simple Past ကို Past Perfect သို့ပြောင်း။ Future ကို Modal သို့ပြောင်းပါ။
Modal ကို Modal အတိုင်းထားပါ။

*ဆောင်။ ပစ္စုပ်-တိတ်မှတ်၊ simple past, ပြောင်းအပ် past perfect*
*future, Modal, ပြောင်းရမယ်၊ Modal သုံးမပျက်။*

The village children say, “The Geese are carrying a turtle by a stick.”

The village children said that the Geese were carrying a turtle by a stick.

The village children say, “We have never seen the geese carrying a turtle by a stick.”

The village children said that they had never seen the geese carrying a turtle by a stick.

The turtle said, “The Geese flew.”

The turtle said that the Geese had flown.

“We will fly back to our beautiful home,” the Geese said.

The Geese said that they would fly back to their beautiful home.

“I’ll be writing a letter,” Mi Mi said.

Mi Mi said that she would be writing a letter.

“I could pass the examination,” he said.

He said that he could pass the examination.

ထာဝရမှန်ကန်ချက်၊ အလေ့အထများကိုမူ ပြောင်းလဲစရာ မလိုချေ။

He said that he always gets up at 3:00 am.

He said that it is very cold in the winter.

Pronoun များပြောင်းခြင်း – သူတစ်ပါးစကားကို မိမိက သံယောင်လိုက် ပြန်လည်ပြောပြရာ၌၊ (နှစ်ဦး သို့မဟုတ် သုံးဦးပြောဆိုရာ၌ ငါ့ကို သင်ပြောင်း၊ သင့်ကို ငါပြောင်း)

I, we ကို you ပြောင်း။ you ကို us, me ပြောင်း။

me, us ကို you ပြောင်း။ my, our ကို your ပြောင်း၊

your ကို my, our ပြောင်း၊ myself ကို yourself ပြောင်း၊

ourselves ကို yourselves ပြောင်း၊ yourself ကို myself ပြောင်း၊

yourselves ကို ourselves ပြောင်း

"I honor you," I said. You said that you honored me.

"You hate me," I said. You said that I hated you.

"Have you met my son?" you asked me.

I asked you if I had met your son.

"Do your best," he urged you. He urged me to do my best.

အခြားပြင်ပ ပုဂ္ဂိုလ်တစ်ဦး၏ စကားကို ပြန်လည်ပြောပြရာ၌ ငါ့ကို သူပြောင်း၊ သင့်ကို ငါ-သူပြောင်း။

I, we ကို he, she, they ပြောင်း။ me, us ကို him, her, them ပြောင်း။

you ကို I, he, she ပြောင်း။ you ကို me, him, her ပြောင်း။ (ကံ)

my, our ကို his, her, their ပြောင်း။ your ကို my, his, her ပြောင်း။

myself ကို himself, herself ပြောင်း။ ourselves ကို themselves ပြောင်း။

အထူး။ he, she, it, they တို့ကို နေရာအားလျော်စွာ မပြောင်းလဲပဲ သုံးရသည်လည်း ရှိသည်။

"I offered my book," he said. He said that he had offered his book.

"We are watching a short movie," he said.

He said that they were watching a short movie.

## အချိန်၊ နေရာနှင့် အခြားပြောင်းလဲမှုများ

today ကို that day ပြောင်း။

yesterday ကို the day before ပြောင်း၊

last night ကို the night before ပြောင်း၊

the day before yesterday ကို two days before ပြောင်း။

tomorrow ကို the next day, the following day ပြောင်း။

the day after tomorrow ကို in two days' time ပြောင်း။

last week, last year ကို the previous week, the previous year ပြောင်း။

the next week, the next year ကို the following week, the following year ပြောင်း။

a month, year ago ကို a month, year before ပြောင်း။

now ကို then ပြောင်း။ here ကို there ပြောင်း။

this ကို that ပြောင်း။ these ကို those ပြောင်း။

thus ကို so ပြောင်း

"I went to Mandalay last week," he says.

He said that he had gone to Mandalay the previous week.

"We are leaving tomorrow," Thura says.

Thura said that they were leaving the next day.

"The day after tomorrow, I'll be twenty-five," he says.

He said that he would be twenty-five in two days' time.

အထူးမှတ်ချက်။ Reported Clause ရှည်လျားလျှင် ကတ္တားနှင့် Reporting Verb ကို ကြား၌ဖြတ်၍ ထားလေ့ရှိသည်။

“Friend Turtle,” the Geese said one day, “we have a beautiful home far away.”

အချို့ကြိယာများကို မပြောင်းရ must ကို must အတိုင်း ပြန်သုံးပါ။

I asked to myself why I am so lazy to meditate.

He asked me who I am.

She says that she wants to see you at proper time.

He said that I myself must be crazy.

အချို့ကြိယာများနောက်တွင် That Clause-ကို မသုံးပဲ to $V_1$ Phrase စသည် တို့ကို ပြောင်းလဲ သုံးရသည်လည်း ရှိသည်။

**2. Question**

လားမေးခွန်းဖြစ်ပါက If, whether Clause-တို့ကို သုံး၍ လဲမေးခွန်း ဖြစ်ပါက Wh-Clause/ Wh-Phrase-တို့ကို သုံးပါသည်။

“Do you study English?” he asks me. He asked me if I study English.

“You study English, don’t you?” he enquires.

He enquired whether I studied English or not. (tag question တွင် whether ကိုသုံး)

A man asks him, “How do you meditate?”

A man asked him how he meditated.

**If, whether Clause တို့ကိုသုံးနိုင်သော ကြိယာများ**

understand, know, wonder, ask

**3. Order or Commend**

အမိန့်ပေးဝါကျကို to $V_1$ Phrase သို့ပြောင်းပါ။

"Keep your mouth shut," the Geese command a turtle.
The Geese commanded a turtle to keep its mouth shut.
"Don't talk to anyone," the Geese remind a turtle.
The Geese reminded a turtle not to talk to anyone.

**That Clause အစား to $V_1$ ကို အသုံးပြုနိုင်သော ကြိယာများ**

advise, ask, beg, command, forbid, instruct, invite, order, persuade, remind, teach, tell, urge, warn

**4. Advice**

Should ပါသော That Clause-ကို သုံးပါ။ Passive Voice-တွင် should ကို ချန်ထားနိုင်သည်။

"You should study English," he advises me.
He advised me that I should study English.
"The Temple should be reconstructed," he advises.
He advised that the Temple be reconstructed.

**5. Suggestion**

Should ပါသော That Clause သို့မဟုတ် $V_4$ Phrase ကို သုံးပါ။

"Let's go to the park," he suggests. He suggested going to the park.
He suggested that we should go to the park.

"Let's not do evil" she suggests me. She suggested not doing evil. She suggested that we shouldn't do evil.

**6. Request**

Modal Verb ပါသော If Clause သို့မဟုတ် to $V_1$ Phrase ကို သုံးပါ။

"Could you tell me your age?" he requests.

He requested me if I could tell him my age.

He requested to tell him my age.

"Would you mind not singing," I request him.

I requested him if he would mind not singing.

I requested him not to sing.

**7. Pray or Wish**

Might ပါသော That Clause ကိုသုံးပါ။ သို့မဟုတ် $V_4$ Phrase ကို သုံးပါ။

"May you be free from danger," he wished.

He wished me that I might be free from danger.

He wished me being free from danger.

*ဆောင် - မိန့်ပေး-ဆို-မေး၊ အကြံပေး၊ တိုက်တွန်းပေး-တောင်းပန်။*
*ဆုပန်ခုနစ်ပါး၊ that which များ၊ If, whether clause သုံးရန်။*
*to $V_1$ phrase, wh phrase, ဖြေကြ $V_4$ မှန်။*

## Say နှင့်အလားတူ သုံးနိုင်သော ကြိယာများ

(ဖော်ပြခဲ့ပြီး စကားလုံးများကို ဘာသာပြန် မပေးတော့ပါ။)

reveal ဖော်ထုတ်သည်။ add ထပ်မံပြောကြားသည်။
announce ကြေငြာသည်။ allege ယိုးစွပ်၊ စွပ်စွဲသည်။
boast ကြွားသည်။ claim ဆိုသည်။
comment ဝေဖန်သည်။ complain ညည်းညူသည်။
convince ယုံကြည်စေသည်။ counsel အကြံပြု/တိုက်တွန်းသည်။
inform သတင်းပို့သည်။ judge (တရား)ဆုံးဖြတ်သည်။
insist တရားသေဆုပ်ကိုင်သည်။ know, learn သိသည်။
observe လေ့လာကြည့်သည်။ propose အဆိုပြုသည်။
sense သိသည်။ state ဖော်ပြသည်။
supervise ကြီးကြပ်အုပ်ချုပ်သည်။ threaten ခြိမ်းခြောက်သည်။
vow အဓိဋ္ဌာန်ပြုသည်။

admit, agree, answer, argue, believe, hope, imagine, mean, mention, note, notice, see, suppose, swear, tell, think, understand, warn

## Inversion Type

Never, nor, neither,

Not only ... but also, Only+ P.Ph, only when, only then,

No + P.Ph, nowhere, no sooner ... than,

So (ထို့အတူ) (so that), hardly, scarcely, seldom,

Phrase, Particle, ly ဆုံးသော ကြိယာဝိသေသနတို့ဖြင့် ရေးသားရာတွင် ဝါကျပြောင်းပြန်နည်းဖြင့် ရေးနိုင်သည်။

*ဆောင်။ Never, nor neither ပြ။ လေးဖြာက only,*
*no သုံးဝ so, hardly; scarcely, seldom,*
*phrase, parti နှင့်။ ly ဆို ကြိ-ဝိပေါင်း၊ ပြောင်းကြနည်းလမ်း။*

၁။ ကြိယာတစ်ခုက ကတ္တားရှေ့ ရောက်လာသော ဝါကျပုံစံ ဖြစ်သည်။
၂။ အမေးဝါကျနှင့် ဆင်တူသည်။ မသိလျှင် အမေးဝါကျနှင့် မှားတတ်သည်။
၃။ ပါဝင်သော ကြိယာဝိသေသန၊ စကားဆက် အားလျော်စွာ ပြောင်းလဲ ရေးသားကြောင်းကို သတိရှိပါ။ အခြားသော ကြိယာများ၊ စကားဆက်များ၊ ကြိယာဝိသေသနများဖြင့် ရေးသားရာတွင်လည်း ရှိနိုင်ပါသေးသည်။

### Neither Nor, Nowhere

Neither in the sky nor in mid-ocean, nor entering into mountain clefts, nowhere in the world is there a place where one may escape from the results of evil deeds. (in no place… စသည်)

### So

Just as all the trees are known by their shadows, so are good men known by their enemies.

(a) He is not lazy. (အငြင်းဝါကျ)

(b) Neither am I. (အငြင်းတွင် neither ကိုသုံး။)

(a) I am a student. (အဆိုပြုဝါကျ)

(b) So is she! (အဆိုပြုဝါကျတွင် so ကိုသုံး။)

ဤပုံစံတို့မှာ နေ့စဉ်ဘဝ အင်္ဂလိပ် စကားပြောရာတွင် အသုံးများသည်။ မေးခွန်းဝါကျတွင် အသုံးအပြုခဲ့သည့် ပုံစံများကို နားလည်နေဖို့ လိုအပ်ပါသည်။ ကြိယာနှင့် ကတ္တားအားလျှော်စွာ မေးခွန်းဝါကျ ပုံစံပြောင်း၍ So နှင့် Neither တို့ကို ရှေ့ဆုံးမှာ ထားလိုက်ခြင်းသာ ဖြစ်သည်။

**Only**

Only rarely is there a man in this world who, restrained by modesty, avoids reproach.

**Only- P.Ph**

Driven only by fear, do men go for refuge to many places – to hill, wood, groves, trees, and shrines.

## ကြိယာဝိသေသန ပုဒ်စုဖြင့် အစပြုခြင်း

Upon the heap of the rubbish in the road-side ditch blooms a lotus, fragrant and pleasing.

Only when do you know the truth, you will realize the final cessation.

Speak truth in humility to all people. Only then can you be a true man.

Not only does he study hard but also earn well.

No sooner had I arrived home than it started raining.

Yesterday were ashes; tomorrow wood. Only today does the fire burn brightly.

## It & There ဝါကျပုံစံများ

အချိန်၊ နေ့၊ တန်ဘိုး၊ အလေးချိန်၊ အကွာအဝေး၊ ရာသီဥတုတို့ကို ဖော်ပြရာတွင် သုံးသည်။ အရည်အသွေးပြ (Descriptive) နာမဝိသေသနနှင့် အချို့သော နာမဝိသေသနတို့ကို ဖော်ပြရာတွင်လည်း သုံးသည်။ ကတ္တားမတိကျလျှင် သာမညကတ္တားဖြစ်သော it-ကို သုံးသည်။

It's seven o'clock. (အချိန်)

It's Monday. (နေ့)

It is wide. (အရည်အသွေးပြ နာမဝိ)

It is five feet long. (ပမာဏ)

It is windy today. (ရာသီဥတု)

It is noisy downstairs.

It is better to be loved than feared. (Noun Phrase)

It is too long for me <u>to wait</u>. (Noun Phrase)

It's a bad child <u>who does not take advice</u>. (Noun Clause)

There is no medicine <u>to cure hatred</u>. (Noun Phrase)

There is no man <u>who does not love himself</u>. (Noun Clause)

There is no honor <u>among thieves</u>. (P.Ph)

There are many paths to the top of the mountain, but the view is always the same.

There are two sides to every question: wrong side and our side.

Noun Phrase/Clause များကို ကတ္တားအဖြစ် အသုံးပြု ထားသဖြင့် ကတ္တားရှည်လွန်းမှု it ဦးစီးသော ဝါကျအသွင် ပြောင်းကာ ရေးလေ့ရှိကြသည်။

ပုံစံ။ To be loved is better than to be feared.

It is better to be loved than feared.

Who does not take advice is a bad child.

A bad child is who does not take advice.

It is a bad child who does not take advice.

**သတိထားစရာ ပုံစံလေးများ**

**1) It + be/ lkv/ appear/ look/ seem + Adj + to V/ that-clause.**

It is enjoyable to roam around the forest.

It sounds nice that everybody can enjoy the festival freely.

It looks beautiful that the cloud covers some part of the mountain.

**2) It + appear/ happen/ occur/ seem to + O + that-clause.**

It appears to me that I should learn the Dhamma more.

It appears to me that the truth is uncovered by untruth.

It happens to his motorbike that …/ It happens to him that …

**3) It + take + O + (time) + to $V_1$**

It took me three years to improve my meditation.

It takes a thousand voices to tell a single story.

It takes a village to raise a child.

It takes a wise man to learn from his mistakes, but a wiser man to learn from others.

**4) It + cost + Adv-Obj + to $V_1$**

It costs seven thousand kyats to go to Yangon.

It costs ten thousand kyats to buy his book.

**5) There + come/ exist/ follow/ lie/ live/ remain/ stand + S + Place-Adv.**

There comes a time in every rightly constructed boy's life that he wants to go somewhere and dig for hidden treasure.

There exists truth in him who loves the truth.

## Punctuations

1) The Comma (,)
2) The Semi-colon (;)
3) The Colon (:)
4) The Full stop (.)
5) The Question mark (?)
6) The Exclamation (!)
7) The Inverted comma (“...”)
8) The Dash (_)
9) The Hyphen (-)
10) The Apostrophe (...’)
11) The Brackets ( ) {} []

### The Comma

၁။ မျိုးတူ (ဝါစင်္ဂတူ) စကားလုံးများ ဆက်တိုက် ရေးသားရာတွင် ရှေ့စကားလုံးများ နောက်တွင် ကော်မာခံ၍ နောက်ဆုံးနှစ်လုံး ကြားတွင် and-ကို သုံးပါသည်။

People were born, lived, and died. (U.S)

People were born, lived and died. (U.K) (အတိုဆုံး လူ့သမိုင်း)

He can speak English, Japanese, and Chinese.

I do not know when, why, and how he goes to the city.

No wind, no waves.

In for a penny, in for a pound. ကိစ္စတစ်ခုတွင် လုံးဝ ပါဝင် ပတ်သက်မှု

Like father, like son.

Nothing ventures, nothing gains.

The older the fiddler, the sweeter the tune.

Sow much, reap much; sow little, reap little.

၂။ ပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထု အတူတစ်ခုကို နောက်က ထားရေးလျှင် Noun in Apposition, Non-qualifying Clause တွင် ကော်မာဖြတ်သည်။

Siddhattha, a young prince, goes to the park every week.

Gotama, whose personal name was Siddhattha, was born in Nepal.

၃။ Participle Phrase, Consequential Phrase, Absolute Phrase-များကို ကတ္တားနောက် သို့မဟုတ် ရှေ့ဆုံးတွင် ထားလျှင် commaကို သုံးသည်။

Going to Rājagaha, Anāthapiṇḍika met his sister.

Anāthapiṇḍika, going to Rājagaha, met his sister.

၄။ အာလုပ်ပုဒ်နောက်တွင် ကော်မာထားဖြတ်သည်။

O monks, listen attentively to me.

၅။ ရောယှက် (Complex) ပေါင်းစပ် (Compound) ဝါကျများတွင် Adverb Clause ကိုရှေ့မှာထားလျှင် သို့မဟုတ် အချို့သော စကားဆက်များရှေ့ သို့မဟုတ် နောက်တွင် ကော်မာ ထားသည်။

When the fox preaches, beware the geese.

Don't look where you fall, but where you slip.

As you bring up a child, so he will be.

၆။ စကားညှပ်ပြောဆိုရာတွင် ကော်မာဖြတ်ကာ ရေးသည်။

Only a few, like birds escaping from the net, go to the realms of bliss.  Ink, if not used, will dry up.

၇။ ကြိယာကို ချန်ထားကာ ရေးလျှင် ကော်မာဖြတ်ပါသည်။

To depend on one's own child is blindness in one eye; to depend on a stranger, blindness in both eyes.
Anāthapiṇḍika goes to the monastery, his son never.

၈။ တိုက်ရိုက် စကားကို ပြဆိုရာတွင်လည်း ကော်မာဖြတ်ပါသည်။

"Keep your mouth shut," the Geese commanded the turtle.
As the dog said, "If I fall down for you and you fall down for me, it is playing."
"Your feet are crooked, your hair is good for nothing," said the pig to the horse.

*ဆောင်။ ပုဒ်တူစကား[1] တူပြြားပုဂ္ဂိုလ်။[2] $V_4$ Adverb[3] လပနခေါ်ဆို။[4]*
*ရောယှက်- ပေါင်းစပ်-[5] ကြားညှပ်စကားဆို။[6]*
*Verb ချန်ထား-[7] စကားတိုက်ရိုက်ကို။[8]*
*ခွဲခြားပြ သုံးကြ Comma ကို။*

**The Semi-colon**

၁။ မှီခိုဝါကျ မဟုတ်သော်လည်း အဓိပ္ပါယ်ဆက်စပ်နေသော ဝါကျများကြားတွင် ဆီမီကိုလွန်ကို သုံးပါသည်။ ဖျောက်ထားသည့် စကားဆက်ကို ဖော်ကြည့်ပါ။

A chief is like a rubbish heap; everything comes to him.
Madness does not govern a country; discussion does.
With money you are a dragon; with no money, a worm.

၂။ ကော်မာဖြတ်ထားသည့် ဝါကျရှည်များ၊ Clause များ ပေါင်းရေးလျှင်၊ ဆီမီကိုလွန်ကို သုံးပါသည်။

If you offend, ask for a pardon; if offended, forgive.

When the child falls, the mother weeps; when the mother falls, the child laughs.

**The Colon**

၁။ အဆိုအမိန့်များကို ပြလျှင် ကိုလွန်ဖြင့် ဖြတ်ပါသည်။

Knowledge is like a garden: If it is not cultivated, it cannot be harvested.

As the saying goes: a friend in need is a friend indeed.

၂။ သရုပ်များကို ပြဆိုလျှင်။ မပြမီ ကိုလွန်ကို ထားပါသည်။

If you must play, decide on three things at the start: the rules of the game, the stakes, and the quitting time.

Fish, to taste good, must swim three times: in water, in butter, and in wine.

၃။ စာရင်း တစ်ခုကို ပြလိုလျှင် မပြမီ ကိုလွန်ကို ထားပါသည်။

Here, you must buy: potatoes, tomatoes, garlics, and onions.

*ဆောင်။ ကင်းမှီတွယ်မိပွါယ်စပ်၊[1] ကော်မာဖြတ်ဝါကျရှည်မှာ၊*
*clause နှင့်ယှဉ်ရာ။[2] Semi နှင့်ခွဲပြပါ၊ ဆိုမိန့်ပါ-[1] သရုပ်၊*
*စာရင်းမူ-[2] Colon ဖြတ်တယ်၊ စွဲမှတ်ဖို့ထုတ်။*

**The Full Stop**

၁။ ဝါကျ တစ်ခုဆုံးလျှင် ဖူးစတော့ကို သုံးပါသည်။

He goes there.

၂။ အတိုကောက် သုံးသည့် စကားလုံးများတွင်လည်း ဖူးစတော့ သုံးပါသည်။

B.A. B.Sc. B.C. Govt. Co.Ltd.

*ဆောင်။ ဝါကျဆုံးပြီ၊ တိုကောက်မည်၊ ပြသည် Full stop*

**The Question Mark**

၁။ မေးခွန်းများတွင် ကွက်ရှင်းမာ့ခ်ကို သုံးပါသည်။

Who are you?  Do you know him?

၂။ သွယ်ဝိုက် မေးခွန်းများတွင်မူ ကွက်ရှင်းမာခ်ကို မသုံးပါ။ (မှားမှာစိုး၍ ထည့်ပေးထားလိုက်ပါသည်။)

The more you ask how much longer it will take, the longer the journey seems.

*ဆောင်။ မေးခွန်းဟူက၊ Question mark သွယ်ဝိုက်မေးပြ၊ မသုံးရ။*

**The Exclamation**

၁။ အံ့သြမှုကို ပြရာတွင် အာမေဍိတ်ကို သုံးပါသည်။

Woe is me! Well-done!

၂။ ချီးမွမ်းလျှင်လည်း အာမေဍိတ်ကို သုံးပါသည်။

How beautiful she is!

There's a fool born every minute – and every one of them lives!

## အာမေဋိတ်ဝါကျတည်ဆောက်ပုံ

1) What an airplane!
2) What a giant airplane!
3) What a pity!
4) What awfully nice dinner we have had! (Adj-Clause)
5) What long hair she has got!
6) How very cold!
7) How very foolish you are!
8) How wonderful it is!
9) How stern she looks! ကြည့်ရတာတင်းမာလိုက်တာ။ (lkv)
10) How beautifully she dances!
11) How the child makes a noise!
12) How you disturb me!
13) Why, that's the guy, I met yesterday!
14) Why, it doesn't matter! ဟာ-ကိစ္စမရှိပါဘူး

*ဆောင်။ what noun-နာမ်ဝိ ဆက်ကြည့် နှစ်တန်။*
*how adjective/adverb ဝါကျဆက်ပြန်။*
*why, how နှစ်ဝ ဆက်ကြ ဝါကျံ။*
*အာမေဋိတ် သေးစိပ် မှတ်ကြရန်။*

**The Inverted Comma**

တိုက်ရိုက် ဝါကျကို အာကာရ ထင်ရှားရန် အဖွင့်အပိတ်ဖြင့် ပြသည်။

"Let's not do evil," she suggested me.

Teach your tongue to say, “I don’t know” instead of to make up something.

## The Dash

စိတ်ကူးပြောင်းသည်ကို ပြလိုလျှင်၊ အဓိက ရေးချင်သော အကြောင်းအရာကို အခြား အကြောင်းအရာထက် ပိုထင်ရှား စေလိုလျှင် မျဉ်းရှည်ကို သုံးပါသည်။

Life is life – whether in a cat, a dog or a man.

With lies you may go ahead in the world – but you can never go back.

A closed mouth – a wise head.

Govern a family as you would cook a small fish – very gently.

The blind cannot see – the proud will not.

All things grow with time – except grief.

If you want happiness for an hour – take a nap.

If you want happiness for a day – go fishing.

If you want happiness for a month – get married.

If you want happiness for a year – inherit a fortune.

If you want happiness for a lifetime – help someone else.

## The Hyphen

ပေါင်းစပ် စကားလုံးများတွင် ဟိုင်ဖင်ခေါ် မျဉ်းတိုကို သုံးပါသည်။

When a four-year child is still crawling instead of walking it is time to cry out.

A danger foreseen is half-avoided.

Don't meet troubles half-way.

Hindsight is always twenty-twenty.

An immoral father-in-law cannot advise his children well.

Sister-in-law, etc.,

**The Apostrophe**

၁။ ပိုင်ဆိုင်မှုကို ပြဆိုလျှင် အပေါ်စထရပ်ဖီကို သုံးပါသည်။

Anāthapiṇḍika's son was Kāla.  His uncle's name is Subhūti.

၂။ စကားလုံး ချန်လိုလျှင်လည်း သုံးပါသည်။

He isn't in the class.

He's = he is, he was, he has, (it's etc.,)   I'm = I am

You're = you are, you were, (they're etc.,)

He'd = he had, he could, he should, he would, (it'd etc.,)

**Verb to be**

ain't = am not,   isn't = is not,   wasn't = was not,

aren't = are not,   weren't = were not,

**Verb to have**

hasn't = has not,   haven't = have not,   hadn't = had not,

**Verb to do**

doesn't = does not,   don't = do not,   didn't = did not,

**Auxiliary Verb**

can't = cannot,   couldn't = could not,

shan't = shall not,   shouldn't = should not,

won't = will not, wouldn't = would not,

mayn't = may not, mightn't = might not,

mustn't = must not, needn't = need not,

*ဆောင်။ အံ့သြ-[1] ချီးမွမ်း-[2] သုံးစမ်း exclam,*
*တိုက်ရိုက်ဝါကျ-[1] Invert သုံးရန်။*
*စိတ်ကူးပြောင်း[1]-Dash, ပေါင်းယှက်-[1] Hyphen*
*ပိုင်ဆိုင်ပြ-[1] ချန်ကြွစာလုံးမှန်။[2] သုံးနှုန်းချက် အပ်ပါးစထရက် မှန်။*

**The Brackets**

စကားညှပ်ပြောလိုလျှင် မျဉ်းဖွင့်ပိတ် (သို့) ကွင်းစကွင်းပိတ်ကို သုံးသည်။

When a man says yes, his chi (personal god) says yes also.
He was never good since the time a yard (of cloth) made a coat for him.
Of all the fragrances – sandal, tagara, blue lotus, and jasmine – the fragrances of virtue is the sweetest.

*ဆောင်။ စကားချပ်ညှပ်၊ ကွင်းစမှတ်၊ သုံးအပ်မျဉ်းဖွင့်ပိတ်။*

**The Capital Letter**

၁။ တစ်ဆင့်ခံ ဝါကျအစတွင် စာလုံးကြီးကို သုံးပါသည်။

"Your feet are crooked, your hair is good for nothing," said the pig to the horse.

၂။ တိုက်ရိုက်ပြ စကားများတွင်လည်း စာလုံးကြီးကို သုံးပါသည်။

One day a student asked Taiga, “What is the most difficult part of painting?”

Taiga answered, “The part of the paper where nothing is painted is the most difficult.”

၃။ ဝါကျအစ စကားလုံးကိုလည်း စာလုံးကြီးကို သုံးပါသည်။

I love singing. He likes coffee.

၄။ ကဗျာများတွင် စာကြောင်းတိုင်း အစစာလုံးကို စာလုံးကြီး သုံးပါသည်။

Brownish Blue Mudflat
Ascends Baydar where wave goes;
Descends Rock and Roll as wave flows.

၅။ အာမေဍိတ်များတွင်လည်း အစ စာလုံးကို စာလုံးကြီး သုံးပါသည်။

What a pity!

၆။ ပထမလူ ခေါ်သော I-ကို အမြဲတမ်း စာလုံးကြီးဖြင့် သုံးပါသည်။

I go. He and I were friends.

၇။ ဘွဲ့ဒီဂရီများ၊ အတိုကောက် စကားလုံးများကိုလည်း စာလုံးကြီးဖြင့် ရေးပါသည်။

B.A, B.Sc, WHO, BBC etc.,

၈။ ခေါင်းစဉ်ကိုလည်း စာလုံးကြီးဖြင့် ရေးနိုင်ပါသည်။ Article, Preposition, Conjunction တို့ကိုမူ စာလုံးကြီးဖြင့် မရေးရပါ။

The Buddha

The Turtle Who Couldn't Stop Talking

The Suggestions to the Kālāmas

၉။ အကိုးသာဓက ပြစာများ၏ အစစာလုံးကိုလည်း စာလုံးကြီးဖြင့် ရေးပါသည်။

"Your feet are crooked, your hair is good for nothing," said the pig to the horse.

၁၀။ ကိုယ်ပိုင်နာမ်များကိုမူ အမြဲတန်း စာလုံးကြီးဖြင့် စတင်ရေးပါသည်။

Yangon, Mandalay, India, etc.,

*ဆောင်။ တစ်ဆင့်ခံ-[1] တိုက်ရိုက်ပြ၊[2]*
*ဝါကျစ[3] စာကြောင်းတွင်၊[4] အုံသြပြလျှင်၊[5] ။*
*I-ခေါ်ကြ first person[6] ဘွဲ့[7] ခေါင်းစဉ်-[8] စာကိုး၊[9]*
*proper နာမ်တွေနှင့်၊[10] အစတွင် Capital ပြ၊ များသိကြရိုး။*

## ဝါကျပုံစံဆန်းများ

1) be + to $V_1$ ...ရန်ရှိသည်/ ဖို့ရှိသည်/ တာဝန်ပေးခြင်းခံရသည်။

2) be + able to $V_1$ နိုင်သည်

3) may/would + be + able to $V_1$ ...နိုင်လောက်သည်။

4) be + unable to $V_1$ မ...နိုင်ပါ။

5) be + about to $V_1$ ...တော့မလို့/လုဆဲဆဲဖြစ်သည်။

6) be + on the point of + $V_4$ ...လုဆဲဆဲဖြစ်သည်။

7) be + due to $V_1$ ...ရန်စီစဉ်ထားသည်/ အလားအလာရှိသည်။

8) be + bound to $V_1$ ...ဖို့သေချာသည်။

9) be + wise to $V_1$ ...ကောင်းသည်/ သင့်တော်သည်/ လျှင်မမှားပါ။

10) be + advisable to $V_1$ ...ကောင်းသည်/ သင့်တော်သည်/ လျှင်မမှားပါ။

11) be + safe to $V_1$ ...လျှင်အန္တရာယ်မရှိပါ/ လျှင်ဘာမှမဖြစ်ပါ။

12) be + likely to $V_1$ ...ဖွယ်ရှိသည်။

13) be + inclined to $V_1$ ...ဖွယ်ရှိသည်/ တတ်သည်။

14) be + prone to $V_1$ ...ဖွယ်ရှိသည်/ တတ်သည်။

15) be + going to $V_1$ (gonna $V_1$) ...တော့မည်မှာသေချာသည်။

16) be + subject/liable to noun ...တတ်သောသဘောရှိသည်/ ...တတ်သည်/ ...အပေါ်မူတည်သည်။

17) be + liable to $V_1$ ...မိတတ်သည်။

18) be + apt to $V_1$ မမျှော်လင့်ပဲ ...ဖို့ အလားအလာရှိသည်။

19) be + to blame for sth ...ကို အပြစ်တင်ရမည်။

20) tend to $V_1$ မမျှော်လင့်ပဲ ...ဖို့ အလားအလာရှိသည်။

21) happen to $V_1$ မရည်ရွယ်ပဲ ...မိသည်။

22) manage to $V_1$ ...နိုင်သည်/ ဖြစ်သည်၊ (အထမြောက်အောင်မြင်မှု)

23) fail to $V_1$ မ...ဖြစ်ပါ/ ...ရန်ပျက်ကွက်သည်၊ (အထမမြောက်မှု)

24) had better $V_1$ ...လျှင်ပိုကောင်းသည်/ တာပိုကောင်းသည်။

25) had not better $V_1$ ...လျှင်/ တာပိုမကောင်းပါ။

26) would + rather/ sooner + $V_1$ + than + $V_1$ ...တာထက်ပို၍ ...ချင်သည်။

27) would rather + S + $V_2$ ...အနေနှင့် ...စေချင်သည်။

28) would like/ love to $V_1$ ...ချင်သည်။

29) want to $V_1$ (wanna + $V_1$) ...ချင်သည်။

30) would hate to $V_1$ မ...ချင်ပါ။

31) would like + O + to $V_1$ ...အနေနှင့် ...စေချင်သည်။

32) want + O + to $V_1$ ...ကို ...စေချင်သည်။

33) come to $V_1$ (စိတ်ခံစားမှုကြိုယာ) ...လာသည်။

34) get to $V_1$ ...သွားသည်။

35) trouble to $V_1$ ...ရာ၌အပင်ပန်းခံသည်။

36) deserve to $V_1$ ...ထိုက်သည်။

37) ask + O + to $V_1$ ...ခိုင်းသည်။

38) ask for noun ...ကိုတောင်းဆိုသည်/ တောင်းသည်။

39) keep $V_4$ ...တာကိုဆက်လုပ်သည်။

40) go on $V_4$ ...တာကိုဆက်လုပ်သည်။

41) keep on $V_4$ ...နေသည်။

42) can't help $V_4$ မ...ပဲမနေနိုင်။

43) can't wait to $V_1$/$V_4$ ...ချင်လှပြီ/ ချင်လှသည်။

44) can't stand $V_4$/noun ...ကိုမခံနိုင်ပါ။

45) get use to $V_4$/noun ...တာကိုအသားကျနေသည်။

46) can afford to $V_1$ ...ရန်တတ်နိုင်သည်။ (ငွေကြေး/ အချိန်)

47) enable + O + to $V_1$ ...နိုင်စေသည်။

48) cause + O + to $V_1$ ...ကို ...စေသည်။

49) gotta (have got ၏ အတိုကောက်ပုံစံ)

50) carry on with $V_4$ ...ဆက်လုပ်သည်။

## Eight Types of Sentences - ဝါကျ ၈ မျိုး

| | Sentences | Example |
|---|---|---|
| 1 | Simple | He walks. |
| 2 | Imperative | Go there. Don’t go there. |
| 3 | Declarative | The bus was late. |
| 4 | Interrogative | Does he walk? |
| 5 | Exclamatory | How wonderful! |
| 6 | Complex | He walks when his father commands. |
| 7 | Compound | He visits pagoda but he dislikes going there. |
| 8 | Compound Complex | If it rains, we will visit pagoda instead of camping. |

*ရိုးရှင်း, မိန့်ပေး၊ ကြေငြာ, မေး၊ အံ့သြ, ထွေးရှုပ်, ပေါင်းစပ်ထုတ်။*
*ပေါင်းစပ်ရောယှက်၊ ဤရှစ်ချက်၊ ရေးလျက် သိအောင်လုပ်။*

ဝါကျရေးထုံးများကို အခြေပြု၍ အမျိုးအစား ခွဲခြားထားခြင်း ဖြစ်ပါသည်။ ဖော်ပြခဲ့သော ဝါကျပုံစံ (Pattern) များကို အသုံးပြု၍ ရေးထုံးရှစ်မျိုး စုံအောင် လေ့ကျင့်ပါ။

## ဘာသာပြန်နည်း

အလွယ်ဆုံး ဖော်ပြရလျှင် ကြိယာများကို ရှာဖွေပါ။ Preposition (ဝိဘတ်) များကို ရှာဖွေပါ။ Conjunction နှင့် Relative Pronoun တို့နှင့် ဆက်စပ်သည့် ဝါကျနှင့် စကားလုံးများကို ရှာပါ။ ဝါကျပုံစံ ဖော်ကြည့်ပါ။

His contemplative nature and boundless compassion did not permit him to enjoy the fleeting material pleasures of a Royal household. He knew no woe, but he felt a deep pity for sorrowing humanity. Amidst comfort and prosperity, he realized the universality of sorrow. The palace, with all its worldly amusements, was no longer a congenial place for the compassionate prince. The time was ripe for him to depart. Realizing the vanity of sensual enjoyments, in his twenty-ninth year, he renounced all worldly pleasures and donning the simple yellow garb of an ascetic, alone, penniless, wandered forth in search of Truth and Peace. (Buddhism in a Nutshell by Nārada)

### ဝါစင်္ဂခွဲခြင်း

His contemplative nature and boundless compassion did not permit him to enjoy the fleeting material pleasures of a Royal household.

His – (adj) သူ၏ (ပိုင်ဆိုင်ပြ နာမဝိသေသန ဖြစ်သည်။)
contemplative – (adj) မြော်မြင်လေ့ရှိသော/ တရားအာရုံပြုသော
nature – (n) သဘာဝ
and – (conj) နှင့် (နာမ်ပုဒ်နှစ်ခုကို ချိတ်ဆက်ပေးသည်။)

boundless – (adj) အကန့်သတ်မဲ့။ (အဆုံးမရှိ)

compassion – (n) ကရုဏာ

did – (v) pt ပြုလုပ်ခဲ့ (အတိတ်ကြိယာပြ Verb to do အကူ)

not – (adv) မဟုတ် (not ကို ကြိယာဝိသေသနဟု မသိသူများသတိပြု။)

permit – (v) ခွင့်ပြုသည်။ (did not permit တွဲကာ ဘာသာပြန်ရမည်)

him – (pronoun) သူ့ကို

to – (prep) ကို/သို့/ရန်

enjoy – (v) ပျော်မွေ့သည်/ ခံစားသည်။ (to enjoy မှာ ပုဒ်စု ဖြစ်သည်။)

the – (adj) ၎င်း/ထို (Article ကို Adj ဟု မသိသေးသူများ သတိပြု။ အဘိဓာန်များတွင် art ဟု ဖော်ပြလေ့ရှိသည်။)

fleeting – (adj) အခိုက်အတန့်ဖြစ်သော/ တဒင်္ဂဖြစ်သော

material – (adj) ရုပ်ဝတ္ထု

pleasures – (n) သာယာပျော်ရွှင်မှု/ အပျော်အပါး

of – (prep) ၏ (တည်းဟူ, က, အနက်, ၏, အသက်, ပတ်သက်, ကို, ရှိသော)

a – (adj) တစ်ခု/ တစ်ကောင်/ တစ်ယောက်

Royal – (adj) တော်ဝင်

household – (n) အိမ်ထောင်မှု/ အိမ်ထောင်စု

## အုပ်စုဖွဲ့ခြင်း

His contemplative nature and boundless compassion - ကတ္တား (ကတ္တား နှစ်ခုကို and နှင့် ချိတ်ဆက်ထားသည်။)

<u>did not permit</u> - ကြိယာ (အတိတ် အငြင်းဝါကျ ဖြစ်၍ did not နောင် $V_1$ ထားရသည်။)

him - ကံ

ဤအပိုင်းကို ပေါင်းစုကာ 'မြော်မြင်တတ်သည့် သဘာဝနှင့် အကန့်သတ်မဲ့ ကရုဏာတရားက သူ့ကို ခွင့်မပြုခဲ့ပါ' ဟု ဘာသာပြန်နိုင်သည်။

<u>to enjoy</u> the fleeting material pleasures – to $V_1$ ကံအဖြစ်ပုဒ်/ adv ဟုလည်း ယူဆနိုင်သည်။ (Preposition များကို နောက်တွဲ စကားလုံးနှင့် ပေါင်းစပ် ဘာသာပြန်ရသည်။ ပုံသေမှတ်ပါ။)

'တဒင်္ဂရုပ်ဝတ္ထု သာယာမှုများကို ခံစား' ဟု ပြန်ဆိုနိုင်သည်။ ပြီးခဲ့သော အပိုင်းနှင့် တွဲဖက် ဘာသာပြန်လျှင်

His contemplative nature and boundless compassion did not permit him to enjoy the fleeting material pleasures - မြော်မြင်တတ်သည့် သဘာဝနှင့် အကန့်သတ်မဲ့ ကရုဏာတရားက တဒင်္ဂရုပ်ဝတ္ထု သာယာမှုများကို ခံစားရန် သူ့အား ခွင့်မပြုခဲ့ပါ။ (S + V + O + to $V_1$ ပုံစံ ဖြစ်သည်။)

of a Royal household – Preposition ဖြင့် အစချီသော Adjective Phrase

'တော်ဝင် အိမ်ထောင်မှုဘဝ တည်းဟူသော' ဟု ပြန်ဆိုနိုင်သည်။ ဝါကျ တစ်ခုလုံးကို ပေါင်းစည်း ဘာသာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သည်။

**His contemplative nature and boundless compassion did not permit him to enjoy the fleeting material pleasures of a Royal household.**

*သူ၏ မြော်မြင်တတ်သည့် သဘာဝနှင့် အကန့်သတ်မဲ့ ကရုဏာတရားက တော်ဝင်မိသားစု ဘဝတည်းဟူသော တဒင်္ဂရုပ်ဝတ္ထု သာယာမှုများကို ခံစားရန် သူ့အား ခွင့်မပြုခဲ့ပါ။*

ဤဝါကျတွင် ကြိယာ နှစ်လုံးပါဝင်သည်။ ပဓာနကြိယာ (Main Verb) မှာ did not permit ဖြစ်သည်။ to enjoy ကို ကံအဖြည့်ပုဒ်ဟု ယူဆလျှင် ဘာသာပြန် ပိုချောပါသည်။

**He knew no woe, but he felt a deep pity for sorrowing humanity.**

ဝါစင်္ဂ ခွဲကြည့်ပါ။ မသိလျှင် အဘိဓာန်တွင် ရှာကြည့်ပါ။

အုပ်စုဖွဲ့လျှင် He (ကတ္တား) knew (ကြိယာ) no woe (ကံ)

no (adj) ဘာမှ မရှိသော (no ကို adj ဟု မသိသူများ သတိပြု။)

but (conj) မှီခို စကားဆက်မဟုတ်၍ သီးခြား ဘာသာပြန်နိုင်သည်။ မှီခို စကားဆက်များကိုမူ ကြိယာနှင့် တွဲကာ ဘာသာပြန်ရသည်။ သတိရှိပါ။

he felt a deep pity - ဤဝါကျတွင် pity မှာ Uncountable Noun ဖြစ်သော်လည်း felt မှာ အနက်မဲ့ ကြိယာဖြစ်၍ a ထည့်၍ ရေးရသည်။ (အနက်မဲ့ ကြိယာတွင် သုံးခဲ့သည့် S + V + a/an/my + O ဝါကျပုံစံကို သတိရပါ) 'သူသည် နက်နက်ရှိုင်းရှိုင်း သနားမိသည်' ဟု ဘာသာပြန်နိုင်သည်။

for sorrowing humanity – ဤပုဒ်စုတွင် pity for မှာ ပုံသေတွဲလုံး ဖြစ်၍ Fixed Prepositional Phrase ဟုခေါ်ဆိုသည်။ ပုံသေ ဝိဘတ်များကို များသောအားဖြင့် 'ကို' ဟု ဘာသာပြန်လေ့ ရှိသည်။

sorrowing မှာ $V_4$ Adj ဖြစ်သည်။

$V_4$ တွေ့လျှင် စဉ်းစားစရာ ကိစ္စငါးမျိုး ရှိသည်။ (၁) Verb (၂) O.C (၃) Noun Phrase (၄) Adj (၅) Adv Phrase တို့ ဖြစ်ကြသည်။ $V_4$ ဖြင့် ရေးရာ၌ ...

(၁) ကြိယာအဖြစ်သုံးလျှင် Verb to be နှင့်တွဲသည်။ Verb to be မပါလျှင် ကြိယာအဖြစ် သုံးထားသည် မဟုတ်။

(၂) O.C အဖြစ် သုံးနိုင်သည့် ကြိယာများ နောင် ကံပုဒ်ခြား၍ ရှိနေတတ်သည်။

(၃) ကတ္တား, ကတ္တား အဖြည့်ပုဒ်, ကံ, ဝိဘတ်နောက် တွင် တွဲဖက် သုံးထားလျှင် နာမ်ပုဒ်ဖြစ်သည်။

(၄) နာမ်ပုဒ်တစ်ခု၏ ရှေ့/နောက်မှ နေ၍ ဖြစ်တည်မှု လုပ်ရပ်ကို ပြဆိုလျှင် Adj ဖြစ်သည်။ sorrowing humanity ဟု နာမ်ပုဒ်တစ်ခု (humanity) ကို အထူးပြုထားသည်။

(၅) ပဓာနကြိယာနှင့် အကြောင်း အကျိုး ဆက်စပ်ရသော $V_4$ ဖြစ်လျှင် Adv ဖြစ်သည်။ စကားဆက်တို့နောင် ထားကာ ရေးလျှင်လည်း Adv ပင် ဖြစ်သည်။

he felt a deep pity for sorrowing humanity - သူသည် သောကပင်လယ် ဝေနေသော လူသားများကို နက်နက်ရှိုင်းရှိုင်း သနားမိသည်။

**He knew no woe, but he felt a deep pity for sorrowing humanity.**

*ဘာသောကဒုက္ခမှ သူမသိပါ။ သို့သော် သူသည် သောက ပင်လယ် ဝေနေသော လူသားများကို နက်နက်ရှိုင်းရှိုင်း သနားမိသည်။*

**Amidst comfort and prosperity, he realized the universality of sorrow.**

Amidst comfort and prosperity - ဝိဘတ်ဦးစီးသော ပုဒ်စု (P.Ph) ကြိယာဝိသေသန ဖြစ်သည်။ ကံပုဒ်နှစ်ခုကို and နှင့် ချိတ်ဆက်ထားသည်။

he (ကတ္တား) realized (ကြိယာ) the universality of sorrow (ကံ)

of sorrow - ပူပန်မှု (သောက နှင့်ပြည့်သော) အတိပြီးသော Preposition ဖြင့် အစချီသော Adj ဖြစ်သည်။

**Amidst comfort and prosperity, he realized the universality of sorrow.**

*စည်းစိမ်ချမ်းသာနှင့် ကြွယ်ဝမှု အလယ်တွင် သောကအတိပြီးသော လောကကို သူ သဘောပေါက်ခဲ့သည်။*

**The palace, with all its worldly amusements, was no longer a congenial place for the compassionate prince.**

The palace – နန်းတော် (ကတ္တား)

with all its worldly amusements – လောကီ ပျော်စရာအားလုံးနှင့် (Preposition ဖြင့် အစချီသော Adj Phrase ဖြစ်သည်။ ရှေ့နောက် Comma ဖြတ်ထားလျှင် ဖြုတ်ထားလို့ ရသည့် နာမဝိသေသနမျိုး ဖြစ်သည်။)

was – ဖြစ်/ဟုတ်

no longer – (adv) မ(ဟုတ်)တော့။

a congenial place – အကြိုက်တွေ့စရာ နေရာတစ်ခု

for the compassionate prince – ကရုဏာတရားကြီးမားသော မင်းသား အတွက် (P.Ph ကြိယာဝိသေသန ဖြစ်သည်)

**The palace, with all its worldly amusements, was no longer a congenial place for the compassionate prince.**

*လောကီ ပျော်စရာ အားလုံးနှင့်ပြည့်စုံသည့် နန်းတော်သည် ကရုဏာတရားကြီးမားသော မင်းသားအတွက် အကြိုက်တွေ့စရာ နေရာတစ်ခု မဟုတ်တော့ပါ။*

**The time was ripe for him to depart.**

The time – အချိန် (ကတ္တား)
was – ဖြစ် (ကြိယာ)
ripe – (adj) အသင့်ဖြစ်သော/ အချိန်တန်သော (ripe for - တွဲလုံးဖြစ်သည်။)
for him – သူ့တွက်
to depart – ထွက်ခွါဖို့/ စွန့်လွှတ်ဖို့ (to $V_1$)

**The time was ripe for him to depart.**

*သူအတွက် စွန့်လွှတ်ဖို့ အချိန်တန်ခဲ့ပါပြီ။*

ဝါကျပုံစံမှာ S + V + Adj + F.P.Ph + to $V_1$ ဖြစ်သည်။

Realizing the vanity of sensual enjoyments, in his twenty-ninth year, he renounced all worldly pleasures and donning the simple yellow garb of an ascetic, alone, penniless, wandered forth in search of Truth and Peace.

ဤဝါကျတွင် realizing, renounced, donning, wandered တို့မှာ ကြိယာများ ဖြစ်ကြသည်။ ပဓာန ကြိယာမှာ renounced နှင့် wandered တို့ ဖြစ်ကြသည်။

Realizing the vanity of sensual enjoyments – ကာမဂုဏ် ခံစားမှု၏ အနှစ်မဲ့မှုကို သိရှိပြီးနောက် ($V_4$ ဖြင့် အစချီသော Adv ဖြစ်သည်။)

in his twenty-ninth year – နှစ်ဆယ့်ကိုးနှစ်မြောက်မှာ (P.Ph အချိန်ပြ ကြိယာဝိသေသန)

he renounced all worldly pleasures – (S + V + O) သူသည် အားလုံးသော လောကီ စည်းစိမ်ကို စွန့်လွှတ်ခဲ့သည်။ (လောကီစီးစိမ် အားလုံးကို စွန့်ခဲ့သည်။)

and donning the simple yellow garb – ပြီးတော့ ရိုးရှင်းသည့် အဝါရောင် ဝတ်စုံကို ဆင်းမြန်းလျက် ($V_4$ ဖြင့် အစချီသော Adv ဖြစ်သည်။)

of an ascetic – ရသေ့ရဟန်း တစ်ပါး၏

alone, penniless – အထီးတည်း, ငွေကြေးမဲ့ (ခြူးတစ်ပြားမှ မရှိပဲ)

wandered forth – ဆက်လက်လှည့်လည်ခဲ့

in search of Truth and Peace – အမှန်တရားနှင့် ငြိမ်းချမ်းမှုကို ရှာဖွေလျက်

in search of - မှာ ပုဒ်စု ဝိဘတ်ဖြစ်သည်။ 'ရှာပုံတော်ဖွင့်လျက်' ဟု ပြန်ဆိုနိုင်သည်။ နာမ်တစ်ခုကို ရှေ့နောက် ဝိဘတ်ညှပ်လျှင် သတိရှိပါ။

**Realizing the vanity of sensual enjoyments, in his twenty-ninth year, he renounced all worldly pleasures and donning the simple yellow garb of an ascetic, alone, penniless, wandered forth in search of Truth and Peace.**

*သူ့ရဲ့ နှစ်ဆယ့်ကိုးနှစ်မြောက်မှာတော့ ကာမဂုဏ် ခံစားမှုရဲ့ အနှစ်မဲ့မှုကို သိမြင်၍ လောကီ စည်းစိမ်အားလုံးကို စွန့်လွှတ်ခဲ့ပါတယ်။ ပြီးတော့ ရသေ့ရဟန်း တစ်ပါးအသွင် ရိုးရှင်းတဲ့ အဝါရောင် ဝတ်စုံကို ဆင်မြန်းကာ*

*အမှန်တရားနှင့် ငြိမ်းချမ်းမှုကို ရှာဖွေရင်း တစ်ပါးတည်း ခြူးတစ်ပြားမှ မရှိပဲ ဆက်လက် လှည့်လည်ခဲ့ပါတယ်။*

## တစ်ပိုဒ်လုံး ပြန်ကြည့်ပါ။

His contemplative nature and boundless compassion did not permit him to enjoy the fleeting material pleasures of a Royal household. He knew no woe, but he felt a deep pity for sorrowing humanity. Amidst comfort and prosperity, he realized the universality of sorrow. The palace, with all its worldly amusements, was no longer a congenial place for the compassionate prince. The time was ripe for him to depart. Realizing the vanity of sensual enjoyments, in his twenty-ninth year, he renounced all worldly pleasures and donning the simple yellow garb of an ascetic, alone, penniless, wandered forth in search of Truth and Peace. (Buddhism in a Nutshell by Nārada)

## ဆက်လက်ဘာသာပြန်ကြည့်ရန် စာပိုဒ်များ

Clause များတွင် Relative Pronoun နှင့် Conjunction များကို ကြိယာနှင့် တွဲဖက် ဘာသာပြန် ရသည်ကို သတိပြုပါ။

It was an unprecedented historic renunciation; for he renounced not in his old age but in the prime of manhood, not in poverty but in plenty. As it was the belief in the ancient days that no deliverance could be gained unless one leads a life of strict asceticism, he strenuously practiced all forms of severe

austerities. "Adding vigil after vigil, and penance after penance," he made a superhuman effort for six long years.

His body was reduced to almost a skeleton. The more he tormented his body, the farther his goal receded from him. The painful, unsuccessful austerities which he strenuously practiced proved absolutely futile. He was now fully convinced, through personal experience, of the utter futility of self-mortification which weakened his body and resulted in lassitude of spirit.

Benefiting by this invaluable experience of his, he finally decided to follow an independent course, avoiding the two extremes of self-indulgence and self-mortification. The former retards one's spiritual progress, and the latter weakens one's intellect. The new way which he himself discovered was the Middle Path, ***Majjhima Patipada***, which subsequently became one of the salient characteristics of his teaching. (Buddhism in a Nutshell by Nārada)

## မြန်မာဘာသာမှ အင်္ဂလိပ် ဘာသာပြန်နည်း

တစ်နေ့သ၌ မဟာပါလသည် ပန်း,နံ့သာစသည်ကို လက်စွဲကုန်လျက် မြတ်စွာဘုရားကျောင်းတော်သို့ သွားကုန်သော အရိယာသာဝကတို့ကို မြင်ရကား “ဤလူများအပေါင်းသည် အဘယ်အရပ်သို့ သွားသနည်း”ဟု မေးသည်ရှိသော် “တရားနာအံ့သောငှာ သွားသတည်း”ဟူသော စကားကို ကြားလျှင် “ငါသည်လည်း သွားအံ့”ဟု ကြံ၍ လိုက်သွားလျက် မြတ်စွာဘုရားကို ရှိခိုးပြီးမှ ပရိသတ်အစွန်အဖျား၌ နေလေ၏။

ဘုရားရှင်တို့ မည်သည်ကား တရားဟောတော်မူကုန်သည်ရှိသော် သရဏဂုံ တည်ခြင်း၊ သီလ ဆောက်တည်ခြင်း၊ ရှင်ရဟန်း ပြုခြင်း အစရှိသည်တို့၏ ဥပနိဿယ အကြောင်းကို ကြည့်တော်မူ၍ တရားနာပုဂ္ဂိုလ် အလို၏ အစွမ်းအားဖြင့် တရားဟောတော်မူကုန်၏။

## စကားလုံးရှာခြင်း

တစ်နေ့သ၌ (one day) မဟာပါလသည် (Mahāpāla) ပန်း (flower), နံ့သာ (fragrance) စသည်ကို (etc.,) လက်စွဲကုန်လျက် (holding/ bringing) မြတ်စွာဘုရား (the Buddha's) ကျောင်းတော်သို့ (to the monastery) သွားကုန်သော (go) အရိယာသာဝကတို့ကို (noble disciples) မြင်ရကား (seeing)

"ဤလူများအပေါင်းသည် (these people) အဘယ်အရပ်သို့ (where) သွားသနည်း (go)" ဟု (thus) မေးသည်ရှိသော် (asking) "တရား (the Dhamma) နာအံ့သောငှာ (to listen to) သွားသတည်း (go)" ဟူသော (thus/ that) စကားကို (utterance/ speech) ကြားလျှင် (hearing)

"ငါသည်လည်း (I also/too) သွားအံ့" (will/should go) ဟု ကြံ၍ (thinking) လိုက်သွားလျက် (following) မြတ်စွာဘုရားကို (the Buddha) ရှိခိုးပြီးမှ (paying homage to) ပရိသတ် (of crowd) အစွန်အဖျား၌ (at one side/ at the end) နေလေ၏။ (live/sit)

## ဝါကျပုံစံ (Pattern) စဉ်းစားခြင်း

ဖော်ပြပါ ဝါကျတွင် မဟာပါလနှင့် တရားနာသူတို့၏ ကိုယ်/ နှုတ် အမူများကို ဖော်ပြထားသည်။ တရားနာသူတို့နှင့် ဆိုင်သော ကြိယာ မဟာပါလနှင့် ဆိုင်သော ကြိယာများကို ခွဲထုတ်လိုက်ပါ။ ကြိယာသိမှ

ဝါကျပုံစံ (Pattern) ပေါ်လွင်ပါမည်။ ဝါကျပုံစံ (Pattern) သိလျှင် ကြိယာပုံစံ (Verb Form) ကို ထပ်မံ ရှာဖွေဖို့ လိုပါမည်။ ဤဝါကျ၌ ပဓာနကြိယာမှာ နောက်ဆုံး စကားလုံး live/ sit ဖြစ်ပါသည်။ '၍, လျက်, ရကား' စသည်တို့မှာ ကြိယာဝိသေသနများ ဖြစ်သည်ကို အလွယ်တကူ သိနိုင်သည်။ ကြိယာနှင့် ပြုလုပ်သူ ဆက်စပ်လိုက်လျှင် အောက်ပါအတိုင်း တွေ့နိုင်သည်။

Mahāpāla + see/ ask/ hear/ think/ follow/ pay homage/ live (sit)

People + hold/ go/ listen/ go

## ပဓာနဝါကျတည်ဆောက်ခြင်း

Mahāpāla sits in on side. သို့မဟုတ် Mahāpāla lives in one side.

ကြွင်းသော ကြိယာများမှာ ပုဗ္ဗကာလကြိယာဝိသေသန အလုပ်ကို လုပ်ကြသော $V_4$ Adv များဖြစ်ကြသည်။ သေချာစေရန် နောက်ဆုံးမှ စ၍ ဘာသာပြန်ဆိုနိုင်သည်။ ပုဗ္ဗကာလကြိယာဝိသေသန အဆင့်ဆင့်ကို ရှေ့မှာ တစ်ခုချင်း တိုးကာ ဘာသာပြန်ကြည့်ပါ။

<u>Paying homage to the Buddha</u>, Mahāpāla sits in one side (at the end of the crowd).

အနီးကပ်ဆုံး ကြိယာဝိသေသနကို နောက်ဆုံးမှာ ထားရသည်။ pay homage ပုံစံ၌ pay မှာ အနက်မဲ့ ကြိယာဖြစ်သည်။ homage to မှာ တွဲလုံးဖြစ်၍ homage to the Buddha တစ်ခုလုံးသည် Fixed Prepositional Phrase (ပုံသေဝိဘတ်လိုက်သော ပုဒ်စု) ဖြစ်သည်။

ပရိသတ်ကို the crowd ဟု ဘာသာမပြန်လိုလျှင် the Dhamma-listeners ဟု ပြန်ဆိုနိုင်ပါသည်။ တရားနာ ပရိသတ် ဖြစ်၍ the Dhamma-listeners

က ပိုကောင်းပါသည်။ at the end of the Dhamma-listeners သို့မဟုတ် at one side ဟု အဆင်ပြေသလို ပြန်ဆိုနိုင်ပါသည်။ အစွန်အဖျားမှာ ထိုင်နေခြင်းကို ပရိသပရိယန္တေဟု ဖော်ပြထားပါသည်။ 'ပရိသတ်၏ အဆုံး၌' 'ပရိသတ်၏ အစွန်၌' ဟု မြန်မာလို ဘာသာပြန်နိုင်သည်။

<u>Following the crowd</u> and <u>paying homage to the Buddha</u>, Mahāpāla sits in one side (at the end of the crowd).

ကြိယာဝိသေသန နှစ်ခုကို and နှင့် ချိတ်ဆက်ကာ ရေးသားနိုင်သည်။ ကြိယာဝိသေသန သုံးခုဆုံလျှင် ရှေ့ ကြိယာဝိသေသန နှစ်ခုကြားတွင် Comma (,) ခံကာ ရေးသားနိုင်သည်။ အောက်ဖော်ပြပါ ပုံစံကို ကြည့်ပါ။

<u>Thinking that he should also go there</u>, <u>following the crowd</u>, and <u>paying homage to the Buddha</u>, Mahāpāla sits in one side (at the end of the crowd).

ဖော်ပြပါ ဝါကျတွင် အာကာရဝါကျ ဖြစ်သည့် that he should also go there ကို မူရင်းဝါကျရှိ စကားရပ် အတိုင်း ဘာသာပြန်လျှင် 'I should go there too' ဟု ပြန်ဆိုရပါမည်။ He thinks, "I should go there too." တိုက်ရိုက်ဝါကျဖြင့် စဉ်းစားနိုင်သည်။

တနည်းအားဖြင့် ကြိယာဝိသေသန များတွင် နောက်ကြိယာဝိသေသကို ပဓာနဝါကျ ပြောင်းကာ ရေးသားနိုင်သည်။ တနည်းအားဖြင့် ကြိယာလေးလုံးကို နှစ်ခုစီ ခွဲ၍ ဝါကျ နှစ်ကြောင်း ရေးလိုက်ခြင်း ဖြစ်သည်။ အောက်ပါ ဝါကျပုံစံတို့ကို သေချာစွာ ကြည့်ပါ။

Thinking that he should also go there, Mahāpāla follows the crowd.

Paying homage to the Buddha, Mahāpāla sits in one side (at the end of the crowd).

လေ့လာသူတို့ စိတ်ကြိုက် ဘာသာပြန်နိုင်စေရန် ဝါကျပုံစံများကို ကြိုယာအားလျှော်စွာ ဖော်ပြလိုက်ပါသည်။

Mahāpāla sees noble disciples going to the monastery.

Mahāpāla asks people where they are going.

Mahāpāla asks, “Where are these people going?”

People go there to listen to the Dhamma.

Mahāpāla hears that they are going to the monastery to listen to the Dhamma.

They go to the monastery, holding flowers and fragrances.

**အောက်ဖော်ပြပါ ဝါကျကို အင်္ဂလိပ်ဝါကျ ဖြစ်အောင် ရေးသားကြည့်ပါ။**

ဘုရားရှင်တို့ (the Buddha) မည်သည်ကား (indeed) တရားဟောတော်မူကုန်သည်ရှိသော် (preaching) သရဏဂုံ တည်ခြင်း (taking refuge in triple gem)၊ သီလ ဆောက်တည်ခြင်း (observing precept)၊ ရှင်ရဟန်းပြုခြင်း (ordination) အစရှိသည်တို့၏ (and so on) ဥပနိဿယ (powerful dependent) အကြောင်းကို (reason) ကြည့်တော်မူ၍ (seeing) တရားနာပုဂ္ဂိုလ် (the Dhamma-listener) အလို၏ (desire) အစွမ်းအားဖြင့် (according to) တရား (dhamma) ဟောတော်မူကုန်၏ (preach/ deliver)။

## နာမ်နှင့် စပ်သော သိမှတ်စရာများ

### Compound Nouns ပေါင်းစပ်နာမ် ပြုလုပ်နည်းများ

1) **Noun + Noun** - moonlight, chess-board, postman, tea-pot, etc.

2) **Adj + Noun** - sweetheart, nobleman, shorthand, blackboard, etc.

3) **Verb + Noun** - breakfast, telltale, pickpocket, halfpenny, etc.

4) **$V_4$ + Noun** - drawing-room, walking-stick, stepping-stone, etc.

5) **Particle + Noun** - outlaw, overcoat, afternoon, downfall, inmate, bypath, offshoot, etc.

6) **Verb + Adverb** - drawback, lockup, go-between, sendoff, etc.

7) **Adv + Verb** - outset, upkeep, income, etc.

ဆောင်။ နာမ်နှစ်လုံးဆက်၊ Adjective +Noun သာ။
V1 - 4 + Noun, နိပါတ်+Noun လာ။
Verb နှင့် Adv, Adv + V သာ။
ပြုလုပ်အပ် ပေါင်းစပ်နာမ်ပုဒ်မှာ။

### Singular & Plural

ပေါင်းစပ်နာမ်တွင် ပင်မမှာ s, es စသည် ဆက်ပါ။

*arm-chair- arm-chairs လက်ရမ်းပါ ကုလားထိုင်

chairman - သဘာပတိ

book-case- book-cases- စာအုပ်သေတ္တာ

book-shelf - စာအုပ်စင်

maid-servant - မိန်းမအစေခံ — man-servant - ယောကျ်ားအစေခံ။

fisherman-တံငါသည် — washer-man - ခဝါသည်၊

passer-by - ဖြတ်သန်းသွားသူ — pick-pocket - ခါးပိုက်နှိုက်

step-mother - မိထွေး (ပထွေး/လင်ပါသား စသည်ကို နည်းတူသိလေ၊)

mother-in-law - ယောက္ခမမိန်းမသူ (ခဲအို/မတ် စသည်ကို နည်းမှီသိပါ၊)

news-paper - သတင်းစာ

## အနည်းကိန်း အများကိန်း တူသောနာမ်များ

*sheep- သိုး။

deer- သမင်။

swine- ဝက်။

fish- ငါး။

yoke- အရှဉ်းအစုံ။

stone- စတုံ (၁၄-ပေါင်)။

hundredweight- ဟန္ဒြိတ်

## အများကိန်းသာ ရှိသောနာမ်များ

*scissors - ကတ်ကျေး။

tongs- မီးညှပ်။

pincers- ဇာဂနာ။

breeches - ဘောင်းဘီတို။

trousers- ဘောင်းဘီရှည်။

arms - လက်နက်များ။

fetters- ခြေကျင်း၊ထူး။

thanks- ကျေးဇူး။

measles - ဝက်သက်။

small-pox- ကျောက်ရောဂါ။

spectacles- မျက်မှန်။

mumps- ပါးကြိုတ်နာ။

draughts- ကျားကစားစရာ။

billiards- ဘိလိယက်ကစားစရာ။

## အများကိန်း အဖြစ်သာ အသုံးပြုသော နာမ်များ

*people- လူများ။

cattle- ကျွဲနွားများ။

poultry- ကြက်ဘဲများ။

vermin- ပိုးမွှားချများ။

gentry- ဂုဏ်သရေ ရှိသူများ။

## အများကိန်း သဏ္ဍာန်ဖြင့် အနည်းကိန်းသာဖြစ်နေသော နာမ်များ

*news - သတင်း။
physics - ရူပဗေဒ။
mathematics - သင်္ချာ။
politics - နိုင်ငံရေး။
means - နည်းလမ်း။
ethics - လောကဝတ်။
mechanics - စက်မှုပညာ။
economics - စီးပွားရေး

## အထီးနာမ် အမနာမ်များ

### ess- ဆက်လျှင် အမ-နာမ်ဖြစ်သည်

actor – actress - ဇာတ်လိုက်မင်းသား/ မင်းသမီး။
count – countess - မြို့စား/မြို့ကတော်။
conductor – conductress - လမ်းပြသူ
director – directress - ညွှန်ကြားရေးမှူး
governor – governess - ဘုရင်ခံ၊
god – goddess - နတ်ဘုရား/နတ်ဘုရားမ
heir – heiress - အမွေခံ
host – hostess - အိမ်ရှင်/ဧည့်ခံသူ
hunter – huntress - သားလိုက်မုဆိုး
lion - lioness- ခြင်္သေ့ထီး/မ
tiger – tigress - ကျားထီး/မ
porter – portress - ပစ္စည်းထမ်းသူ
prince – princess - မင်းသား/မင်းသမီး။
waiter - waitress- စားပွဲထိုး။
master - mistress- သခင်/သခင်မ။
headmaster – headmistress - ဆရာကြီး/ ဆရာမကြီး။

## ပေါင်းစပ် အထီးနာမ်၊ အမနာမ်များ

grandfather – grandmother - အဖိုး/အဖွား

step-father - ပထွေး step-mother

father-in-law - ယောက္ခမယောကျ်ားသူ။ mother-in-law

school-master - ကျောင်းဆရာ။

post-master - စာတိုက်မှူး

land-lord - land-lady - မြေပိုင်ရှင်။

he-goat - she-goat - ဆိတ်ထီး/မ

jack-ass - she-ass - လားထီး/မ

pea-cock - pea-hen - ဥဒေါင်းဖို/မ

cock-sparrow- hen-sparrow - စာကလေးဖို/မ

## ကွဲပြားသော စကားလုံးများ

bachelor – spinster - လူပျိုကြီး/အပျိုကြီး။

beau – belle - ယောကျ်ားချော/မိန်းမလှ။

lover – sweetheart - ချစ်သူ/ရည်းစား

bridge-groom – bridge - သတို့သား/သတို့သမီး။

husband – wife - ခင်ပွန်း/ဇနီး

uncle – aunt - ဦးလေး/အဒေါ်

nephew – niece - တူ/တူမ။

gentleman – lady - ဂုဏ်သရေရှိယောကျ်ား/ဂုဏ်သရေရှိမိန်းမ။

widower – widow - မုဆိုးဖို/မုဆိုးမ။ bull, ox – cow - နွားထီး/မ။

cock – hen - ကြက်ဖ/ကြက်မ။ dog – bitch - ခွေးထီး/မ

drake – duck - ဘဲထီး/မ drone – bee - ပျားထီး/မ

horse – mare - မြင်းထီး/မ
ram – ewe - သိုးထီး/မ
fox – vixen - မြေခွေးထီး/မ
king – queen - ဘုရင်/ဘုရင်မ။
hero – heroine - သူရဲကောင်းယောကျ်ား/မိန်းမ။

**ပေါင်းစုနာမ်များ**

Group, Family, Crowd, Class, Team, Pair,

A group of young men
A flock of sheep/birds,
A herd of cattle/elephant,
A hive of bees,
A little of pups,
A yoke of oxen,
A pair of slippers,
A pair of scissors,
A set of buttons,
A bunch of banana/grapes,
A bunch of keys,
A company of actors,
A party of friends,
A band of musicians,
A team of players,
A class of pupils,
A crew of sailors,
A choir of singers,
An army of soldiers,
A staff of teachers,
A gang of thieves,
A swarm of bees,
A troop of monkeys,
A team of oxen,
A brood of chickens,
A litter of kittens,
A pack of wolves,
A group of island,
A library of books,
A fleet of motorcar,
A pack of cards,
A collection of stamps,
A suit of clothes,
A flight of steps,
A pocket of cigarettes,
A bundle of sticks,
A bale of cotton,
A pile of stones,

A bouquet of flowers, A set of tools,

A clump of trees, A nest of mice/rabbits,

အုပ်စု၊ အဖွဲ့၊ အသင်း၊ အစုံ၊ အခိုင် စသည် သင့်လျော်သလို ပြန်ဆိုပါ။

## တိရစ္ဆာန်တို့၏ မြည်သံအော်သံများ

An ass brays.

A donkey brays.

A bear growls.

A bee hums.

A beetle drones.

A bird chips or whistles.

A bull bellows.

A cat purrs or meows.

A cockerel crows.

A crow caws.

A hen cackles or clucks.

A horse neighs or whinnies.

A lamb bleats.

A lion roars.

A monkey chatters.

A mouse squeaks.

An owl hoots.

A parrot talks or screeches.

A pig grants or squeals.

A pigeon or dove coos.

A rabbit squeals.

A snake hisses.

A sparrow chirps.

A turkey gobbles.

A duck quacks.

A dog barks or growls.

An elephant trumpets.

A frog croaks.

A fly buzzes.

A goose cackles or hisses.

A fox yelps or barks.

## Phonetic

| | | | |
|---|---|---|---|
| kæt ကြောင် | hɑːt နှလုံးသား | ɪl/sɪk နာဖျား | siː ပင်လယ် |
| 'hæpi ပျော်သော | gɒt ရခဲ့သည် | sɔː လွှ | fʊt ခြေ |
| fuːd အစားအစာ | kʌp ခွက် | hɜːt ကြားခဲ့သည် | ten တစ်ဆယ် |
| ə'baʊt ခန့်လောက် | | **ဤ အုပ်စုကို Monothongs ခေါ်၏** | |
| seɪ ပြောသည် | gəʊ သွားသည် | baɪ ဝယ်သည် | bɔɪ ကောင်လေး |
| maʊθ ပါးစပ် | nɪə အနားမှာ | heə ဆံပင် | pʊə(r) ဖြူစင် |
| aʊə နာရီ | **ဤ အုပ်စုကို Dipthongs ခေါ်၏** | | |

ကြောင်, နှလုံးသား၊ နာဖျား, ပင်လယ်။ ပျော်သော, ရခဲ့၊ လွှ (နဲ့) ခြေကွယ်။ အစား, ခွက် (နဲ့)၊ ကြားခဲ့, တစ်ဆယ်။ ခန့်လောက်စ၊ ထွက်ကြတစ်သံဝယ်။

ပြော, သွား, ဝယ်, ကောင်လေး, ပါးစပ်, နီးနာကပ်, ဆံပင်, ဖြူစင်, နာရီ သရတွဲယှဉ်။

### ဗျည်းသံများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| Voiced | p ဖ | b ဘ | t ထ | d ဒ | k ခ | g ဂ | f ဖ် | v ဗ် |
| Unvoiced ခွဲ | s ဆ် | z ဇ် | tʃ ချ | dʒ ဂျ | θ သ | ð ဿ | ʃ ရှ် | ʒ ဇှ် |
| | h ဟ | l လ | m မ | n န | r ရ | w ဝ | ŋ င | j ယ |

ဖ, ဘ, ထ, ဒ၊ ခ နှင့် ဂ၊ ဖ်, ဗ်, ဆ်, ဇ် နှစ်သံစီ။

ချ, ဂျ, သ, ဿ၊ ရှ် နှင့် ဇှ်၊ ခွဲကြစုံညီ နှစ်သံစီ။

ဟ, လ, မ, န၊ ရ နှင် ဝ၊ င, ယ သွင်ပြင်သိနိုင်သည်။

(i)နှင့် (e) (a) အသံခွဲနိုင်ရန် နှစ်ခု ဆက်တိုက်ဆို၍ လျှာအထက်အောက် လှုပ်ပုံကို သတိထားကြည့်ပါ။

(i)နှင့် (u) ကို လျှာ ရှေ့နောက် လှုပ်ရှားပုံ သိနိုင်ရန် ဆက်တိုက် ဆိုကြည့်ပါ။

## လေ့ကျင့်ရန် စကားလုံးများ

/æ/ နှုတ်ခမ်းကို ဘေးတိုက်ဖွင့်ကာ မေးကို အနိမ့်ဆုံးအထိ ထားပြီးမှ 'အပ်/အန့်/အဲ့' ရွတ်ဆိုရသည်။ (များသောအားဖြင့် a ကို အသံထွက်လျှင် အသုံးပြုသည်။)

cat, fat, hat, back, pack, add, marry, leg, can, fan, man, ran, van, stand, land, slang, sang, has, bad

/ɑː/ မေးရိုးကို အောက်သို့ နိမ့်အောင် ထားကာ 'အား' ဟု ရွတ်ဆိုရသည်။ (များသောအားဖြင့် a, ar တို့၏ အသံ ဖြစ်သည်။)

heart, card, hard, part, yard, bar, far, car, cart, start, chart, arm, charm, farm, harm, father, barber, carpenter, rather, bark, dark, mark

/ɪ/ အစ်/အင့် (ကြားသံ) (i-၏အသံဖြစ်သည်)

ill, till, will, pill, sick, pick, trick, sit, bit, this, dig, pig, did, lip, tip, zip, slip, his, hiss, kiss, brink, link, sink, wink, pin, thin, inch

/iː/ နှုတ်ခမ်းကို ဘေးတိုက်တွန့်ကာ 'အီး' ဟု ရွတ်ဆိုရသည်။ (e-၏ အသံဖြစ်သည်။)

sea, see, free, knee, tree, fifteen, deal, heal, meal, seal, bead, lead, deed, greed

/i/ များသော အားဖြင့် ဗျည်းနှင့် y တွဲသော စကားလုံးများတွင် 'အိ' ဟု ထွက်ရသည်။ (y ၏ အသံဖြစ်သည်။)

happy, fifty, baby, bully, silly, daily, lazy, easy

/ɒ/ ပလုပ်ပလောင်းသံ ဖြင့် 'အော့' ဟု ရွတ်ဆိုရသည်။ (o-၏ အသံဖြစ်သည်။)

got, god, nod, lot, shop, top, cock, lock, dog, boss, loss, gong, long, song, wrong, blonde, fond, pond, job

/ɔː/ နှုတ်ခမ်းနှစ်ခု ထိလုနီးပါး စုကာ 'သြ' ဟု ရွတ်ဆိုရသည်။ (al, au, aw, oo, or, ou တို့၏ အသံ ဖြစ်သည်။)

saw, bought, caught, fought, sought, warm, door, floor, four, all, ball, call, fall, mall, alter, author, daughter, water, corn, horn, dawn, more, sore, fork, talk, pork, bother, border, torture

/ʊ/ ဥ/အွတ် (u, oo-၏ အသံ ဖြစ်သည်။)

foot, good, wood, book, cook, look, stood, bush, push, bull, full, pull, wool

/uː/ နှုတ်ခမ်းကို ရှေ့သို့ စုထွက်ကာ 'ဦး' ရွတ်ဆိုရသည်။ (ew, oo, ou, o-e, u-e တို့၏ အသံ ဖြစ်သည်။)

food, mood, suit, shoe, crew, flew, grew, threw, cool, fool, pool, tool, rude, boot, shoot, choose, goose, tooth, truth, youth, move, prove, blue, glue, true, abuse, accuse, amuse, confuse, refuse

/ʌ/ နှုတ်ခမ်းကို ဝိုင်း၍ ' အပ်/ အန်း' ရွတ်ရသည်။ (u, ove တို့၏ အသံ ဖြစ်သည်။)

cup, but, cut, shut, puff, stuff, mug, hug, duck, luck, suck, brush, crush, rush, above, dove, love, drum, gum, sum, fun, gun, nun, dump, lump, pump

/ɜː/ လျှာကို အာအလည်အထိ ဆွဲတင်ကာ 'အား' ဟု ရွတ်ဆိုရသည်။ (ear, ir, or, ur တို့၏ အသံ ဖြစ်သည်။)

heard, hurt, thirsty, worm, bird, word, birth, shirt, worth, burn, learn, turn, yearn, thirty, early, search

/e/ (ɛ) မေးရိုးကို အလယ်လောက်တွင်ထားကာ 'အဲ/ အဲ့' ဟု ရွတ်ဆိုရသည်။ (e-၏ အသံဖြစ်သည်။)

ten, bed, beg, bet, get, met, egg, red, leg, wet, well, fell, hell, bell, sell, men, then, when, hen, dead, lead, head, best, test, chest

/ə/ အတိုဆုံး အသံ ဖြစ်သည်။ 'အ' ဟု အသံထွက်သည်။ (a, o တို့၏ အသံဖြစ်သည်။)

about, ago, adore, ever, obey, to, today, away

/eɪ/ အေး/အေ့(ယိ) (ay, ai, a-e တို့၏ အသံဖြစ်သည်။)

say, day, gay, lay, pay, stay, sway, fail, mail, tale, fade, made, jade, bake, cake, make, take, wake, hate, date, gate, mate, game, name, same, came, tame, cave, gave, wave, grape, shape, tape, face, break

/əʊ/ အို့/အိုး (o, oa, ow, ou, o-e တို့၏ အသံဖြစ်သည်။)

go, no, photo, so, bow, know, row, slow, sow, show, boat, coat, soap, hope, alone, phone, most, vote, groan, grown, own, thrown, bold, cold, gold, hold, told, soul, goal, bowl, blow, flow, grow

/aɪ/ (ʌɪ) အိုက်/အိုင်း(ယိ) (uy, y, ight, i-e, y-e တို့၏ အသံဖြစ်သည်။)

buy, price, eye, cry, dry, shy, spy, sky, try, high, fight, light, might, night, tight, mice, nice, rice, vice, bike, hike, like, pipe, ripe, wipe, lime, time, mile, pile, smile, style, rise, wise, tide, side

/ɔɪ/ အွိုင့်/အွိုင်း (အိုးယိ) (oi, oy တို့၏ အသံဖြစ်သည်။)

boy, coy, joy, soy, toy, choice, noise, voice, boil, coil, oil, soil, joint, point, coin, join, loin, moist

/aʊ/ အောင့်/အောင်း (ဝု) (ou, ow တို့၏ အသံဖြစ်သည်။)

mouth, cow, how, now, vow, owl, howl, allow, loud, shout, town, brown, crown, bound, found, round, sound, house, louse, mouse, count, mount, powder, counter, announce

/ɪə/ အီးယ် (ear, eer, e-e, ior, eir တို့၏ အသံဖြစ်သည်။)

near, dear, fear, clear, ear, gear, hear, tear, here, weary, beer, career, deer, peer, theater, sphere, senior, junior, weir

/eə/ အဲယ် (air, are, ear, eir တို့၏ အသံဖြစ်သည်။)

hair, chair, fair, pair, heir, fare, hare, ware, share, square, bear, pear, swear, tear, wear

/ʊə/ အူးဝ် (ure, our, oor, ew, ua တို့၏ အသံဖြစ်သည်။)

pure, cure, sure, tour, your, poor, fewer, viewer, jury, actual, valuable, annual, jeweler

/aʊə/ အားဝ် hour, our, power, sour, towel, tower

## Stress သုံးမျိုး

(၁) Primary Stress - အသံပိုကျယ်, အသံပိုရှည်အောင် ဆိုရသော ဖိသံ

(၂) Secondary Stress - အသံကို ပုံမှန်ထက် အနည်းငယ် ပိုကျယ်, ပိုရှည်၍ ဆိုရသော ဖိသံ

(၃) Unstressed - မြန်မြန်ရွတ်ဆို၍ ပျောက်လုနီးပါး မထင်ရှားသော အသံ (schwa song ဟုခေါ်ကြသေးသည်။)

*သရဆုံးက Open သံ၊ ဗျည်းဆုံး Closed သံ မှတ်ကြရန်။*
*သုံးသံအထက် ဖြစ်လေက၊ stress နှစ်မျိုး ရှိတတ်ကြ။*

*နှစ်သံရှိတဲ့ နာမ်ဝိ, နာမ်၊ ရှေ့သံဖိ၍ ထွက်ကြပြန်။*
*ကြိယာမှာ နှစ်သံ ရှိ၊ နောက်အသံကို နာနာဖိ။ (ခြွင်းချက် အချို့ရှိ။)*
*ly နှင့် er ဆုံး၊ Adverb မှာ Stress ရှေ့ဆုံး။*

*ပေါင်းစပ်နာမ်မှာ ဟိုင်ဖမ်ပါ၊ ရှေ့သံဖိထွက်ရာ။*
*ဟိုက်ဖမ်မပါ ခွဲကာရေး၊ နောက်အသံကို ဖိထွက်ပေး။*

### အခြားသိမှတ်စရာများ

(၁) ဗျည်းနှင့်သရ အသံပေါင်းစပ်မှု

ဥပမာ ag, an, ap, at, ed, et, ig, ix, og, op, ug, up,

(၂) အမြန်ပေါင်းစပ်ရွတ်ရလေ့ရှိသော ဗျည်းများမှာ - l, r, t, w တို့ဖြစ်သည်။ ၎င်းတို့ကို Blend Sound-ဟုခေါ်ဆိုကြသည်။

ဥပမာ - bl, cl, cr, fl, sk, sl, st, sw, str,

(၃) အခြားဗျည်းတစ်ခုနှင့် တွဲလိုက်လျှင် အသံအသစ်တစ်ခုကို ဖန်တီးပေးသော ဗျည်းများမှာ - h, g, k, qu တို့ဖြစ်ကြသည်။ ၎င်းတို့ကို New sounds ဟုခေါ်သည်။

ဥပမာ ch, nch, ph, sh, th, wh, ng, ck, qu,

(၄) အခြားဗျည်းတစ်ခုနှင့် တွဲလိုက်လျှင် အသံထွက်စရာ မလိုတော့သော ဗျည်းများမှာ - b, n, r တို့ဖြစ်ကြသည်။ ၎င်းတို့ကို Silent sounds ဟုခေါ်သည်။

ဥပမာ - mb, kn, wr,

(၅) သံရှည်သရ y, i –

၎င်းတို့အနက် y-သည် သရသံတစ်လုံးပါသော စကားလုံးအဆုံးတွင် ရှိပါမူ "အိုင်း" ဟု အသံထွက်ရသည်။ သရနှစ်လုံးနှင့်အထက် ပါဝင်သော စကားလုံးအဆုံးတွင် ရှိမူ "အီ" ဟု အသံထွက်ရသည်။

*ဆောင် - သရတစ်လုံး y-မူ၊ (buy)သံယူ၊ သရနှစ်လုံးဆုံးကျ၊ အီ (baby)သံရ၊*
*i-ဆုံးလျှင်လည်း အီ-နဲ့ပြ။ (ski)*

(၆) r-သည် အသံကို ထိန်းချုပ်တတ်သော ဗျည်းဖြစ်သည်။ (Controlled r)

ဥပမာ - star, fern, bird, fork, surf,

(၇) e-သည် ပဉ္စလက်ပညာရှင်ကဲ့သို့ (Magic e) အပြောင်းအလဲ များသည်။ ၎င်း e-သည် စကားလုံးတစ်ခု၏ အဆုံးတွင်ရှိမူ ရှေ့မှစကားလုံး အားလျှော်စွာ အသံထွက် ပြောင်းလဲတတ်သည်။

ဥပမာ - cake, grape, kite, nine, phone, rope, flute, cube

ce နှင့် ge ဆုံးရာတွင်မူ ပုံသေအသံထွက်ရှိသည်။

ဥပမာ - face, cage

ခြွင်းချက်။ ။ glove, love, give, have

**သရငါးလုံး**

သရငါးလုံးတွင် သံတို သံရှည် နှစ်မျိုးရှိသည်။ ဤစနစ်မှာ အင်္ဂလိပ် သရကို အခြေခံ၍ အသံထွက်နည်း ဖြစ်သည်။

1) a-သည် ai, ay, ea, eigh-တွဲလျက်ရှိလျှင် သံရှည်ထွက်သည်။ a ကို အေ, အေ့, အေး စသည် ပြောင်း၍ အသံထွက်လျှင် သံရှည် ဖြစ်သည်။

ဥပမာ - rain, say, speak, eight

'အ' အသံထွက်လျှင် သံတို ဖြစ်သည်။ ဥပမာ ago, about

e, o တို့ကလည်း 'အ' ဟု အသံထွက်နိုင်သည်။ ဥပမာ ever, obey

သရနှစ်လုံးပါသော စကားလုံးများတွင် ရှေ့သရက a ဖြစ်လျှင် 'အေ, အေ့, အေး' ထွက်သည်။ ဥပမာ cake, bake, make

အသံတို a:- pan, fat, bag, map, lad, ham, back, van, sat, wag, nap, had, pam, fan, hat, sag, lap, lad, yam, hack, can, rat, lag, tap, dad, jam, lack, tan, bat, cap, sad, bam, pack, man, cat, jag, zap, bad, am, tack, ran, mat, nag, gap, mad, tam, sack, wan, pat, rag, rap, pad, tam, rack

သံရှည် a:- make, lake, fake, take, cake, bake, sake, make, rake, wake, lame, name, same, tame, came, fame, game, wage, cage, sage, pale, male, tale, sale, wale, date, mate, rate, hate, late, pane, lane, cane, Jane, pane, case, vase, maze, face, pace, may, cay,

way, day, lay, bay, say, ray, hay, nay, Jay, gay, pay, pail, mail, tail, sail, bail, jail, hail, fail, pain, nail, rail, main, pain

2) e သည် ea, ee, ey-တွဲလျက်ရှိလျှင် သံရှည်ထွက်သည်။

ဥပမာ - leaf, bee, eel, green, key, money

သံတိုဖြစ်လျှင် 'အက်' 'အန်း' သံ ထွက်ပါသည်။ get, red, ten

သံတို e:- bed, beg, bell, Ben, set, men, fed, keg, tell, pen, met, hen, Ted, leg, yell, den, bet, yen, red, egg, fell, ken, get, Zen, fed, peg, well, Jen, pet, Ren, wed, ken, yet, led, bell, ten, wet, med, egg, sell, when

သံရှည် e:- seed, feed, need, reed, weed, jeep, deep, keep, beep, weep, feet, teeth, peel, heel, feel, reel, eel, meet, bee, fee, see, deer, sea, tea, pea, meal, real, peal, heal, seal, deal, seat, neat, meat, heat, feat, beat, beak, leak, peak, weak, dear, tear, fear, pear, gear, dear, bead, leaf

3) i တွင်လည်း အသံနှစ်မျိုးရှိသည်။

(က) ie, -တွဲလျက် တစ်သံသာရှိလျှင် "အိုက်၊ အိုင်း"-သံထွက်သည်။

(ခ) အခြားဗျည်းများ၏ အလယ်တွင်ရှိမှု 'အီး' ဟု သံရှည်ထွက်သည်။

ei သည် c-၏နောက်တွင် ရှိမှု၊ igh တွဲလျက်ရှိမှု သံရှည်ထွက်သည်။

ဥပမာ (က) - pie, die, tie, alien,

ဥပမာ (ခ) - field, chief, thief, ceiling, receive, light, night

*ဆောင် - c နောက်မှ ei, အလယ်ထိုင် ie, သံထွက်တော့ e, နောက်ဆုံး i အထိုင်ရှိ၊ ထွက် 'အိ' နဲ့ 'အီး'*

သံတို i :- bid, big, bill, nip, sit, fin, tick, did, pig, hill, hip, fit, pin, kick, fid, dig, pill, tip, bit, tin, lick, hid, wig, fill, dip, lit, bin, pick, lid, fig, till, sip, pit, sin, sick, kid, rig, will, lip, hit, win, Jim, him, fix, six, rib, kit, bib, Tim, lit

သံရှည် i :- mice, rice, dice, lice, vice, nice, bite, kite, rite, site, white, mite, vine, line, pine, mine, fine, wine, line, nine, dine, time, dime, mime, bike, like, hike, file, mile, tile, wise, size, life, wife, knife, fire, bike, dike

4) o သည် oa, oe, oo, ow-တွဲလျက်ရှိမူ သံရှည်ထွက်သည်။

ဥပမာ - boat, soap, hoe, toe, door, crow, snow

ခြွင်းချက် oe - canoe, shoe

သံတို o:- dog, mop, got, mob, rod, mom, hog, top, tot, sob, sod, Tom, jog, hop, hot, Bob, pod, Non, log, cop, rot, rob, cod, son, fog, pop, pot, yob, mod, ton, mop, mom, dot, fob, nod, hot, rob, cop, cot, cob, tod, dot, job, top, lot, hob, rod, got

သံရှည် o:- lobe, robe, pope, rope, hope, cope, home, dome, Rome, come, some, home, nose, rose, dose, pose, hose, close, code, mode, node, hole, pole, mole, cone, tone, zone, rote, vote, stone, toe, doe, hoe, foe, roe, woe, road, toad, load, coat, boat, goat, cook, book, look, took, hook, zoom, loom, doom, room, boom,

cool, fool, pool, tool, pool, food, good, mood, wood, hood, coop, loop, root, tooth, boot, soon, moon, noon, goon, toon, fool, pool, root, boot

5) u-သည် ew, ue, ui, oo-တွဲသော အသံများတွင် သံရှည်ရှိသည်။

ဥပမာ - cashew, newt, screw, blue, fruit, suit, tooth, moon, pool, zoo

အခြားအသံတစ်မျိုးထွက်၍ အသံပြင်းသည့် တွဲလုံးများမှာ (Depth sounds) au, aw, ou, ow, oi, oy တို့ဖြစ်ကြသည်။

ဥပမာ - August, saw, cloud, cow, coin, toy

သံတိုထွက်သည့် ea, oo တွဲလုံး။ ဥပမာ bread, book,

သံတို u:- but, cut, jug, hum, mug, mud, hug, sum, cup, nut, rug, tub, dug, run

သံရှည် u:- tube, cube, lube, mule, rule, mute, cute, cure, pure, sure, muse, use, fuse, duke, Luke, tune, June, rude, dude, nude, nude, duke, muse

## Prefix & Suffix

### ရှေ့ဆက်ပစ္စည်းများ ဆက်လျှင် ပြောင်းလဲပုံ

၁။ a နောက်တွင် Noun, Verb, Gerund များဆက်လျှင် Adverb ဖြစ်သည်။ ahead, etc.

၂။ be နောက်တွင် Noun, Adj များဆက်လျှင် Verb ဖြစ်လာသည်။

behead etc.

၃။ be နောက်တွင် vi ဆက်လျှင် vt ဖြစ်သည်။

befall etc.

၄။ en နောက်တွင် Noun, Verb, Adj များဆက်လျှင် Verb ဖြစ်သည်။

enchain etc.

၅။ il, im, in တို့နောက်တွင် Verb ဆက်လျှင် Noun, Verb တို့ဖြစ်လာသည်။

impost etc.

၆။ well နောက်တွင် $V_3$ ဆက်လျှင် Adj ဖြစ်လာသည်။

well-known etc.

### နောက်ဆက်ပစ္စည်းများဆက်လျှင် ပြောင်းလဲပုံ

၁။ Noun နောက်တွင် အောက်ပါ ပစ္စည်းများဆက်လျှင် Adj ဖြစ်သည်။

able, ible, al, ed, en, ese, esque, hood, ial, ian, ic, ish, less, like, ly, ous, wirthy, y.

Questionable, reliable, national, etc.

၂။ Adj နောက်တွင် အောက်ပါပစ္စည်းများ ဆက်လျှင် Noun ဖြစ်သည်။

ness, ster, ity, y.

Happiness, nationality, etc.

၃။ V-နောက်တွင် အောက်ပါပစ္စည်းများ ဆက်လျှင် Adj-ဖြစ်သည်။

ful, ive, ant, ent, fic, able.

Careful, expensive, etc.

၄။ V-နောက်တွင် အောက်ပါပစ္စည်းများ ဆက်လျှင် Noun-ဖြစ်သည်။

al, ance, ant, ent, ee, er, ery, ess, ment, or, tion, sion.

Trial, utterance, etc.

၅။ Adj-နောက်တွင် အောက်ပါပစ္စည်းများ ဆက်လျှင် V-ဖြစ်သည်။ en, fy.

Widen, whiten, etc.

၆။ Noun-နောက်တွင် ify ဆက်လျှင် V-ဖြစ်သည်။

Beautify, qualify, etc.

၇။ Adj-နောက်တွင် အောက်ပါပစ္စည်းများ ဆက်လျှင် Adv-ဖြစ်သည်။

ly, wise.

Clearly, likewise, etc.

## အသံထွက်နည်း

၁။ နှစ်သံထွက်သော Verb & Adj- များတွင် အောက်ပါ ရှေ့ဆက်ပစ္စည်းများ ပါလာလျှင် ရှေ့ဆက်ပစ္စည်း၏ နောက်ကပ်လျက်တွင် အားစိုက်သံရှိသည်။

a, ad, be, bi, com, con, circum, de, dis, em, en, ex, counter, im, in, inter, intro, ir, mis, ob, out, over, per, pre, pro, re, sub, sup, un, under.

Examples: appear, advise, admit.

၂။ Noun--တစ်ခုရှေ့တွင် အောက်ပါပစ္စည်းများ ဆက်လျှင် ရှေ့ဆုံးတွင် အားစိုက်သံ ရှိသည်။

over, inter, under. Example: overcoat, interview.

၃။ အောက်ပါ ရှေ့ဆက်ပစ္စည်းတို့ကို အားစိုက်သံထွက်ပါ။

ee, eer, ese, esque, ette, ique.

Examples: employee, engineer.

၄။ အောက်ပါ နောက်ဆက်တို့ ရှေ့ကပ်လျက် သရတွင် အားစိုက်သံထွက်ပါ။

cient, eous, graphy, ial, ian, ion, ious, ic, ical, ity, ify, itive, itude, logy, tient, uous, ual.

Examples: ancient, advantageous.

၅။ အောက်ပါ ရှေ့ဆက်ပစ္စည်းတို့၏ ရှေ့တစ်သံကျော်တွင် အားစိုက်သံ ထွက်ပါ။ ate, ary, ise, ize

Examples: unfortunate, certificate

၆။ အောက်ပါ ခြွင်းချက်များကို မှတ်သားထားပါ။

ee: committee, coffee.

ic: Abrabic, Arithmetic, Catholic, Lunatic, Rhetoric, Politics.

ion: television, intersection.

ize: regularize, characterize, hospitalize, naturalize.

tary: elementary, supplementary, documentary.

၇။ Compound Noun များတွင် ရှေ့စာလုံးကို အားစိုက်သံထွက်ပါ။

Examples: fireman, type-writer, gas station, police man

၈။ နှစ်လုံးတွဲ ကြိယာများတွင် Particle ခေါ်သော နောက်ပုဒ်တွင် အားစိုက်သံ ထွက်ပါ။

Examples: pick up, turn off, drop out, put away.

၉။ Reflexive Pronoun တွင် self-ကို အားစိုက်သံ ထွက်ပါ။

Examples: myself, yourself, ourselves

၁၀။ နှစ်သံ သုံးသံ ပါသော စကားလုံးများတွင် အောက်ပါ Prefix များ ပါလာလျှင် များသောအားဖြင့် ဒုတိယ, တတိယ အသံတွင် Stress ရှိပါသည်။ (ရှေ့ဆက်ပစ္စည်းတွင် Stress မရှိ။)

be-, dis-, ex, in-, un-

## ရှေ့ဆက်ပစ္စည်းများ

a, ab, ad, aero, ambi, an, ante, anthrop, anti, arch, astr(o), audio, aut(o), be, bi, bibli(o), bio, by, cent, chron(o), co, con, contro, de, demi, di, dia, dis, electro, ego, em, en, equi, eu, ex, extra, fore, hemi, homo, hyper, hypo, il, im, in, ir, inter, intro, mal, male, mono, non, ob, oc, of, pen, per, pel, post, pre, preter, pro, por, pur, re, retro, se(d), semi, sine, sub (c, f, g, m, p, r, s), subter, super, syl, sym, syn, sy, trans, tra, tres, vice.

Examples: ahead, abnormal, adjoin.

## နောက်ဆက် ပစ္စည်းများ

Noun တွင်ပါလေ့ရှိသော နောက်ဆက်များ - age, ain, an, ance, ar, ary, ate, cel, dom, el, en, et, ette, cule, cy, ee, en, ence, er, eer, ery, eur, ey, head, hood, ice, ie, ier, ion, ise, kin, le, ledge, let, ling, lock, ment, mony, ness, ock, on, or, our, red, sel, ship, ster, ter, th, ther, tude, ty, ule, ure, y, yer.

Examples: marriage, allowance, alternate, freedom.

Adjective တွင်ပါလေ့ရှိသော နောက်ဆက်များ - able, al, an, ane, ar, ary, ate, ble, ed, en, esque, ful, ible, id, ile, ine, ish, ive, lent, less, ly, ose, ous, some, ward, y.

Examples: allowable, national, careful.

Verb တွင်ပါလေ့ရှိသော နောက်ဆက်များ - ate, en, esce, fy, ish, se, er.

Examples: alternate, widen, sharpen.

Adverb တွင်ပါလေ့ရှိသော နောက်ဆက်များ - ly, long, ward, wards, way, ways, wise.

Examples: carefully, forward, clockwise.

**Irregular Verb ပုံမမှန်ကြိယာ**

| | | | |
|---|---|---|---|
| abide | abode, abided | abode, abided | နေထိုင်သည် |
| arise | arose | arisen | ထ၊ တက်သည် |
| awake | awoke | awoken | နိုးသည်၊ နှိုးသည် |
| bear | bore | borne/born | သီးပွင့်၊ မွေးဖွားသည် |
| beat | beat | beaten | ထုရိုက်သည် |
| become | became | become | ဖြစ်လာသည် |
| befall | befell | befallen | ဖြစ်ပျက်ကြုံတွေ့သည် |
| begin | began | begun | စတင်သည် |
| bend | bent | bent | ကွေးညွတ်သည် |
| beseech | besought | besought | တောင်းဆိုသည် |
| bet | bet | bet | လောင်းတမ်းလုပ်သည် |
| bid | bid | bid | ကမ်းလှမ်းသည် |
| bind | bound | bound | စည်းနှောင်သည် |
| bite | bit | bitten | ကိုက်သည် |
| bleed | bled | bled | သွေးထွက်သည် |
| blow | blew | blown | မှုတ်သည်၊တိုက်သည် |
| break | broke | broken | ချိုးဖျက်ခွဲဖွဲ့သည် |
| breed | bred | bred | မျိုးပွားယူသည် |
| bring | brought | brought | ယူလာသည် |
| cast | cast | cast | ပုံသွင်းသည်၊လူရွေးသည် |

| | | | |
|---|---|---|---|
| catch | caught | caught | ဖမ်းမိသည် |
| build | built | built | တည်ဆောက်သည် |
| burn | burnt | burnt | လောင်သည် |
| burst | burst | burst | ပေါက်ကွဲသည် |
| buy | bought | bought | ဝယ်ယူသည် |
| choose | chose | chosen | ရွေးချယ်သည် |
| cling | clang | clung | တွယ်ကပ်သည် |
| come | came | come | လာသည် |
| cost | cost | cost | ကုန်ကျသည် |
| creep | crept | crept | တွားသွားသည် |
| cut | cut | cut | ဖြတ်သည် |
| deal | dealt | dealt | ဆက်ဆံသည် |
| dig | dug | dug | တူးသည် |
| dive | dove, dived | dived | ဒိုင်ဗင်ထိုးသည် |
| draw | drew | drawn | ရေးဆွဲသည် |
| dream | dreamt | dreamt | အိပ်မက်မက်သည် |
| drink | drank | drunk | သောက်သည် |
| drive | drove | driven | မောင်းနှင်သည် |
| dwell | dwelt | dwelt | နေထိုင်သည် |
| eat | ate | eaten | စားသည် |
| fall | fell | fallen | လဲကျသည် |
| feed | fed | fed | ကျွေးမွေးသည် |
| feel | felt | felt | ခံစားသည် |
| fight | fought | fought | တိုက်ခိုက်သည် |
| find | found | found | ရှာတွေ့သည် |

| | | | |
|---|---|---|---|
| fit | fit | fit | သင့်တော်သည် |
| flee | fled | fled | ထွက်ပြေးသည် |
| fling | flung | flung | ပစ်ပေါက်သည် |
| fly | flew | flown | ပျံသန်းသည် |
| forbid | forbade | forbidden | တားမြစ်သည် |
| freeze | froze | frozen | အေးခဲသည် |
| get | got | got, gotten | ရသည် |
| give | gave | given | ပေးသည် |
| go | went | gone | သွားသည် |
| grind | ground | ground | ကြိတ်ချေသည် |
| grow | grew | grown | စိုက်ပေါက်ကြီးပွားသ် |
| hang | hung | hung | ချိတ်ဆွဲသည် |
| hear | heard | heard | ကြားသည် |
| hide | hid | hidden | ပုန်းကွယ်သည် |
| hit | hit | hit | ရိုက်သည်၊ထိမှန်သည် |
| hold | held | held | ကိုင်ထား၊ကျင်းပသည် |
| hurt | hurt | hurt | နာကျင်စေသည် |
| keep | kept | kept | သိမ်းဆည်းသည် |
| kneel | knelt | knelt | ဒူးထောက်သည် |
| know | knew | known | သိသည် |
| lay | laid | laid | ချထား၊ဥဥသည် |
| lead | led | led | ဦးဆောင်သည် |
| lean | leant | leant | မှီသည် |
| leap | leapt | leapt | ခုန်သည် |
| learn | learnt | learnt | လေ့လာသည် |

| | | | |
|---|---|---|---|
| leave | left | left | ချန်ထား၊ထွက်ခွါသည် |
| lend | lent | lent | ချေးငှားပေးသည် |
| let | let | let | စေသည် |
| lie | lay | lain | လိမ်ညာသည် |
| light | lit | lit | မီးညှိသည် |
| lose | lost | lost | ကုန်၊ဆုံး၊ ပျက်သည် |
| make | made | made | ပြုလုပ်သည် |
| mean | meant | meant | ဆိုလိုသည် |
| meet | met | met | တွေ့ဆုံသည် |
| mow | mowed | mown | မြက်ရိတ်၊ ဖြတ်သည် |
| pay | paid | paid | ပေးသည် |
| prove | proved | proven | သက်သေပြသည် |
| put | put | put | ထားသည် |
| quit | quit, quitted | quit, quitted | ထွက်သည်၊ဖြတ်သည် |
| read | read | read | စာကြည့်သည် |
| rid | rid | rid | ဖယ်ရှား-ပ-ထုတ်သည် |
| ride | rode | ridden | တက်-ခွစီးသည် |
| ring | rang | rung | ခေါင်းလောင်းထိုး/ ဖုန်းမြည် |
| rise | rose | risen | တက်၊မြင့်၊သန်၊တိုးသ် |
| run | ran | run | ပြေးသည် |
| saw | sawed | sawn | လွှတိုက်သည် |
| say | said | said | ပြောသည် |
| see | saw | seen | မြင်သည် |
| seek | sought | sought | ရှာဖွေသည် |

| | | | |
|---|---|---|---|
| sell | sold | sold | ရောင်းသည် |
| send | sent | sent | ပို့သည် |
| set | set | set | ထားသည် |
| sew | sewed | sewn | ချုပ်သည် |
| shake | shook | shaken | လှုပ်သည် |
| shear | sheared | shorn | သိုးမွေးညှပ်သည် |
| shed | shed | shed | လျော့၊ချ၊ချွတ်၊ခါချသျ် |
| shine | shone | shone | တောက်ပသည် |
| shoe | shod | shod | (မြင်း)သံခွါရိုက်သည် |
| shoot | shot | shot, shotten | ပစ်ခတ်၊ရုပ်ရှင်ရိုက်သျ် |
| show | showed | shown | ပြသသည် |
| shrink | shrank | shrunk | ရှုံ့တွသည် |
| shut | shut | shut | ပိတ်သည် |
| sing | sang | sung | သီဆိုသည် |
| sink | sank | sunk | နစ်မြုပ်သည် |
| sit | sat | sat | ထိုင်သည် |
| slay | slew | slain | သားသတ်သည် |
| sleep | slept | slept | အိပ်သည် |
| slide | slid | slid | လျောတိုက်သည် |
| sling | slung | slung | ပစ်ပေါက်၊ချိတ်ဆွဲသျ် |
| slink | slunk | slunk | ကုပ်ချောင်း၂ သွားသျ် |
| slit | slit | slit | လှီး၊ခွဲသည် |
| smell | smelt | smelt | အနံ့နံသည် |
| sneak | sneaked,<br>snuck | sneaked,<br>snuck | ခိုးကြောင်ခိုးဝှက်<br>သွား၊လာ၊လုပ်၊ယူသျ် |

| | | | |
|---|---|---|---|
| sow | sowed | sown | ပျိုးကြဲသည် |
| speak | spoke | spoken | စကားပြောသည် |
| speed | sped | sped | အဟုန်မြှင့်၊ပြေးသည် |
| spell | spelt | spelt | စာလုံးပေါင်းသည် |
| spend | spent | spent | သုံးဖြုန်းသည် |
| spill | spilt | spilt | ဖိတ်စင်သည် |
| spin | spun | spun | ချည်ငင်သည် |
| spit | spat | spat | တံတွေးထွေးသည် |
| split | split | split | အရှည်လိုက်ခွဲသည် |
| spoil | spoilt | spoilt | ပျက်စီး၊ညှို့ဖျင်းစေသ် |
| spread | spread | spread | ပျံ့နှံ့သည် |
| spring | sprang | sprung | ဖြတ်ခနဲ ခုန်သည် |
| stand | stood | stood | မတ်တပ်ရပ်သည် |
| steal | stole | stolen | ခိုးယူသည် |
| stick | stuck | stuck | တွယ်ကပ်သည် |
| sting | stung | stung | တုပ်သည်၊ ထိုးသည် |
| stink | stank | stunk | အပုပ်နံ့နံသည် |
| stride | strode | strode | ခြေလှမ်းကျဲ၂လျှောက် |
| strike | struck | struck | ရိုက်သည်၊ထိမှန်သည် |
| string | strung | strung | ကြိုးသီသည် |
| strive | strove | striven | ကြိုးပမ်းသည် |
| swear | swore | sworn | ကြိမ်ဆိုသည် |
| sweep | swept | swept | တံမျက်လှည်းသည် |
| swell | swelled | swollen | ဖောယောင်သည် |
| swim | swam | swum | ရေကူးသည် |

| | | | |
|---|---|---|---|
| swing | swung | swung | တလွဲလွဲခတ်သည် |
| take | took | taken | ယူသည် |
| teach | taught | taught | သင်ကြားသည် |
| tear | tore | torn | ဆုတ်ဖြဲသည် |
| tell | told | told | ပြောပြသည် |
| think | thought | thought | တွေးထင်သည် |
| thrive | throve | throve | ရှင်သန်သည် |
| throw | threw | thrown | ပစ်လွှတ်သည် |
| trust | trust | trust | ယုံကြည်သည် |
| tread | trod | trodden | တက်နင်း၊လျှောက်သည် |
| wear | wore | worn | ဝတ်ဆင်သည် |
| weave | wove | woven | ယက်လုပ်သည် |
| weep | wept | wept | ငိုကြွေးသည် |
| wet | wet | wet | စွတ်စိုသည် |
| win | won | won | အောင်မြင်သည် |
| wind | wound | wound | ရစ်ပတ်သည် |
| wring | wrung | wrung | ရေညှစ်သည် |
| write | wrote | written | ရေးသားသည် |

ရှေ့ဆက်ပစ္စည်းဖြင့် အဓိပ္ပါယ် တစ်မျိုးထွက်သော စကားလုံး များကို မူလစကားလုံးတွင် ပြောင်းလဲ သိရှိနိုင်ပါသည်။

အောက်ပါ ရှေ့ဆက်ပစ္စည်းများတွင် ရှာဖွေ ကြည့်ရှုပါ။

be, broad, cross, fore, for, gain, ham, in, lip, mis, out, over, par, pre, re, un, under, up, way, with.

ပုဒ်စုကြိယာ (Phrasal Verb) များတွင်လည်း နည်းတူသာ မှတ်ကြပါလေ။

## နိဂုံးစကား

ဖော်ပြခဲ့သော နည်းစနစ်များကို 'ငါတို့ သိစရာ မလိုသေး' ဟု ထင်မြင်လျှင် ချန်ထားခဲ့ပါ။ သို့သော် တနေ့နေ့တွင် သိဖို့ လိုအပ်လာပါလိမ့်မည်။

ဖော်ပြခဲ့သော နည်းစနစ်များကို 'ငါတို့ သိပြီးသား' ဟု ထင်မြင်လျှင် ချန်ထားခဲ့ပါ။ သို့သော် အသေအချာ သိမသိကို ပြန်လည် ဆန်းစစ်ဖို့ လိုအပ်ပါလိမ့်မည်။

ဖော်ပြခဲ့သော နည်းစနစ်များကို ဖတ်၍ 'သဒ္ဒါနည်းတွေ ဒီလောက် အများကြီး သိဖို့ မလိုဘူး' ဟု ထင်မြင်လျှင် ချန်ထားခဲ့ပါ။ သို့သော် အင်္ဂလိပ်စာ ဝမ်းစာ မပြည့်စုံသေးသမျှ သည်ထက် မက သိစရာ တပုံတပင် ရှိနေသေးသည်ကို အချိန်က စကားပြောလာပါလိမ့်မည်။

ဖော်ပြခဲ့သော နည်းစနစ်များကို 'ပြည့်စုံပြီ' ဟု မဆိုလိုပါ။ သို့သော် တွေ့နေကျဖြစ်၍ ယဉ်ပါးနေသော စာမေးပွဲ ဆိုင်ရာ စာအုပ်များထက် ပို၍ အချက်အလက် စုံလင်ကြောင်းကို တွေ့ရပါလိမ့်မည်။

ဖော်ပြခဲ့သော နည်းစနစ်များကို သိသည်နှင့် 'အင်္ဂလိပ်စာ တတ်ပြီ' ဟု မဆိုလိုပါ။ သဒ္ဒါသည် စာဖတ်ဖို့ စာတတ်ဖို့ လက်နက်တစ်ခုထက် မပိုသည်ကို သိစေလိုပါသည်။ သဒ္ဒါနှံ့နှစ်၍ အဖြစ်မရှိလျှင် အင်္ဂလိပ်ပုံပြင်များကို ဖတ်ခြင်းဖြင့် လေ့လာသည့် အမူအကျင့်ကို ပြင်ပါ။

ဖော်ပြခဲ့သော နည်းစနစ်များကို အစွဲမကြီးစေလိုပါ။ ပို၍ ကောင်းသော ပို၍ သေချာသော ပို၍ လွယ်ကူသော ပို၍ စုံလင်သော နည်းစနစ် ရှိလျှင် လက်ခံ ကျင့်သုံးစေလိုပါသည်။ ကမ္ဘာပေါ်တွင် ပြည့်စုံသော သဒ္ဒါစာအုပ် မရှိသေးပါ။

လိုရာပန်းတိုင် လှမ်းနိုင်ကြပါစေ။

အရှင်ကောဝိဒ (ဆိပ်ဖြူ)

12. March. 2022